www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၈၇၀၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၈၈၀၂၁၀
၂၀၁၀ ခုနှစ် မတ်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-) ကျပ်

◈ ထုတ်ဝေသူ
ဦးသစ်လွင်၊ ဂန္ဓာဝါပြင်စာပေ (မြဲ-၀၉၄၈)၊ အမှတ် ၁၁၃ ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

◈ မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိုး (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်၊ အမှတ် (၁၇၁)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

◈ အတွင်းပုံနှိပ်
ဦးကျော်ရင် (၀၅၄၁၇)၊ ရွှေဖြူသော်ပုံနှိပ်တိုက်၊ အမှတ်(၁၂)၊ သရဖီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်။

◈ ပြည်လုံးကျွတ်ဖြန့်ချီရေး

◈ ရုံရှင်အောင်စာပေ
အမှတ်(၄၉)၊ မှန်ရုပ်ဝေလမ်း၊ ဆရာစံမြောက် အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၀၉၅၅ - ၀၃
ဆော်ကာကျိ
ပန်းသစ်ပွင့်၏ လိပ်ပြာစေ့ငြာသံ / ဆော်ကာကျိ - ရန်ကုန်
ဂန္ဓာဝါပြင်စာပေ ၊ ၂၀၁၀ ။
၁၃၀ - စာ ၊ ၁၃၀ x ၂၁၇ စင်တီ။
(၁) ပန်းသစ်ပွင့်၏ လိပ်ပြာစေ့ငြာသံ

BURMESE CLASSIC .com

## ပါဝင်သောအခန်းများ

အပိုင်း (၁)
၁။ လေပြာမလေးတဲ့မိန်းကလေး
၂။ အပေလာင်းတောင်လေ
၃။ ဝိညာဉ်လား အိပ်မက်လေလား
၄။ ကလေးမှင်စာ တစ်ရွှေ
၅။ ဝိညာဉ်ခြောက်တဲ့ညများ

အပိုင်း (၂)
၆။ သိသသယ ညအိပ်
၇။ ကြိုဟိုဝင်တဲ့ ပဉ္စမဧည့်
၈။ မှန်းတိုးခြင်းခွဲစွန့်ပယ်ခြင်း၊
၉။ အရိပ်မဲ့ပန်းတစ်ပွင့်
၁၀။ အနှိပ်စက် အယယ်ခံ
၁၁။ အတိုက်ခိုက်ခံယာရီ

www.burmeseclassic.com

www.burmeseclassic.com

၁၂။ သံယောဇဉ် ပန်းနုရောင်
၁၃။ ရှာလည်တဲ့ အရှုံးမကြီး
၁၄။ ထူးဆန်းတဲ့အလောင်း
၁၅။ အနာဂတ်ပြိုကွဲခြင်း
၁၆။ ကံဆိုးမလေး
၁၇။ သုသာန်ထဲက ရသေ့မကြီး
၁၈။ အတိတ်မျက်ရည်များ
၁၉။ သုသာန်ကုန်းက မကောင်းဆိုးဝါး
၂၀။ သံသယအမှားရဲ့ဒဏ်
၂၁။ နာကြည်းခြင်းအဆိပ်

အပိုင်း (၃)

၂၂။ မပီဝိုးတဝါးဥပါဒါန်

BURMESE CLASSIC .com

အပိုင်း (၁)

## ဈေခမပေးတဲ့ မိန်းကလေး

အမှောင်က မြစ်ရိုးတစ်လျှောက် လွှမ်းခြုံစပြုလာပေပြီဖြစ်သည်။ မြစ်ရေပြင်တစ်ခုလုံး အမှောင်ဝတ်ရုံလွှာကြီးက လွှမ်းခြုံထားပါသော်လည်း ငွေရောင်လှိုင်းကြက်ခွပ်လေးများက ညင်သာစွာ ကမ်းကိုရိုက်ပုတ်နေလေသည်။

သိပ်မကြာခင်မှာပင် မြစ်အနောက်ဘက်ဆီမှ နေလုံးသည် အနောက် ဝေါယာကျွန်းသို့ ငုပ်လျှိုးသွားသဖြင့် အမှောင်ဝိုးတဝါးလေးထဲ၌ ကြယ်ပွင့် ကြယ်စများ မထွက်ပေါ်လာကြသေးချေ။

ထို့ကြောင့်လည်း မြစ်ကမ်းစပ်တစ်ပိုက် လှေဆိပ်အနီး၌ မှောင်ရီဝိုးတဝါးလေး သန်းနေဆဲပင်ရှိပေသေး၏။ မြစ်ပြင်၌ ပင်လယ်ဘက်ဆီကနေ ပြန်လာကြသော ငါးလှေသမ္ဗာန်များကိုမူ တစ်စီးစ နှစ်စီးစမြင်တွေ့နေရ၏။ ယင်း ငါးသမ္ဗာန်လှေများဆီမှ ရံဖန်အသံကွဲကြီးများဖြင့် "အိုတံငါ လှေနာဝါစီးပါလို့" ဟူသော သီချင်းတစ်ပိုင်းတစ်စကလည်း ပျံ့လွင့်လာလေ၏။

ဒိုရှင်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လှေဆိပ်တစ်ခုလုံး တဖြည်းဖြည်း အမှောင်ဝတ်ရုံက ထူထဲစွာ လွှမ်းခြုံလာသည်။ ဦးကောင်းသာသည် လက်တွင်းရှိ မီးသေနေပြီဖြစ်သော ဖက်ဖြူဆေးပေါ့လိပ်တိုကြီးအား ပုဆိုးခါးပုံစကြွင်းက ကြေးဝါမီးခြစ်ကြီးအား ခမ်းနိုက်ရှာဖွေကာ မီးတို့လိုက်လေ၏။ ဖက်ဖြူဆေးပေါ့လိပ်မီးအား သုံးလေးဖွာခန့် ရဲခနဲ ရဲခနဲ မီးညှိဖွာရှိုက်လိုက်မိမှပင် စောစောက မြစ်ပြင်အား ငေးမောလျှက် ခံတွင်းချဉ်နေသည့်စိတ်က ပြေပျောက်သွားလေသည်။ လှေဆိပ်၌ သူ၏လှေတစ်စင်းထဲသာရှိလေသည်။ ကျန်သော လှေသမားပိုက်ထွေးနှင့်မောင်ပုလုံးတို့လည်း နေညိုကတည်းက ပင် လေပြိုလာ၍ လှေသိမ်း၍ အိမ်ပြန်သွားကြလေပြီ။ သူတို့တစ်တွေသည် မည်သည့်အခါမှ မိုးချုပ်အောင် သမ္မာန်မဆွဲချေ။

ဦးကောင်းသာကမူ လှေဆိပ်ဖြင့်အိမ်ကလည်း သိပ်မဝေးသလို ညဦးပိုင်း၌ တစ်ခါတရံ တစ်ဘက်ကမ်းသို့ အရေးပေါ်သွားလာတက်သူများရှိသလို သမ္မာန်ခတ်တာလည်း မိုးချုပ်၍ တနင့်တပိုးရတက်၍ များသောအားဖြင့် အတော်လေးညဉ့်နက်မှပင် လှေသိမ်းတတ်လေသည်။ သူတို့လို ကျောမွဲနှင်းပြားသမ္မာန်ခတ်သမားတစ်ယောက်အဖို့ ဝီရိယသည်သာ မကုန်မခမ်းနိုင်သည့် ထမင်းအိုးကြီး မဟုတ်ပါလား။

ဦးကောင်းသာ ဖက်ဖြူဆေးလိပ်အား ရဲခနဲနေအောင် ဖွာလိုက်ပြန်၏။ ဆေးလိပ်သောက်ရင်းမှ ရွာထိပ်စပ်ကူးတို့ဆိပ် လှေရုံလေးထဲကနေ တာလမ်းရိုးပေါ်သို့ တစ်ချက်လှမ်းကြည့်မိလိုက်သည်။

ထိတ်ခနဲ သူ့စိတ်တွေ လှုပ်ရှားသွားရလေသည်။ မည်သည့်အတွက်ကြောင့်ဆိုသော် သူ၏အကြည့်တူရူရှေ့တည့်တည့် တာရိုးကုန်းပေါ်ကနေ ဖိုးတဝါးထွက်ပြူစပြူလာပြီဖြစ်သော ကြယ်ရောင်အလင်းအောက်မှာ ခပ်သုတ်သုတ်လျှောက်လှမ်းလာသည့် အရိပ်သဏ္ဌာန်တစ်ခုအား မြင်တွေ့လိုက်ရခြင်းကြောင့်ပင်တည်း။





ယခုအချိန်မျိုး၌ တစ်ခုတည်းသော လှေကူးတို့ဆိပ်ရှိရာသို့ တာရိုးလမ်းအတိုင်း လျှောက်လှမ်းလာသူသည် မြို့ဘက်ကမ်းသို့ကူးရန် ရွာတစ်ရွာမှခရီးသည်ကလွဲ၍ မည်သူမျှမဖြစ်နိုင်ဟု အတွေ့အကြုံအရ ဦးကောင်းသာ သိနှင့်ပြီးဖြစ်သည်။

ဦးကောင်းသာတို့ရွာမှာ မြစ်ကမ်းနဘေး၌တည်ရှိသော ချောင်းဦးရွာဖြစ်ပြီး တခြားလေးငါးခြောက်ရွာမက ရွာဆက်များတည်ရှိနေသေး၏။ ယင်းရွာဆက်များကံမှ ပင်လယ်ဘက်သို့ တစ်စစ နီးသွားသောရွာများဖြစ်လေသည်။ ချောင်းဦးရွာဖြင့် နီးသောရွာများကမူ တစ်ဘက်ကမ်းမြို့ဘက်သို့ ကူးချင်လျှင် ဤကူးတို့ဆိပ်တို့သာ အားကိုးရလေသည်။

ရွာကူးတို့ဆိပ်လေးမှာလည်း ခနော်နီ ခနော်နဲ့ တည်ဆောက်ထားခြင်းဖြစ်ပြီး ပိုက်ထွေးတို့ ပုလုံးတို့ကမူ ရံဖန်မှသာ ကူးတို့လှေအငှားခတ်ကြပြီး ဦးကောင်းသာကမူ အမြဲတစေ ပင်တိုင်တစ်ဦးတည်းသော ကူးတို့သမားဖြစ်သည်။ ပြီးတော့ ဦးကောင်းသာသည် မယားမရှိ သားမရှိတစ်ကိုယ်တည်းနေထိုင်သူဖြစ်ပြီး လှေဆိပ်အနီးမှာပင် တဲတစ်လုံးဆောက်ကာ နေထိုင်သည်။ သူ၏တဲမှာ ရွာစွန်၌ရှိသည်။ ကူးတို့သမ္မာန်ကိုမူ နေ့ရော ညပါ ခတ်လေသည်။

မည်သည့်အလုပ်အကိုင်ကိုမျှလည်း အသက်အရွယ်အရ မလုပ်ကိုင်နိုင်တော့သဖြင့် ကူးတို့ခတ်ရသမျှ ငွေကြေးကလေးဖြင့် သူ၏သမုဒ္ဒရာဝမ်းတစ်ထွာသည် ဖူလုံလေသည်။ ယင်းအပြင် ယခုလို ညဉ့်နက်သန်းခေါင်သန်းလွဲအချိန်အခါမရှိ မြို့ဘက်ကမ်းသို့ လိုက်လံပို့ပေးရလျှင် ငွေကြေးမျိုးမျိုးမြတ်မြတ် ရရှိသေးသည်။

ထို့ကြောင့်လည်း၊ အချိန်မဲ့ အခါမဲ့မည်သူမဆို မြို့ဘက်ကမ်းသို့ ကူးလိုပါလျှင် ဦးကောင်းသာကိုသာ အားကိုးရလေသည်။

ဦးကောင်းသာသည် မလှမ်းမကမ်းသို့ရောက်ရှိလာသည့် မည်း



www.burmeseclassic.com

www.burmeseclassic.com



မည်းအရိပ်သဏ္ဍာန်အား ထပ်မံ၍လှမ်းကြည့်လိုက်သောအခါ လေထဲလွင့်လျားနေသည့် ဆံပင်ဖားလျားကြောင့် မိန်းကလေးတစ်ဦးမှန်းသိလိုက်ရလေ၏။

အမှတ်မထင် စိတ်ကလှုပ်ရှားသွားမိသည်။

ဦးကောင်းသာသည် တစ္ဆေသရဲဝိညာဉ်ပရလောကသားများအားကြောက်လန့်တတ်သူမဟုတ်၊ အချိန်ကလည်း ညကိုးနာရီပင် ကျော်နေလေသည်။

မြို့သို့ ညရေးညတာခရီးသွားသည့်သူတွေမှာ များသောအားဖြင့် ယောက်ျားများပင်ဖြစ်သည်။

အမျိုးသမီးများဆိုလျှင် အဖော်ပါလာတတ်ကြ၏။

ယခုမူ မိန်းကလေးမှာ တစ်ယောက်တည်းဖြစ်သလို အဖော်လည်း ပါလာပုံမရ။

လှေဆိပ်နားသို့ရောက်လာသောအခါ မိန်းကလေးမှာ ရုပ်ရည်အတော်အတန်လှပ၍ ငယ်ရွယ်ချောမောသူမှန်း သိလိုက်ရလေသည်။

မိန်းကလေးသည် လှေရုံအတွင်းထိုင်နေသော ဦးကောင်းသာကို မြင်တွေ့သွားသောအခါ ခပ်သွက်သွက်ခြေလှမ်းဖြင့် တဲလေးထဲသို့ ဝင်လာပြီး ...

''ဦးကြီး ... ဦးကြီးက ကူတို့သမားလား''

''အေး ... ဟုတ်တယ်၊ ဘာလဲ မိန်းကလေး ဟိုဘက်ကမ်း သွားမလို့လား ...ညဥ့်တောင် အတော်နက်နေပြီ''

ဦးကောင်းသာက စာနာစိတ်ဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ မိန်းကလေး၏ အဝတ်အစားတို့မှာ သစ်လွင်တောက်ပခြင်းမရှိချေ။

''ဟုတ် ... ဟုတ်ပါတယ်ရှင့် ... ကျွန်မ မြို့ကိုအရေးတကြီး သွားမှာမို့ပါ''





''ကဲ ... ကဲ ... ဒါဆိုလည်း လှေပေါ်တက်''

ဦးကောင်းသာ၏စကားကြောင့် မိန်းကလေးသည် လှေဝမ်းတွင်းသို့ ခပ်သွက်သွက်ဆင်းသွားသဖြင့် ဦးကောင်းသာလည်း နောက်မှ တစ်ခါတည်း ဆင်းလိုက်ခဲ့သည်။

မိန်းကလေးက ဤမျှ စိတ်လောနေပုံထောက်လျှင် မြို့ဘက်ကမ်းသို့ ကူးရမည့်ကိစ္စက အတော်အရေးကြီးနေမှန်း အတွေ့အကြုံအရ ဦးကောင်းသာ နားလည်လိုက်သည်။ လှေဝမ်းထဲသို့ ဦးကောင်းသာ ရောက်သောအခါ လှော်တက်အား ကိုင်လိုက်၏။

မိန်းကလေးသည် လှေဦးအား ကျောပေးလျက် အနောက်ဘက်မျက်နှာမူ ထိုင်နေသောကြောင့် ဦးကောင်းသာနှင့် မျက်နှာချင်းဆိုင်အနေအထားဖြစ်၏။

ဦးကောင်းသာ လှေကို လှော်ထွက်လိုက်သည်။

လှေသည် ကူးတို့ဆိပ်ကမ်းကနေ ငြိမ့်ခနဲခွာသွား၏။ မြစ်ရေမှာ လှိုင်းလှေမရှိသောကြောင့် ငြိမ်သက်နေသည်။ ညဥ့်နက်လေအေးအေးလေကလည်း တိုက်ခတ်နေရာ မိန်းကလေးမှာ သူနှင့် မျက်နှာချင်းဆိုင်ထိုင်နေသောကြောင့် မျက်နှာအား ကြယ်ရောင်အောက်၌ ထင်ရှားစွာတွေ့မြင်နေရသည်။

ရုပ်ရည်အတော်အသင့်ချောမောသော်လည်း ကြယ်ရောင်အောက်မှာပင် ညှိုးနွမ်းအားငယ်နေပုံရသော မျက်နှာကိုမြင်တွေ့နေလေသည်။

ဦးကောင်းသာသည် လှေကိုပဲ့ထိန်းလျက် ကျွမ်းကျင်စွာ လှော်ခတ်နေရင်းမှ ...

''ဒါထက် မိန်းကလေးက ဘယ်ရွာကလဲကွယ့်''

''ကျွန် ... ကျွန်မ ဟိုဘက်လမုကုန်းရွာကပါရှင်''

''လမုကုန်းရွာ ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့"

မိန်းကလေးက ညှိုးလျော့သော လေသံလေးဖြင့် တိုးညင်းစွာ ဖြေသည်။ ဦးကောင်းသာ လမုကုန်းရွာကို မကြားဘူးပါ။ ပင်လယ်ဘက်က များလားဟု တွေးလိုက်မိ၏။

"မင်းနေတာ လမုကုန်းရွာ ဟုတ်လား ... ဦးကြီး ဒီမှာနေတာ ကြာပြီ၊ မိန်းကလေးပြောတဲ့ လမုကုန်းရွာကို မကြားဖူးဘူး"

"လမုကုန်းရွာက ဒီချောင်းဦးရဲ့ သုံးလေးရွာခြားမှာရှိပါတယ်၊ ရှင်းအောင်ပြောရရင် ကျွန်မ ညီမလေးသေတယ်ကြားလို့ ကျွန်မလာကြည့်တာ ... အခုတော့ အချိန်နောက်ကျလို့ ဦးကြီး ကူးတို့လှေကို ငှားစီးရတယ်"

"ဟင် ... "

ဦးကောင်းသာ စိတ်ထဲ ဖဝေဖဝါဖြစ်သွားသလို အံ့ဩသွားမိ၏။ ညီမသေလို့ အဖော်မပါ တစ်ယောက်တည်း မြို့ဘက်ကမ်းကူးလောက်အောင် ဘာပြဿနာများရှိနေလဲဟု စိတ်ထဲ၌လည်း သိချင်လာမိသည်။

မိန်းကလေးရဲ့ ညီမက ဘယ်လိုသေတာလဲကွယ့်"

"သူ့ယောက်ျား အရက်သမား ဘထွားနှိပ်စက်လို့သေတာ ကံဆိုးရှာပါတယ်"

ပြောရင်း မျက်ရည်များစီးကျလို့လာလေသည်။ မျက်နှာမှာလည်း ညီမဖြစ်သူအတွက် ယူကြုံးမရ ဖြစ်နေပုံလည်းရ၏။ မိန်းကလေး စိတ်မကောင်းဖြစ်မည်စိုး၍ ထပ်မမေးတော့ဘဲနေရာ မကြာခင်မှာပဲ တစ်ဘက်ကမ်းသို့ ရောက်လာသည်။

ဦးကောင်းသာ လှေဦး တိုးကပ်မိသည်နှင့် ...

"ကျေးဇူးတင်ပါတယ် ဦးကြီးရယ်"

မိန်းမပျိုလေးက ဦးကောင်းသာကို နှုတ်ဆက်လျက် ကမ်းပေါ်သို့





လှမ်းတက်သွားတော့သည်။ ဦးကောင်းသာလည်း လှေဦးကို ပြန်လှည့်လာရင်း နှာခေါင်းဝ၌ ပုပ်အက်အက်အနံ့ကိုရသဖြင့် ...

"ဘယ်က အပုပ်နံ့ကြီးပါလိမ့် ... ငါ့စိတ်ထဲထင်တာများလား"

တွေးမိပြီး လှေကို ကူးတို့လှေများ လှေဆိပ်သို့ ရောက်အောင်သာ ကြိုးလှော်ခတ်နေမိသည်။

တစ်ခါတရံ မြစ်ချောင်းထဲ တိရစ္ဆာန်အကောင်ပုပ်များ မျောသာပါက ဤသို့ကြုံရတတ်လေသည်။ သို့သော် ယခုရသည့် အပုပ်နံ့ကြီးကမူ ဆိုးရွားလွန်းလှသည်။ တော်တော်ဖြင့် နှာခေါင်းဝကနေ မပြယ်ချေ။

ဦးကောင်းသာ အတွေးစကိုဖြတ်လိုက်ပြီး ကူးတို့လှေများ လှေဆိပ်သို့ရောက်အောင်သာ ကြိုးလှော်ခတ်နေမိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အဟောင်းတင်ချ

အလင်းရောင်က အရုဏ်ဦးမို့ မပြူးတပြူလေး လင်းလက်စရှိသေးသည်။ ကူးတို့ဆိပ်လေး ပတ်ဝန်းကျင်တစ်ခုလုံး အချို့နေရာများပင် အမှောင်ရိပ်တို့ မလွင့်ပြယ်သေးပါချေ။

"ဗျို့ ... ဦးကြီးကောင်းသာ ... ဦးကြီးကောင်းသာ"

"ဟေ့ ... ဘယ်သူတုန်းကွ ... စောစောစီးစီး"

တဲရှေ့ကနေ ကျယ်လောင်စွာခေါ်လိုက်သောအသံကြောင့် နဂိုထဲက အအိပ်ဆတ်သူ ဦးကောင်းသာ ဖျတ်ခနဲနိုးသွား၏။ တဆက်တည်း အရှေ့မှလာခေါ်နေသူအားလည်း လှမ်းမေးလိုက်သည်။ လာရောက်နှိုးနေသူက ...

"ကျွန်တော်ပါဗျ ... ဦးကြီးကောင်းသာရ"

"ဟော ... သာဒင်လားကွ၊ ဘယ်နှယ့် ... မိုးတောင်ကောင်းကောင်းမလင်းသေးဘူး ... ဘာလဲ မင်း မြို့ဘက်ကမ်းကူးမလို့လား"

"ဟာ ... ဘယ်ကလာ ကူးရမှာလဲဦးကြီးရ ... ကျွန်တော် ဦးကြီးရဲ့လှေကို လာငှားတာ ဟိုကိစ္စလေ ... ဟိုကိစ္စ"





"ဟော ... ဪ ... အေးအေး သိပြီ ..."

သာဒင်ကစကားကို အရင်းမရှိ အဖျားမရှိပြောသော်လည်း ဟိုကိစ္စဟူသောစကားကြောင့် ဦးကောင်းသာအနည်းငယ်ရိပ်စားမိသွားလေသည်။ ဟိုကိစ္စဆိုသည်မှာ မသာအလောင်းကိစ္စကလွဲလို့ ဘာမှမဖြစ်နိုင်ပေ။

"သာဒင်ရေ ... ရွာထဲဘယ်သူ ဘာဖြစ်လို့လဲဟ ညတုန်းက ငါလည်းဘာသံမှမကြား ..."

"ဟာ ... ဦးကောင်းကလည်းဗျာ ... နိမိတ်မရှိ ဖွဟဲ့လွဲပါစေ၊ ဖယ်ပါစေ ... ကိစ္စက ကျုပ်တို့ရွာက မဟုတ်ပါဘူးဗျ။ တခြားရွာကပါ၊ အဲဒါ နေ့ချင်းသုသာန်ကို သင်္ဂြိုဟ်ချင်လို့ဆိုလို့ ကျွန်တော်က ဦးကြီးလှေကို ကြိုတင်လာငှားတာ ရော့ ... ဦးကြီး ဒီမှာ လှေငှားခ ပိုက်ဆံ"

သာဒင်၏ ပါးစပ်က အရက်စော်နံ့ဟောင်နေသည်။ ဦးကောင်းသာသည် သာဒင်လှမ်းပေးသောပိုက်ဆံအား လှမ်းယူရင်းက ...

"ဟကောင်ရ ... ပိုက်ဆံယူတာတော့ ဟုတ်ပါပြီ၊ ငါတစ်ပါတည်း လိုက်ခဲ့ရမှာလား ရွာက ဝေးသလား"

"နည်းနည်းတော့ဝေးတယ် ... ဦးကြီး ဒါပေမဲ့ ရေစုန်ဆိုတော့ မြန်ပါတယ် ... လမုကုန်းရွာကလေ ကျွန်တော့်သူငယ်ချင်းရဲ့ဖနီးပါ သူက ရောဂါနဲ့ဆိုတော့ ချက်ချင်း အားချင်း သုသာန်ပို့ချင်တာနဲ့ ဦးကြီး လှေလာငှားတာ"

လမုကုန်းရွာဟူသော အမည်ကား ဦးကောင်းသာ နားထဲမှတ်မိနေသလို ဖြစ်သွားရင်းမှ နောက်မှ ညတုန်းက သူ့အားကူးတို့ခပိုက်ဆံပေးမသွားသော မိန်းမပျိုလေးအား အမှတ်ရသွားမိလေသည်၊ ယင်းမိန်းကလေးသည်လည်း သူမကိုယ်သူမ လမုကုန်းရွာ အရက်သမားဘထွား၏မယားလို့ပဲ ပြောသွားခဲ့သည်မဟုတ်ပါလား။

"ခဏစောင့်ကွာ ... ငါ ချက်ချင်း လိုက်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းသာသည် သာဒင်အားပြောကာ ချက်ချင်းပင် မျက်နှာ သစ်ပြီး ကူးတို့လှေရှိရာသို့လျှောက်လာခဲ့သည်။ လှေပေါ်သို့ သာဒင်တက် ပြီးသည်နှင့် ဦးကောင်းသာက သိချင်စိတ်ကို မအောင့်အီးနိုင်တော့ဟန်ဖြင့်

"နေစမ်းပါဦး သာဒင်ရ ... မင်းပြောတဲ့ လမုကုန်းရွာဆိုတာ ဝါလည်းမကြာဘူးပါလား၊ နောက်ပြီး အခုသွားတဲ့မင်းသူငယ်ချင်းရဲ့မယား ဆိုတာ ဘယ်သူလဲ"

"ကျွန်တော့်သူငယ်ချင်းက ဘထွားတဲ့၊ အခုသေသွားတာက သူ့ မယားလှနုပေါ့ ဦးကြီးရာ၊ အသက်ငယ်ငယ်ပဲရှိသေးတာ"

"ဟေ ... ဟုတ်လား"

"ဦးကြီးက လှနုကို သိလားဗျ ... လှနုက ကံဆိုးရှာပါတယ် ဦးကြီးရာ ... ဘထွားရဲ့ ဆိုးကျိုးကို မနည်းခံသွားရရှာတာ ... နောက် ဆုံး ဘထွားအရက်သောက် နှိပ်စက်တဲ့ဒဏ်ကို မခံနိုင်လို့ သေတာ ... လှနုက မြို့ပေါ်မှာ သူ့မိဘတွေက စားနိုင်သောက်နိုင်ဗျ"

"နေ ... နေစမ်းပါဦး ... အဲဒီ လှနုမှာ အစ်မတစ်ယောက် ရှိတယ်မလား ... "

"သေချာတော့ မသိဘူးဗျ ... မြို့မှာတော့ရှိမလား မသိဘူး၊ ဘာဖြစ်လို့လဲ ... "

ဦးကောင်းသာ သာဒင့်အမေးကို အဖြေမပေးဘဲ ငြိမ်လို့သာ နေလိုက်၏။ သူ ညက မြို့ဘက်ကမ်းသို့ လိုက်ပို့တာ လှနုလား သူ့အစ်မ လား စိတ်ထဲတွေဝေသွားသည်။

လှနုဆိုလျှင်လည်း၊ သေနေသည့်သူ သူ့အစ်မဆိုလျှင်လည်း အချိန်မတော် မြို့သို့ ချက်ချင်းကူးမှာမဟုတ်။ ဘယ်လို နားလည်ရမှန်း ဦးကောင်းသာ မသိတော့။

ဦးကောင်းသာ၏အသိဉာဏ် ထဲ မနေ့ညတုန်းက အပုပ်နံ့ကြီးအား





ပြန်လည်အမှတ်ရလာလေသည်။ သို့သော် ဦးကောင်းသာသည် ယင်းအဖြစ် အား သာဒင်အားပြောမပြဖြစ်ပါ။

ဦးကောင်းသာသည် ရတနာသုံးပါးအားကိုင်းရှိုင်းရှိသေသလို သေလွန်ပြီးသောပရလောက ဝိညာဉ်နာနာဘာဝ သရဲတစ္ဆေဆိုသည်များကို သိပ်ပြီးကြောက်တတ်သူတော့မဟုတ်ပေ။ ဒါကြောင့်လည်း ဤမြစ်ရိုးတစ် လျှောက် ရွာနီးချုပ်စပ်မှ နာရေးပေါ်ပေါက်လာပါက သူ့လှေအား လာရောက် ငှားရမ်းကြလေသည်။ တစ်ခါတရံ ဦးကောင်းသာ၏ ကူးတို့လှေသည် မသာ လောင်းတင်ရာ ရွာပြင်သုသာန်သို့သွားရာ အသုဘလှေဖြစ်နေ၏။

ရွာထဲရှိ ကူးတို့လှေသမားများကမူ ယင်းသို့လှေပေါ် လူသေ အလောင်းတင်သည်ကို နိမိတ်မကောင်းဟု ယူဆသတ်မှတ်ကာ ပိုက်ဆံ အခကြေးငွေ မည်မျှပေးပေး လိုက်မပို့ပေ။ ထိုအခါ ရွာနီးချုပ်စပ်မှ တစ်စီး တည်းသော အသုဘပို့လှေသည် ဦးကောင်းသာတစ်ဦးတည်းဖြစ်နေသည်။

သူတို့ရွာများသည် သုသာန်တစပြင်အား ရွာအနောက်ဘက်တွင် ထားရှိကြသလို အချို့သော သချိုင်းသုသာန်ကုန်းသည် ရွာပြင်အတော် လှမ်းရာ ချောင်းမြောင်းသွယ်များနှင့် တောစပ်၌ပြုလုပ်ထားလေ့ရှိ၏။ ယခု လမုကုန်းရွာသည်လည်း ရွာသိမ်ရွာငယ်ဖြစ်၍ သုသာန်တစပြင် သချိုင်း ကုန်းရှိဟန်မတူပေ။ ဒါကြောင့်လည်း ချောင်းဦးရွာသုသာန်သို့ မြေမြှုပ် သင်္ဂြိုဟ်ရန် ဦးကောင်းသာအား လာရောက်ခေါ်ဆောင်ခြင်းဖြစ်သည်။

ဦးကောင်းသာအဖို့မူ အခကြေးငွေသာရမည်ဆိုပါက မသာဖြစ် ဖြစ် အလောင်းဖြစ်ဖြစ် လိုက်လံပို့ပေးမည်သာ။ သူများတကာမလုပ်သော အလုပ်ကို လုပ်ကိုင်၍လည်း မသာရှင်များက ငွေကြေးပို၍ပေးတတ်ကြ သည်။ ယခု သာဒင်ပေးသောငွေကြေးကလည်း သူတစ်နေ့တာ ကူးတို့ ကူးခငွေမျှပင်မဟုတ်ပါလား။ အချိန်က သိပ်မကြာပေ။

အမှန်တော့ ကုသိုလ်ဆိုလျှင် ယူတတ်လျှင်ရသည်ဟု ဦးကောင်း



www.burmeseclassic.com

သာက တစ်ထစ်ချယုံကြည်ထားလေသည်။ သူလုပ်ကိုင်နေရသောအလုပ် ကပင် ကူးတို့ခတ်သော သွားလိုသူများခရီးကို လိုရာလိုက်လံပို့ပေးရသည့် ကူတို့သမားမဟုတ်ပါလား။ နောက်ပြီး သူ၏လှေသည် ရိုးရိုးသမ္မာန်လှေ မဟုတ်။ ပညက်သွားရာ ဓာတ်သက်ပါသည်ပဲလား။ သူကပဲ လူသူတွေ ပြောစကားကိုအယုံအကြည်မရှိ၍ပေပဲလားမသိပေ။ သူ့လှေသည် မသာ အလောင်းများတင်ရသည်ကများသည်။

မည်သည့်အတွက်ကြောင့်ဆိုသော် သူ၏ကူးတို့လှေသမ္မာန်တစ်စီး လုံးအား တည်ဆောက်ထားသည့်သစ်များ ပျဉ်များမှာ သူများတကာကဲ့သို့ သူဝယ်ယူရသောပစ္စည်းများမဟုတ်။ ဦးကောင်းသာမှာ လှေတစ်စီးဝယ်ယူ ရလောက်အောင် ပိုင်ဆိုင်သည့်ငွေကြေးလည်းမရှိပေ။ ရွာနီးချုပ်စပ်၌ သုသာန်သင်္ချိုင်းကုန်းများမှ ဇရပ်ပျက်များ လူသေအလောင်းထည့်သိုရာ ပျဉ်အခေါင်းများဖြင့် စပ်ဟပ်ဖာထေးပြုလုပ်ထားသည့် ကူးတို့လှေဖြစ်သည်။

အရှင်းဆုံးပြောရလျှင် သူ၏ကူးတို့လှေသည် တစ်စီးလုံးသင်္ချိုင်း မှရသောအခေါင်းများဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ ထို့ကြောင့်လည်း သူ့လှေသည် အမှတ်မထင် ရွာနီးချုပ်စပ်များမှ မသာအလောင်းတင်ရာ အသုဘလှေဖြစ်နေလေသည်။

သူ၏ကူးတို့လှေသည် ယင်းသို့သော မကောင်းဆိုးဝါးနာနာဘာဝ ဝိညာဉ်တွေများ တွယ်ကပ်နေလေသလားဟု မဆီမဆိုင် ဦးကောင်းသာ တွေးမိသည်။ သူ၏လှေဖြင့် သုသာန်သို့ပို့ဆောင်ပေးခဲ့ရသော လူသေ အလောင်းများသည်လည်း နည်းမှမနည်းလှတော့ပဲလေ။

တချို့ စွဲလမ်းရာ တွယ်မိရာ ကျွတ်လွတ်ချင်မှလည်း ကျွတ်လွတ် ပေမည်။

မကြာမီ သာဒင်၏လမ်းညွှန်မှုအတိုင်း ချောင်းရိုးလေးသုံးလေးခု အား ဖြတ်အပြီးတွင် လမုကုန်းဟူသော တဲလေး လေးငါးဆယ်လုံးမက





စုနေသောရွာလေးထိပ်သို့ လှေအားကပ်မိကြသည်။ ဦးကောင်းသာသည် သာဒင်ဖြင့်အတူလိုက်ပါမသွားဘဲ လှေပေါ်၌သာ ထိုင်ကျန်ရစ်ခဲ့လေသည်။ သာဒင်ကမူ ရွာစုလေးထဲသို့ အပြေးတစ်ပိုင်းဝင်သွားပြီး သိပ်မကြာခင် လူသုံးလေးယောက်ဖြင့်အတူ ဖျာလိပ်ဖြင့်ပတ်ထားသည့်အလောင်းအား ထမ်းယူလာ၏။

သာဒင်နောက်မှ လိုက်လာသူများသည်လည်း မှုးနေကြပုံဖြင့် ခြေလှမ်းများ ဒယီးဒယိုင်ဖြစ်နေကြသည်။ သာဒင်တို့လူစု လှေဆိပ်သို့ ရောက်လာကြသည်။ အလောင်းအားပတ်ထားသည့်ဖျာမှာ စုတ်ပြတ်နေ လျှက် အသုဘရုပ်အလောင်းကိုပင် မလုံခြုံနိုင်ပေ။ မည်မျှဆင်းရဲစုတ်ချာ မွဲတေပါသနည်းဟု မြင်ရုံဖြင့်သိလေသည်။

သာဒင်၏နောက်မှ လူတစ်ယောက်က ဖျာလိပ်အား ဒယီးဒယိုင် ထမ်းလာခြင်းဖြစ်သည်။ သာဒင်က လှေပေါ်သို့ ဦးစွာတက်လိုက်ပြီး —

"ဟော့ကောင် ဘထွား — ပေး — ပေး အလောင်းကြီး ငါ့ကို ပေး ဦးကြီးကောင်းသာ ကူစမ်းပါဦးဗျ"

သာဒင်ဖြင့်အတူ ဦးကောင်းသာ ဘထွားဆိုသူ၏လက်တွင်းမှ လူသေအလောင်းဖျာလိပ်ကြီးအား လှမ်းယူကာ လှေဝမ်းတွင်းနေရာချထား လိုက်လေသည်။

ဖျာမှာ ဖျာပိုင်းစုတ်ကလေးဖြစ်၍ အလောင်း၏မျက်နှာကို မြင်နေရသလို အလောင်းမှာလည်း ဖြစ်သလိုထား၍ အနည်းငယ်ပင် ပုပ်ပွပွယောင်းနေလေပြီ။

ဦးကောင်းသာသည် သေဆုံးသူ မိန်းကလေး၏မျက်နှာကို အမှတ် မထင် လှမ်းကြည့်လိုက်ရာ ...

"ဟင် ... "

ရင်ထဲ ထိတ်လို့သွားသည်။ သူ့လှေကိုစီးခဲ့သော မိန်းမပျိုလားဟု

www.burmeseclassic.com



တွေးမိသော်လည်း စိတ်ထဲထင်တာနေမှာပါဟု ဖြေတွေး တွေးလိုက်လေသည်။



## ငှက်ကလေး အိမ်မက်လေလား

ညသည် ကြယ်ရောင်မှုန်တိမှုန်မွှားလေးဖြင့် မလင်းတလင်းလေး လင်းလက်နေလေသည်။ သီတင်းကျွတ်လဆန်းစ ဆန်းစလကွေးလေးကလည်း ရှာဝန်းကျင်တစ်ဝိုက် မှုန်မွှားမွှားလရောင်လင်းဖြာနေ၍ ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင်တော့ မှောင်မနေပါ။

ဦးကောင်းသာသည် ယနေ့ညလည်း ကူးတို့ဆိပ်တဲလေးကနေ မပြန်ဖြစ်သေးပါချေ။ အချိန်က အတော်ပင်မိုးချုပ်နေပေပြီ။ ကူးတို့ကူးမည့်သူလည်း တစ်ဦးတစ်ယောက်မျှပေါ်မလာ၍ ဦးကောင်းသာ သူ၏တဲရှေ့က ပင် ဆေးပေါ့လိပ်ကြီးအား မီးရဲခနဲ ရဲခနဲဖွာကာ မြစ်ပြင်ဘက်သို့ ငေးနေမိလေသည်။

ယခု ဦးကောင်းသာသည် သူ၏ယိုင်ရွဲ့ရွဲ့တဲလေးအား ဖျက်ကာ ကူးတို့ဆိပ်လေးမှာပင် သူ၏တဲအဖြစ် အိမ်အဖြစ်ပြန်ပြုပြင်ကာ နေ့ရော ညပါ နေထိုင်လေတော့သည်။ တစ်ခါက လမုကုန်းရွာက လှနုဟူသော မိန်းကလေး၏အလောင်းအား မသာအငှားလိုက်ပြီးကတည်းက ရသောငွေကြေးဖြင့် တဲလေးက နေသာရုံပြန်ပြင်ဆောက်လိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှုနှ၏ ယောက်ျားဘထွားဆိုသည့်ကောင်ကမူ လှုနှသေဆုံးပြီး တစ်လပင်မကြာပေ။ ရွာထဲရှိ နောက်ထပ် အိမ်ထောင်သစ် ထူထောင်လိုက်သည်ဟု သာဒင်ပြောပြ၍ သိနေလေသည်။ လမုကုန်းရွာဘက်သို့ ဦးကောင်းသာမရောက်ဖြစ်ပါသော်လည်း သာဒင်ဖြင့်မူ မကြာခဏတွေ့ဆုံနေ၍ ဦးကောင်းသာ ဘထွား သတင်းတွေကြားနေရခြင်းဖြစ်သည်။

ဘထွားအကြောင်းတွေကြားရလေလေ ဦးကောင်းသာ သူကိုယ်တိုင်မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့ရသော မိကံဆိုးလေးလှုနှဆိုသော မိန်းကလေးအား သနားလေလေပင်ဖြစ်သည်။ ယင်းမိန်းမပျိုလေးဖြင့် တွေ့ဆုံခဲ့ရသည်မှာ တစ်လကျော်ခဲ့ပြီဆိုပေမယ့်လည်း ဦးကောင်းသာသည် သူ့ပင်စိတ်စွဲလမ်းနေ၍ပဲလား သို့တည်းမဟုတ် ယင်းမိန်းမပျိုလေးပင် မကျွတ်မလွတ်သော ဘုံဌာနတစ်ခုသို့ ရောက်နေ၍ပဲလားမသိချေ။ နှစ်ခါသုံးခါလားမသိ၊ အိပ်မက်မက်လေသည်။

"အူ ... ဝူ ... ဝူ ... "

"အု ... ဝူ ... အူ"

ထိုစဉ် ရုတ်တရက် ရွာစပ်တာရိုးဘက်ဆီကနေ ခွေးလေခွေးလွင့်တစ်ကောင်၏ ဆွဲဆွဲငင်ငင်အူလိုက်သည့်အသံသည် မှောင်မိုက်နေသည့် ညဥ့်ယံအား ပို၍ချောက်ချားသွားစေလေသည်။ ဦးကောင်းသာသည် ရွာထိပ်စပ်တာရိုးပေါ်သို့ လှမ်းကြည့်လိုက်မိသည်။

မည်သည့် လူရိပ်လူယောင်မျှ မတွေ့ရပါချေ။

ဦးကောင်းသာသည် ကူးတို့ဆိပ်တဲကပျဉ်ထက်သို့ လဲလျောင်းလိုက်မိလေသည်။ ယခုတလော မြို့ဘက်ကမ်းသို့ ကူးသန်းသူနည်းပါးသလို ညဥ့်ဦးပိုင်းစ အချိန်တွေမှာလည်း ယခုကဲ့သို့ပင် ခွေးလေခွေးလွင့်များ တစ်ကောင်မှစ၍ ဝိုင်းဝန်းအူကြသည်မှာ နားမခံသာအောင်ပင်။

ညလေးည မကာတော့ပေ။





ဦးကောင်းသာ သိပ်ပြီးနားမခံသာရှိတော့မှ လောက်လေးခွဖြင့် ပစ်ခတ်လိုက်တော့မှ ငြိမ်သက်သွားကြစမြဲ။ ခွေးအူလျှင် ကျက်သရေမင်္ဂလာကင်းမဲ့သည်ဟု ဦးကောင်းသာ ထင်မြင်နေမိ၏။

"အူ ... ဝူ ... ဝူ ... "

"တောက် ... ဒီခွေးတွေကလည်း ခုတလော ဘာဖြစ်နေကြသလဲမသိ ... တော်သလင်းသီတင်းကျွတ်လည်းမဟုတ် ရှုန်းစု ရှုန်းစုနဲ့ ငါလောက်လေးခွစာကျွေးလိုက်မှ ထင်တယ် ... "

ဦးကောင်းသာသည် တာရိုးကုန်းပေါ်ကနေ သူ့၏ကူးတို့ဆိပ်တဲကြီးရှိရာဘက်သို့ အဆက်မပြတ် ဆူညံစွာအော်ဆူလာကြသည့် ခွေးအူသံတွေအား နားမခံသာတော့၍ သူ့အမြဲကိုင်ဆောင်နေကျ လောက်လေးခွဖြင့်ပစ်ခတ်ရန် လဲလျောင်းနေရာကနေ ထထိုင်လိုက်၏။

"ဟင် ... "

ဦးကောင်းသာ အံ့သြသွားရသည်။

မည်သည့်အတွက်ကြောင့်ဆိုသော် ခွေးများအဆက်မပြတ် အူဟောင်နေကြခြင်းမှာ မပီဝိုးတဝါးအမှောင်အောက်၌ လှေဆိပ်ရှိရာသို့ လှမ်းလာနေသည့် အရိပ်သဏ္ဌာန်တစ်ခုကြောင့်ပင် ဖြစ်နေသောကြောင့်တည်း။

မြို့ဘက်ကမ်းသို့ ကူးမည့်ခရီးသွားတစ်ယောက်ယောက်ပဲဖြစ်သည်။

ဦးကောင်းသာသည် လောက်လေးခွအားကိုင်ထားလျက်မှ ခွေးများအူနေကြရာသို့ မပစ်ခတ်ဖြစ်တော့ဘဲ လှမ်းကြည့်ရင်းက မီးသေနေပြီဖြစ်သော ဆေးပေါ့လိပ်အား ရဲခနဲဖွာရှိုက်နေမိတော့သည်။ အချိန်က ညဥ့်ဦးယံ ရောက်စပြုနေလေပြီ။

တဖြည်းဖြည်းနီးကပ်လာသော အရိပ်သဏ္ဌာန်မည်းမည်းမှာ ကျောလယ်ခန့်ရှိ လွင့်ဝဲနေသည့် ဆံပင်ရှည်ကြီးများကြောင့် မိန်းမတင်



www.burmeseclassic.com

www.burmeseclassic.com



ယောက်မှန်းသိလိုက်ရ၏။ ဦးကောင်းသာ အတွေးမဆုံးခင်မှာပင် ယင်း အရိပ်သဏ္ဍာန်ရှင်က ကူးတို့ဆိပ်တဲအဝသို့ ရောက်ရှိလာ၏။

"ဦးကြီး ... ဦးကြီး"

"ဟေ ... ဘာလဲ ... မြို့ဘက်ကမ်း ကူးမလို့လားကွယ့်၊ လာ ... လာ"

ဦးကောင်းသာသည် ပြောရင်း လောက်လေးဂွအား ခါးကြားပြန် ထိုးလိုက်ကာ လှေဝမ်းထဲသို့ ဆင်းသွားသည်။ မိန်းကလေးသည် နောက် ကနေ လိုက်ဆင်းလာ၏။

ဦးကောင်းသာသည် ယခုမှပင် ကြယ်မှုန်မှုန်များအောက်၌ မိန်းက လေးကို သေချာစွာ လှမ်းကြည့်မိလိုက်သည်။

"ဟင် ... "

ဦးကောင်းသာ၏ ရင်အစုံ ထိတ်ခနဲ ဖြစ်လို့သွားသည်။

"ဟင် ... မိန်း ... မိန်းကလေးက"

"ဦးကြီးက ကျွန်မကို မှတ်မိသွားပြီကိုး ... ဟုတ်ပါတယ်၊ ကျွန်မ ဘထွားရဲ့မယား လှနုလေ"

"ဦးကြီးက မင်းကို ဘယ်လိုက်ပို့ပေးရမှာလဲ"

"ဟိုဘက်ကမ်းပဲလေ ... ဦးကြီး ကြည့်ရတာ ကျွန်မကို လှန့် နေသလိုပဲ"

"မဟုတ်ပါဘူးကွယ် ... လာ ... လာ"

ဦးကောင်းသာသည် မိမိစိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းကာ လှော်တက်ကို ကိုင်ပြီး တစ်ဖက်ကမ်းသို့ ကူးလို့လာလေသည်။

ကမ်းသို့ လှေဦးထိုးလိုက်သည်နှင့် မိန်းကလေးမှာ ကမ်းပေါ်သို့ ပေါ့ပါးစွာ တက်ပြီး ပျောက်ကွယ်လို့သွားလေသည်။

"ဟင် ... "





ဦးကောင်းသာ၏ မျက်စိရှေ့မှောက်မှာပင် မိန်းကလေးသည် ဖျတ်ခနဲ ပျောက်ကွယ်သွားလေသည်။ ဦးကောင်းသာသည် မျက်မြင်ဒိဋ္ဌ မို့သာလက်သင့်ခံယုံကြည်ရသည်။ နို့မဟုတ်ပါက မယုံပေ။ ထိုစဉ် စူးရှား သော အပုပ်နံ့ကြီးတစ်ခုသည် ဦးကောင်းသာ၏ နှာခေါင်းတဝိုက်သို့ ရရှိလာ၍ ဦးကောင်းသာ ကြက်သီးတဖြန်းဖြန်း ထသွား၏။ လှေအား လျှင်မြန်သွက်လက်စွာ ယင်းနေရာကနေ လှော်ထွက်လိုက်လေသည်။ ယင်းအချိန်မှာပဲ ဦးကောင်းသာ၏ အနောက်ဘက် ချောင်းရေပြင်ထဲ ကိုင်းနေသည့် ကုက္ကိုပင်ကိုင်းကြီးထက်ကနေ ရေပြင်ထက်သို့ လူတစ် ယောက်ပြုတ်ကျသွားသံကြီးအား ကြားလိုက်ရလေသည်။

"ဝုန်း"

အေးမြသော ရေများပင် ဦးကောင်းသာအား လာရောက်စင်သွား လေသည်။ ဖျတ်ခနဲ ဦးကောင်းသာ လန့်ဖျတ်ကာ အထိတ်တလန့်နိုး သွား၏။

"ဟင် ... "

ဦးကောင်းသာ ကူးတို့ဆိပ်တဲကြီးပေါ်ကနေ ဝန်းကျင်သို့ ကမန်း ကတန်း ပြူးတူးပြဲတဲလှမ်းကြည့်မိလိုက်၏။ ကူးတို့ဆိပ်တဲကြီး ဝန်းကျင် တဝိုက် ကြယ်ရောင်မှုန်တိမှုန်မှားအလင်းရောင်အောက် သူမှလွဲ၍ မည်သူ မျှရှိမနေပါ။

စောစောက သူ၏တစ်ကိုယ်လုံး အေးခနဲထိတွေ့သွားခြင်းမှာ ရေစပ်ရှိလှေအား လှိုင်းတစ်လုံးလာရောက်ရိုက်ခတ်၍ ရေစက်ရေမှုန်များ သူ့အား ထိမှန်စင်သွား၍ မှေးခနဲ အိပ်ပျော်သွားမိရာကနေ သူလန့်နိုး သွားခြင်းဖြစ်သည်။

ဒီတော့မှ ဦးကောင်းသာသည် သူအိပ်မှေးငိုက်သွားရာက အမှတ်မထင် စိတ်အစွဲလမ်းကြောင့် အိပ်မက်မက်နေမှန်း သိသွားလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပတ်ဝန်းကျင်နှင့်မြစ်ပြင်တစ်ခုလုံးကား ကြယ်ရောင်လေးများ လင်းလက်နေလျှက် ...



## ကလေးမှင်စာတစ္ဆေ

ညသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

ကျယ်ပြောသည့် ကောင်းကင်ကမ္ဘာပြင်ကြီးသည် အညိုရောင်မိုးတိမ်တိုက်များလွှမ်းခြုံထား၍ မလင်းတလင်း ကြယ်ပွင့်ကြယ်စလေးများ၏ မှုန်တိမှုန်မွှားအရောင်သာရှိလေသည်။

ချောင်းဦးရွာကလေးသည် အိပ်မောကျစပြုနေလေပြီ။

ယင်းအချိန်မှာပင် ချောင်းဦးရွာကလေး၏ အပြင်ဘက်တာရိုးစပ်ပေါ်ကနေ မည်းမည်းအရိပ်သဏ္ဌာန်တစ်ခုသည် တရွေ့ရွေ့လှုပ်ရှားလာနေသည်။ တဖြည်းဖြည်း အရိပ်မည်းကြီးသည် ရွာလမ်းမတစ်လျှောက် ရောက်ရှိလာလေသည်။ ထိုစဉ် ...

"အဟင်း ... ဟီး ဟီး ... "

"အူ ... ဝူ ... အူ"

တိတ်ဆိတ်မှောင်မည်းနေသည့် ကြယ်ရောင်မပီဝိုးတဝါးလေးလင်းနေသော ရွာလမ်းမတစ်လျှောက် မိန်းကလေးတစ်ဦး၏ ရယ်မောသံဖြင့်အတူ တစ်ဆက်တည်း ရွာခြံဝန်းများထဲမှ ခွေးအူသံများပါ ဆူညံလာလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရုတ်တရက် ထွက်ပေါ်လာသည့် ရယ်မောသံ ခွေးအူသံများကြောင့် ချောင်းဦးရွာလေးသည် လှုပ်လှုပ်ရှားရှားသက်ဝင်သွားလေသည်။ ခွေးလေခွေးလွင့်များသည် ညဉ့်အမှောင်ထဲမှ မကောင်းဆိုးဝါးတစ္ဆေသရဲ နာနာဘာဝများအား တွေ့မြင်နေရသလို အဆက်မပြတ် ကျက်သရေမင်္ဂလာကင်းမဲ့စွာ အော်မြည်အူနေကြလေသည်။

"အူ ... အု ... ဦ ... ဦ"

"ဦ ... အု ... အီး ... အီး"

"အဟင်း ... ဟင်း ဟင်း ... "

"အူဝဲ ... အူဝဲ"

အဆက်မပြတ် ချောက်ချားဖွယ် အူနေကြသည့် ခွေးအူသံများဖြင့်အတူ တလွင့်လွင့်ရယ်မောသံ အူဝဲဟူသော မွေးကင်းစကလေးငယ်တစ်ဦး၏ ရှုးရှုးရှားရှားအော်ဟစ်ငိုယိုသံကလည်း ညဉ့်ယံအား ထွင်းဖောက်ထွက်ပေါ်လာလေသည်။

ခွေးအူသံ ရယ်မောသံ ကလေးငိုသံများက ရောထွေးလျက် ချောင်းဦးရွာလမ်းပေါ် သွေးပျက်ဖွယ်ကောင်းအောင်ပင် တစ်ချက်တစ်ချက် ပျံ့လွင့်စီးမျောနေလေသည်။ အချို့သောအိပ်မပျော်သေးသည့် ခြံများ အိမ်များကမူ ညဉ့်နက်သန်းခေါင်ထူးခြားသော အဖြစ်အပျက်များကြောင့် အိမ်တံခါး ပြတင်းတံခါးများအား မသိမသာလေးဖွင့်လှပ်ကြည့်ကြ၏။

"ဟင် ... "

"အ ... အမလေး ... သ ... သရဲခြောက်တာ"

အချို့အိမ်များသည် ထိတ်လန့်တကြား ခပ်တိုးတိုးရေရွတ်လျက် တံခါးများကို ပြန်လည်စေ့ပိတ်လိုက်ကြသည်။ သူတို့တစ်သက်မှာ ယခုတစ်ကြိမ်သာ မြင်တွေ့ရသောမြင်ကွင်း ...

ယင်းမှ ရွာလယ်လမ်းမတစ်လျှောက် အနက်ရောင်ဝတ်စုံဖြင့်





လေပြည်ထဲမှာ ဆံနွယ်များဖားလျားလွင့်မျောလျှက် တစ်စုံတစ်ရာအား ပွေ့ပိုက်လျှက် တရွေ့ရွေ့လျှောက်လှမ်းသွားနေသည့် မကောင်းဆိုးရွားအရိပ်မည်းမည်းကြီး ...

လေပြည်အသက်မှာ နောက်ကျောဖက် ဖားလျားကြီးလွင့်ပျံ့နေသည့် ဆံနွယ်ကြီးများကြောင့် မိန်းမသားတစ်ဦးမှန်းသိလိုက်ကြရသည်။ သို့သော် လူစင်စစ်တော့ ဟုတ်ဟန်မတူ။ အမှန်တကယ် လူစင်စစ်ဖြစ်ပါကလည်း ဤမျှ အသည်းငယ်ထိတ်လန့်ချောက်ချားဖွယ် ညဉ့်အချိန်မတော်မည်သူမှ ရွာလမ်းမထက် နောက်ကနေ ခွေးအူသံတဆူဆူဖြင့် လမ်းလျှောက်ထွက်မည်မဟုတ်။

အချိန်ကပင် သန်းခေါင်ယံနီးနေလေပြီ။ စိတ်မန့်သူဟုဆိုရအောင်လည်း ရွာထဲ၌မည်သည့်အရှုးမှမရှိပေ။ နောက်ပြီး ယင်းအရိပ်မည်းမည်းသင်္ချိုင်းရှင်ထဲကနေ ထွက်ပေါ်လာသည့် ရှုးရှုးရှားရှားကလေးငိုသံ။

ရွာထဲမှာလည်း ရက်ပိုင်းလပိုင်းမွေးဖွားသည့် မီးနေသည့်ကလေးအမေရယ်လို့မရှိပါ။

"အဟီး ... ခစ်ခစ် ... အဟင်းဟင်း ... "

"ဂစ် ... ဂီး ဂီး ... "

ဆံပင်ဖားလျားနှင့် အရိပ်သင်္ချိုင်းကြီးသည် ရွာလမ်းမအတိုင်း အက်ကွဲကွဲရယ်မောသံကြီးဖြင့်အတူ ရွာအနောက်တက် သုသာန်ကုန်းဘက်ရှိရာသို့ ဦးတည်လျှောက်လှမ်းသွားလေသည်။ ယင်းအချိန်၌ပင် —

"ဟိတ် ... ရှေ့က ဘယ်သူလဲကွ ... အေ့ ... အေ့ ... ဟုတ်တယ် — ဝုတ်ဒယ် — ဘယ်သူရေးရဲ ဟဲ ဟဲ ငွေထိန်တို့က ခုမှရေချိန်ကိုက်ပြန်လာတာ — အေ့"

ရွာအနောက်စပ် တာလမ်းထိပ်မှ အရိပ်သင်္ချိုင်းနှစ်ခုထံ



www.burmeseclassic.com

www.burmeseclassic.com



အရက်မူးနေသံကြီးက ဟိန်းထွက်လာလေသည်။ ထိုစဉ် —

"အဟင်း ... ဟီး ဟီး"

ရုတ်တရက် အရိပ်သဏ္ဌာန်မည်းကြီးနှင့် လွှင့်ဖွာနေသည့် ဆံပင်ဖားလျားကြီးကြောင့် ရေချိန်လွန်နေသည့် ငွေထိန်ပင်မျက်လုံးများ ဖဝေဖဝါဖြစ်သွားရ၏။ သူတို့ဖြင့် မလှမ်းမကမ်း၌ ရပ်နေသည့်ဆံပင်ဖားလျားအရိပ်သဏ္ဌာန်ထဲမှ အက်ကွဲကွဲရယ်သံအား မတိုးမကျယ်ကြားလိုက်ရ၏။

"ဟိတ် ... မေးနေတယ်လေ ... အေ့ ... ဘယ် ... ဘယ်သူလဲ"

"ခစ် ... ခစ် ... ဟင်း ... ဟင်း"

ရယ်မောသံနှင့်အတူ ညည်းသံပါ ထွက်လာသဖြင့် ငွေထိန်နှင့် သံချောင်း လွန်စွာမှပင် ထိတ်လန့်လို့သွား၏။ ဆံပင်ဖားလျားနှင့် အရိပ်သဏ္ဌာန်၏ မျက်နှာကြီးမှာလည်း ကျောက်ပေါက်မာများကဲ့သို့ လွန်စွာမှပင် ကြောက်စရာကောင်းလှသည်။

"ဟီး ... ဟီး"

သူတို့ကို ထပ်မံရယ်ပြလိုက်ရာ ငွေထိန်က သံချောင်း၏ပခုံးကို ပုတ်၍ ...

"ပြေး ... ပြေး ... သံချောင်း ... လူ ... လူမဟုတ်ဘူး"

"ဟား ... ဟား"

ကြောက်စရာကောင်းလောက်သည့် ရယ်မောသံကြီးက ညသန်းခေါင်ယံကိုဖောက်၍ ထွက်လာလေရာ ရွာထဲမှ ခွေးများက ဝိုင်းအူသံက ဆူညံစွာ ထွက်ပေါ်လာတော့သည်။

"အု ... ဝူ ... အူး ... အူး"

"အု ... ဝူ ... အူ ... "

ဆံပင်ဖားလျားဖြင့် နာနာဘာဝ တစ္ဆေသရဲမကြီးသည် ရွာ





အနောက်သချိုင်းကုန်းဘက်သို့ တရွေ့ရွေ့လှမ်းလျှက် အမှောင်၏ နက်ရှိုင်းမှုထဲ ပျောက်ကွယ်သွားလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ဗိုဟာဉ်ခြောက်တဲ့ညများ

ငွေထိန်နှင့်သံချောင်းတို့နှစ်ယောက် မနေ့ညတုန်းက ညဥ့်နက်သန်းခေါင် တစ်ဘက်ရွာအရက်ဆိုင်ကနေ ပြန်အလာ ရွာလမ်းပေါ်မှာ ဆံပင် ဖားလျားသရဲတစ္ဆေ နာနာဘာဝဖြင့် တွေ့ဆုံရသော သတင်းသည် မိုးလင်းသောအခါ လူတိုင်း၏ ပါးစပ်ဖျားသို့ရောက်ရှိနေလေသည်။

"မငွေမြ ‒ ရှင်တို့ ကိုငွေထိန်တို့အကြောင်း ကြားပြီးပြီလား"

"အမလေး ‒ ဘာလဲ လုခင် ညတုန်းက ငွေထိန်တို့ တစ္ဆေမနဲ့ ထိပ်တိုက်တိုးပြီး အခြောက်ခံရတဲ့သတင်းလား။ ကြား ... ကြားပါ့တော်၊ ကျုပ်ဖြင့် ကြားတာနဲ့ ကျောချမ်းတယ်"

"ကျောချမ်းရင် ဒီနေ့ည အိမ်တံခါးစောစောပိတ်အိပ်ပေါ့ရှင်၊ ကိုငွေထိန်တို့တင် အခြောက်ခံရတာ မဟုတ်ဘူး၊ အဲဒီ သရဲမရွာလမ်းပေါ် ဆံပင်ဖားလျားကြီးနဲ့လျှောက်နေတာ၊ ရွာလယ်က မပိုင်း၊ မသန်းရွှေတို့ပါ တပ်အပ်သေချာမြင်လိုက်ရတာတဲ့တော်"

"ဟင် ... ဟုတ် ... ဟုတ်လား"

"အို ‒ မဟုတ်ဘဲ သူတို့က ညာပြောပါ့မလားရှင်၊ အချိန်က





သန်းခေါင်ကြက်တွန်တဲ့အချိန်ပဲတဲ့၊ သူတို့ကိုယ်တိုင် တပ်အပ်မြင်ရတာတဲ့၊ မှင်စာငိုသံလည်းကြားရတယ်တဲ့ ‒ ကြောက်တာနဲ့ တံခါးပိတ်အိပ်ရောတဲ့၊ ငွေထိန်တို့အခြောက်ခံရတာ သူတို့တတွေ တွေ့ပြီးမှပဲ၊ ဒါကြောင့်လည်း ညတုန်းက ရွာထဲမယ် တစ်ညလုံး ခွေးတွေကအူ ငှက်ဆိုးထိုးသံတွေ ဆူညံနေတာကိုးရှင့် ... အမလေး ကျောချမ်းစရာရှင်"

"ရွာ ‒ ရွာထဲ ဒါဆို မ ‒ မကောင်းဆိုးဝါး ဝင်တဲ့သဘောပေါ့"

လုခင်သည် မငွေမြအား ခေါင်းညိတ်ပြလိုက်၏။ ယင်းသို့ ရွာထဲရပ်ထဲ၌ ညဥ့်နက်သန်းခေါင်ခွေးအူခြင်း၊ ငှက်ဆိုးများထိုးခြင်းသည် ရွာမသန့်ဟု အရှေ့ပိုင်းက ဘကြီးသာတုတ်ကပြောဆိုဖူးလေသည်။ သူတို့ရွာ ယခင်ကမူ ယခုကဲ့သို့မဟုတ်ပေ။

သို့သော် မနေ့ညကမူ ထူးခြားဆန်းကြယ်စွာပင် ရွာလမ်းမတစ်လျှောက် ဆံပင်ဖားလျားချလျှက် မကောင်းဆိုးဝါး နာနာဘာဝအရိပ်သဏ္ဍာန်တစ်ခုသည် ရိပ်ခနဲဖြတ်သွားသည်ကို မြင်တွေ့လိုက်ရသူတွေရှိပေသည်။ ယင်းသတင်းသည် ရွာထဲ၌ လူတိုင်းပါးစပ်ဖျားရောက်နေလေသည်။

"မငွေမြ ... "

"ဟင် ... ဘာလဲ"

"ဒါ ... ဒါဆို ဒီနေ့ညလည်း သူတို့ရွာထဲကို အဲဒီတစ္ဆေမနဲ့ မှင်စာလေးတွေ လာဦးမှာပေါ့၊ အမလေး ညကျဘယ်လိုအိပ်ရမှန်းတောင် မသိပါဘူးတော် ... အိမ်မှာလည်း ကိုသာအိက မရှိဘူး"

"အိုအေ ‒ နင်မပြောနဲ့ ငါတောင် အရင်ဆို ညစာစားပြီးရင် စင်မိုင်းတို့ခြံသွားလည်နေကျ၊ တော်ပြီ ‒ ဒီညကစပြီး ညဘက်ဘယ်သူ့အိမ်မှမလည်တော့ဘူး၊ တော်ကြာ ဆံပင်ဖားလျားသရဲမနဲ့ တိုးနေ"

ချောင်းဦးရွာတစ်ရွာလုံး ထိုအကြောင်းသာ လူတိုင်းပြောဆိုနေ



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ အထူးခြားဆုံးမှာ လူအတော်များများကြားရသော ရယ်မောသံ အက်ကွဲကွဲကြီးဖြင့်အတူ ကလေးပေါက်စ မွေးခါစလေး၏ ငိုသံပင်တည်း။

ထို့ကြောင့်လည်း အချို့က ရွာအနောက်သချိုင်းကုန်းက တစ္ဆေ မဟုတ်ရှုလည်းကောင်း၊ အချို့ကမူ တောစပ်ကျက်ကြီးကုန်းက မှင်စာတစ္ဆေ ဟုတ်ရှုလည်းကောင်း၊ အသီးသီးကိုယ်ထင်ရာ ကိုယ်ပြောနေကြ၏။ သို့သော် တစ်ရွာလုံးကမူ ညနေ နေဝင်မိုးချုပ်၍ အလင်းရောင်ပျောက်မည်ကို စိုးရိမ် ထိတ်လန့်နေကြသည်ကတော့ ထူးခြားမှုတစ်ရပ် ဖြစ်လေတော့သတည်း။

ချောင်းဦးရွာ၌ ယင်းညကစ၍ သုံးညတိုင်တိုင် အမှန်တကယ် လည်း၊ ယင်းဆံပင်ဖားလျားသရဲမ၏ ရယ်မောသံ၊ ကလေးငိုသံ၊ တစ်ရွာ လုံး ခွေးတွေအူသံ ငှက်ဆိုးထိုးသံများသည် အံ့ဩဘွယ် ဆက်တိုက်ကြုံ တွေ့ခဲ့ရလေတော့သတည်း။



## အပိုင်း (၂)

"အဟင်း ... မင်းမိတ်ဆွေကလည်း လင်ယောကျ်ား ငုတ်တုတ်ကြီးရှိနေတဲ့မိန်းမတစ်ယောက်ကို ခုလိုပဲ ညအချိန် မတော် လည်ပတ်သွားလာပြီး ပြန်လာပုံသတဲ့လား"

"အစ်ကိုကြီး _ ဖွန့်ကို ဘယ်လိုပြောလိုက်တာလဲ"

"အဟင်း _ မင်းကြားတဲ့အတိုင်းပဲလေ ဖွန့်သက်အောင်"

"အစ်ကိုကြီး _ ဒါ ဖွန့်ကို သက်သက်အထင်သေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

## သံလမ ညအမိုး

ညဥ့်သည် တစ်စထက်တစ်စ နက်မှောင်ရင့်အိုစပြုလာလေပြီ။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသော ညဏ်အမှောင်ပါးပါး ဝတ်ရုံခြုံထည်အောက်၌ ညဥ့်ငှက်များကောင်ငယ်လေးများ၏ ရှုရှသော အော်မြည်သံလေပြေတိုက်ခတ်သံလေးများသာလျှင် ရှိနေ၏။

ရံဖန်ရံခါမှသာလျှင် မြို့လယ်လမ်းမပေါ်မှ ခွေးလေခွေးလွင့်တစ်ကောင်တလေ၏ အူသံကသာလျှင် တိုးသဲ့စွာလေပြည်ဖြင့်အတူ ပျံ့လွင့်လာလေသည်။ မြို့စွန်မကျတကျရှိ လမ်းမတစ်ခုပေါ်မှ ကျယ်ဝန်းသောခြံကြီးဖြင့်အတူ အိမ်ကြီးတစ်လုံးက မီးရောင်အောက်မှာ တိတ်ဆိတ်ငြိမ်သက်စွာ ထီးတည်းတည်ရှိနေလေသည်။

အိမ်ကြီးသည်  နှစ်ထပ်ဆင်ဝင်နှစ်ဆောင်မြိုင်အိမ်ကြီးဖြစ်ပြီး အောက်ထပ်မှမီးအလင်းရောင်ဖြူဖြူက ကျယ်ဝန်းသောခြံကြီးတွင်းသို့ပင် ဖိတ်စင်လျှံထွက်နေလေသည်။ အိမ်ကြီးတစ်အိမ်လုံးမှာ မည်သည့်သက်ရှိလူသားတစ်ဦးတလေမျှ မရှိလေသယောင်လှုပ်ရှားသံ ကင်းမဲ့ငြိမ်သက်နေ၏။





သို့သော် အိမ်ကြီး၏ အောက်ထပ်နံရံထက်ရှိ ကြီးမားလှသော နံရံကပ်ရှေးဟောင်းရောမနာရီကြီးဆီမှ နာရီလက်တံ ရွေ့လျားသံသည်သာ တိတ်ဆိတ်နေသည့်အိမ်ကြီးအား တိုးညင်းစွာ အသက်ဝင်နေစေလေသည်။

နာရီလက်တံရွေ့လျားသံက တစ်ချက်ချက်တိုးညင်းစွာ ထွက်ပေါ်နေလေသည်။ ကြီးမားလှသော ယင်းမဟာမြိုင်အမည်ရှိ အိမ်ကြီးအတွင်း၌ မည်သည့်သက်ရှိထင်ရှား  လူသားတစ်ဦးတစ်ယောက်မျှရှိမနေသည်မှာ မဟုတ်ပါ။ အိမ်ကြီး၏ ဧည့်ခန်းထောင့်ဆိုဖာဆက်တီခုံပေါ်၌ လူသားတစ်ဦး ရှိနေသည်။

သူသည် ဆိုဖာထက်၌ တိတ်ဆိတ်စွာငြိမ်သက်လျက်ရှိနေသောကြောင့် အိမ်ကြီးအတွင်းလူသူမရှိဟု ထင်မြင်မိခြင်းဖြစ်လေသည်။ သူသည် နှုတ်ခမ်းဖျားမှာ တေ့ထားသည့်ဖန်ခွက်တွင်းမှ ပယင်းရောင်အရည်များအား တစ်ဟုန်ထိုးမော့ချလိုက်ပြီး ဖန်ခွက်လှလှလေးအား ရှေ့ရှိစားပွဲပေါ် ပြန်ချထားလိုက်၏။

ယခု တစ်ခွက်ဖြင့်ပါဆိုလျှင် သူသောက်နေသည်မှာ ဘယ်နှစ်ခွက်မျှရှိနေပြီမှန်းပင် သူ့ကိုယ်သူမသိတော့ပါချေ။ ညနေ နေဝင်ချိန်မှောင်ရီပျိုးပျအချိန်လောက်ကစတင်ပြီး အိမ်ကြီး၏ ဧည့်ခန်းထောင့်မှာ သူတစ်ဦးတည်း အရက်ထိုင်သောက်နေခဲ့ခြင်းဖြစ်သည်။ အတော်လည်း မူးယစ်ဝေနေပြီဖြစ်သည်။

အရက်ကိုသာ သောက်နေသော်လည်း သူ၏ရှုရှလျက် အရောင်ထွက်နေသယောင် ထင်မှတ်ရသောမျက်ဝန်းကျဉ်းကျဉ်းတစ်စုံကမူ အိမ်ကြီး၏ စေ့ပိတ်ထားသည့် သံဘာဂျာတံခါး၏ အပြင်တည့်တည့်သို့သာ ရှုစိုက်ကြည့်နေမပျက်။

ယင်းအချိန်မှာပင် နံရံထက်ရှိ တိုင်ကပ်နာရီထံကနေ မြည်သံတစ်ဆယ့်နှစ်ချက်က ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ဆယ့်နှစ်



www.burmeseclassic.com

www.burmeseclassic.com



နာရီတိတိရှိပြီ။

ထိုစဉ် ခြံဝတက်ဆီကနေ ဝှေခနဲဖြာလင်းသွားသော ကားမီးရောင်တစ်ခုဖြင့်အတူ ခြံတွင်းသို့မောင်းဝင်လာသော ကားသံအား သူ့နားထဲကြားလိုက်ရ၏။ သူ၏ခန္ဓာကိုယ်သည် ဆတ်ခနဲ အနည်းငယ်လှုပ်ရှားသွားသလို မျက်ဝန်းအစုံကလည်း ပို၍စူးရဲလက်ပသွားသလိုရှိ၏။

သူသည် ရှေ့ရှိဖန်ကလပ်ခွက်လေးထဲသို့ အရက်ငွဲဖြည့်ထည့်လိုက်ပြန်သည်။

ထို့နောက် အရက်ခွက်အား တစ်ကျိုက်ထဲမော့ချလိုက်၏။ သူ၏နားထဲ၌မူ ဆင်ဝင်အောက်တွင် ကားရပ်သံရယ်မောနှုတ်ဆက်သံ။ ပြီးနောက်ကားပြန်လည်ထွက်ခွာသွားသံတို့ကိုသာ စူးစိုက်နားထောင်နေမိ၏။ ကားစက်သံပြန်လည်ဝေးလွင့်သွားမှ သူသည် ဧည့်ခန်းတောင့်ဆိုဖာထက်မှထရပ်လိုက်သည်။

ယင်းအချိန်မှာပင် စေ့ပိတ်ထားသည့် သံဘာဂျာတံခါးကိုဖွင့်ကာလှမ်းဝင်လာသော မိန်းမချောလေးတစ်ဦး။

မိန်းမချောလေးသည် ငယ်ရွယ်နုပျိုလှပပြီး သူမ၏ တစ်ကိုယ်လုံး၌ ခေတ်ဆန်းလွန်းသော အလှအပတို့ခြယ်မှုန်းထား၍ သမင်ပျိုမလေးတစ်ကောင်ပမာ သွက်လက်စွာ ဧည့်ခန်းတွင်း လှမ်းဝင်လာသည်။

ဧည့်ခန်းတွင်းသို့အရောက် သူမ၏ခြေလှမ်းအစုံသည် တုန့်ခနဲဖြစ်သွား၏။ သို့သော် တဒင်္ဂခေတ္တလေးမျှသာ မိန်းမချောလေးသည် သူမ၏မျက်နှာထက် လှစ်ခနဲ အပြုံးပန်းလေးတစ်ပွင့် ဖူးပွင့်သွားပြီး နှင်းဆီသွေးကြွရှုကာ ဖူးအိနေသည့် နှုတ်ခမ်းဖျားဆီမှ ...

"အဟင်း ... အစ်ကိုကြီးက မအိပ်သေးဘဲကိုး ဟင်းဟင်း"

"ဘယ်အချိန်ရှိနေပြီလဲ ဖွန် ... "

"အို ... အစ်ကိုကြီးကလည်း ဘယ်အချိန်ရှိသေးလို့လဲ ...





ခုမှဆယ်နှစ်နာရီထိုးခါစပဲ ရှိသေးတဲ့ဥစ္စာ ... "

"ဘာကွ ... ဘာပြောတယ်"

မိန်းမချောလေးထံမှ မထိတရိ ရယ်သွမ်းသွေးသံဖြင့်အတူ ဖြေလိုက်သံကြောင့် ဦးနိုင်မင်း၏ရင်ထဲမှာ တစ်ချိန်လုံးမျိုသိပ်အောင့်အီးထားရသည့်ဒေါသများက မီးတောင်ပေါက်ကွဲသလို ပေါက်ကွဲသွားရလေသည်။

"ခွမ်း"

သူ၏လက်တွင်းရှိ ဖန်ခွက်သည်လည်း အရှိန်ဖြင့် ပြေးလွင့်သွားပြီး နံရံကိုထိမှန်ကာ ခွမ်းခနဲ ကွဲကွဲသွားလေသည်။ ဦးနိုင်မင်း၏ သေးငယ်ကျဉ်းမြောင်းသော မျက်ဝန်းများသည် ကျားရိုင်းတစ်ကောင်ပမာပို၍ စူးရဲလင်းပြက်လာ၏။

"အခု မင်းဘယ်ကပြန်လာတာလဲ ဖွန် ... ဒီအချိန်အခါမျိုးက မိန်းမကောင်းတစ်ယောက် အပြင်ထွက်လည်ပတ်ပြီး ပြန်လာတဲ့အချိန်လား"

"ဘာလဲ အစ်ကိုကြီးက ဖွန့်ကို အပြစ်ပြောနေတာလား"

"ဟုတ်တယ် ... မင်းကိုပြောနေတာ မင်းမှာသားတစ်ယောက်နဲ့ သမီးနှစ်ယောက် ... နောက် မင်းယောကျ်ား ငါရှိနေသေးတယ်ဆိုတာကိုရော သတိရသေးရဲ့လားဖွန်၊ မင်းကို ငါစောင့်ကြည့်နေတာကြာပြီ"

"အို ... ကျွန်မက စီးပွားရေးကိစ္စနဲ့"

"တော်စမ်း ... မိဖွန် ဆက်မပြောနဲ့"

ဦးနိုင်မင်းထံမှ ပြင်းထန်သောလေသံကြောင့် ဖွန်သက်အောင်သည် နှုတ်ခမ်းလေးကိုမသိမသာ တွန့်ကွေးလိုက်ပြီး ခပ်မဲ့မဲ့လေးပြုံးလိုက်၏။ ယင်း အမူအရာကပင် ဦးနိုင်မင်း၏ ရင်ဘတ်ထဲက ရှန်းကြွနေသည့် ဒေါသမီးပွားတို့ကို လေပင့်ပေးလိုက်သလိုဖြစ်သွား၏။

"စီးပွားရေး ဟုတ်လား၊ နို့ ... နေစမ်းပါဦး မင်းက စီးပွားရေးတွေ ဘာတွေပြောရအောင်၊ ငါက မင်းကိုမစားရ မသောက်ရ သိမ်သိမ်



www.burmeseclassic.com

www.burmeseclassic.com



အောင်ထားနေလို့လား _ မင်းကို ရွှေငွေရတနာလက်ဝတ်လက်စားအပြည့်နဲ့ ငွေလည်းသုံးချင်တိုင်းသုံးရအောင် ဖြည့်ပေးနေတာပဲမဟုတ်လား၊ မင်း စီးပွားရှာရအောင် ငါက လှူညံ့မဟုတ်ဘူးကွ ... မင်း အလေလိုက်ချင်တိုင်းလိုက်ပြီး ... ''

''အစ်ကိုကြီး ဖွန့်ကို အဲလိုမပြောပါနဲ့''

ဦးနိုင်မင်း၏စကားကြောင့် ဖွန့်သက်အောင်သည် အရိုက်ကို လက်သီးဖြင့်အထိုးခံရသကဲ့သို့ ဆတ်ဆတ်ခါ နာကြည်းသွားဟန်ဖြင့် ပြောလိုက်လေသည်။

''အဟား ... အဲလိုမပြောပါနဲ့ ဟုတ်လား၊ ငါဒီစကားပြောဖို့ ချိန်ဆနေတာ အတော်ကြာပြီ ... ကဲ ခုန မင်းကိုကားနဲ့လိုက်ပို့တာ ဘယ်ကကောင်လဲ''

''အို ... ဒါက ဖွန့်မိတ်ဆွေပါ ... ''

''အဟင်း _ ဟင်း မင်းမိတ်ဆွေကလည်း လင်ယောကျ်ားငုတ်တုတ်ကြီးရှိနေတဲ့ မိန်းမတစ်ယောက်ကို ခုလိုပဲ ညအချိန်မတော်လည်ပတ်သွားလာပြီး ပြန်လာပို့သတဲ့လား''

''အစ်ကိုကြီး _ ဖွန့်ကို ဘယ်လိုပြောလိုက်တာလဲ''

''မင်း ကြားတဲ့အတိုင်းပဲလေ ... ဖွန့်သက်အောင်''

''အစ်ကိုကြီးက ဒါ ဖွန့်ကိုအထင်သေးတာပဲ၊ ဖွန့်ပြောပြီးပြီ၊ ဖွန့် အလုပ်ထဲမှာနောက်ကျနေလို့ ကိုလှမင်းထက်က ကားနဲ့ပြန်လိုက်ပို့တာ _ အဟင်း အစ်ကိုကြီး မကျေနပ်လည်းနေ ကိုလှမင်းထက်ကိုတော့ မစော်ကားပါနဲ့''

''ဘာ _ ဘာကွ မင်းက _ မင်းကောင်ထိလို့ နာတယ်ပေါ့၊ စော်ကားမခံရအောင် မင်းတို့က လူကြီး လူကြီးလိုမှမနေထိုင်ဘဲကွ၊ ပေါက်လွတ်ပဲစား ကလေကလွင့် သွားချင်ရာသွား လာချင်ရာလာ မင်းကို ဘယ်





သူက စီးပွားရှာနိုင်းနေလို့လဲ ပြောပါဦး _ ငါ ဒီနေ့မင်းဆိုင်ကို လေးနာရီထဲကရောက်တယ် မင်းမရှိဘူး _ မင်း အဲဒီကောင်နဲ့ ဆိုင်ကနေထွက်သွားပြီး ဘယ်စားသောက်ဆိုင်မှာ အချိန်ဖြုန်းပြီး ကြည်နူးနေတာကအစ ငါပြောပြရမလား ... တောက် ... ''

''ခွမ်း''

ပြောရင်းဖြင့် ဦးနိုင်မင်း၏ ဒေါသသွေးတို့ ဆူပွက်လာကာ လက်ထဲမှ အရက်ဖန်ခွက်အား နံရံသို့ပစ်ပေါက်လိုက်၏။ ခွမ်းခနဲမြည်သံဖြင့် အတူ ဖန်ကွဲစများ လွင့်စဉ်သွားလေသည်။ ဖွန့်သက်အောင်ကမူ မထိတရီ မတုန်မလှုပ် ...

''ဒါ _ ကျွန်မ အလုပ်ကိစ္စနဲ့ကျွန်မ ဘယ်မှာဘယ်သူနဲ့စကားပြောပြော ရှင်မယုံလည်း မတတ်နိုင်ဘူး''

''မယုံဘူး _ ဘယ်လောက်ထိ မယုံသလဲဆို ခုမင်းဗိုက်ထဲက ကိုယ်ဝန်တောင် ငါ့သွေးမှဟုတ်ရဲ့လားလို့ ထင်နေတယ် ဒါပဲ''

''ရှင် ... ရှင် ဘာလုပ်ချင်လဲ''

ဖွန့်သက်အောင်သည် ဦးနိုင်မင်း၏နှုတ်မှ ရင့်သီးသောစကားကြောင့် အသားတွေတဆတ်ဆတ်တုန်နေလျှက်က ဦးနိုင်မင်းမျက်နှာအား စေ့စေ့ကြည့်ကာ _

''ရှင် ... ရှင် ကျွန်မ ရှင်နဲ့မပေါင်းတော့ဘူး ကွာမယ်''

''အေး ... ကြိုက်တယ် ငါလည်းနောက်ထပ်ချိုထပ်အပေါက်မခံနိုင်ဘူး ... မနက်ဖြန် မင်းရှေ့နေခေါ် လိုချင်တာအကုန်ယူသွား၊ ငါက အချစ်ကြီးသလို အမျက်လည်းကြီးတယ်''

ဖွန့်သက်အောင်သည် နှုတ်ခမ်းဖူးလေးအား ပြတ်တောက်လုမတတ်ကိုက်ကာ ဧည့်ခန်းထဲကနေ ချာခနဲ လှည့်ထွက်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးနိုင်မင်းသည် သောက်လက်စအရက်ပုလင်းအား ဒေါသအရှိန်မကုန်သေးဟန်ဖြင့် နံရံဆီသို့ ပစ်ပေါက်လိုက်လေသည်။

အမှောင်က တဖြည်းဖြည်း ပို၍ပို၍ နက်ရှိုင်း၍ လာနေလေသည်။



## ကြွက်မင်းတဲ့ ဗဟိုသနေ

နောက်တစ်နေ့မနက်တွင် ဘူးဆိုင်ဖရုံမသီးတာတ်သည့် စိတ်တတ်မာကြောခက်ထန်သည့် ဦးနိုင်မင်းနှင့် မာနတရားကြီးမားတတ်သည့် ဖွန်သက်အောင်တို့နှစ်ဦးသည် ရှေ့နေကြီးဦးကျော်သက်ထံ၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲလိုက်ကြလေသည်။ ယင်းအဖြစ်အပျက်အားနှစ်ဖက်ရင်းနှီးသောမိတ်ဆွေတစ်ဦးစ နှစ်ဦးစမှလွဲ၍ မည်သူမျှ မသိရှိလိုက်ကြပါပေ။

သူတို့နှစ်ဦး ကွာရှင်းပြတ်စဲသည့်အချိန်၌ ဖွန်သက်အောင်၌ သားကြီးနှင့်သမီးနှစ်ယောက်အပြင် ကိုယ်ဝန်ပါရှိနေချိန်ဖြစ်သည်။ ဦးနိုင်မင်းသည် သူပိုင်ဆိုင်သော မည်သည့်ပစ္စည်းကိုမျှ မယူဆောင်ဘဲ ဖွန်သက်အောင်အား ပေးရစ်ခဲ့လေသည်။ ယင်းနောက် သူ၏သားသမီးသုံးယောက်အား လက်ဆွဲလျက် အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် မြို့ကလေးကနေပျောက်ချင်းမလှ ပျောက်ဆုံးသွားလေတော့သည်။

ဖွန်သက်အောင်ဟူသော မိန်းမချောလေးသည်လည်း မာနအလွန်ကြီးလှသည်။ မျက်ရည်တစ်စက်မျှမကျဘဲ ကျန်ရစ်သည့် ပစ္စည်းများ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းများအား သူမတစ်ဦးတည်းဆက်လက်၍ အလုပ်သမားများနှင့် လည်ပတ်လုပ်ကိုင်နေခဲ့၏။

သို့သော် ဖွန်သက်အောင်သည် နဂိုကပင် ရွှေပင်နား၍ ရွှေကျေး ဖြစ်ရသူ စိုင်ကော်၍ ချုပေါ်ရောက်ခဲ့ရသူတစ်ဦးပီပီ ဦးနိုင်မင်းလုပ်ကိုင်ခဲ့ သည့်စီးပွားရေးလုပ်ငန်းများအား ကျွမ်းကျင်စွာ မစီမံမလုပ်ကိုင်နိုင်ပေ။

အလုပ်သမားများသည်လည်း ဦးနိုင်မင်းကိုသာ လေးစားရိုသေ ကြပြီး ဖွန်သက်အောင်ကိုမူ ပညာအမျိုးမျိုးပြလေတော့သည်။ သိပ်လည်း လေးစားခန့်ညားမှုမရှိပေ။ သည်အတွက်လည်း ဦးနိုင်မင်းဖြင့် ကွာရှင်းပြီး ခြောက်လပင်မရှိသေးချေ။ လုပ်ငန်းအချို့ အရှုံးပေါ်ကာ ရပ်ဆိုင်းရမလိုလို ဖြစ်လာ၏။ စီးပွားရေးပျက်ပြားစ ပြုလာလေသည်။

ဖွန်သက်အောင်ကလည်း နဂိုကမှ အရှုံ့တိုက်တတ်သူပီပီ စီးပွား ရေးအကြောင်းပြကာ ရွယ်တူယောက်ျားသားများဖြင့် စားသောက်ဆိုင်တက် မပျက်။ ညဉ့်ခံပွဲသွားမပျက်ပေ။ ဦးနိုင်မင်းဖြင့်ရခဲ့သည့် ပဋိသန္ဓေကိုယ်ဝန် အားလည်း နည်းမျိုးစုံဖြင့် ဖျက်ဆီးပစ်ပါသော်လည်း ကိုယ်ဝန်ကမူ တစ်စ တစ်စ ရင့်မာ၍လာခဲ့၏။

ယင်းကြားထဲ၌ သူမ၏ လှုယုံများဖြင့်လွှဲထားသည့် စီးပွားရေး လုပ်ငန်းများမှာ လျှော့ကျလာခဲ့သလို ငွေသန်းချီ၍လည်း လူလိမ်ခံလိုက်ရ ပြန်သည်။ ယင်းအချိန် ဖွန်သက်အောင်သည် အကြွေးပတ်လည်ဝိုင်းနေ ပြီဖြစ်သည်။

နောက်ဆုံး ကြံရာမရဖြစ်ကာ သူမနေထိုင်သော ခြံဖြင့်တိုက်ကြီး ကိုပင် ပေါင်နှံထားရသည့်အခြေအနေသို့ ရောက်ရှိလာခဲ့တော့၏။ ထိုသော အခါ သူမ၏နဘေးမှ သူမထံမှနည်းမျိုးစုံဖြင့် အကူအညီတောင်းခံခဲ့ကြ သော လူအများလည်း တဖြည်းဖြည်းရှဲသွားကြသည်။

ဖွန်သက်အောင်သည် ဒါကိုပင် သူမ၏ဝမ်းဗိုက်ထဲမှ လွယ်ပိုးထား





ရပါသော ကိုယ်ဝန်ကြောင့်ဟု စွဲထင်နေလေသည်။ ကိုယ်ဝန်ကလည်း တစ်နေ့ထက်တစ်နေ့ ပို၍ရင့်လာ၏။

"တောက် ... သင်းကြောင့် ငါအခုလို စီးပွားပျက်အထိ ဒုက္ခ ရောက်ရတာ၊ ဒင်းဟာ ငါ့ကိုကောင်းကျိုးပေးတဲ့ ရင်သွေးမဟုတ်ဘူး၊ သူ့ ကိုယ်ဝန်စပြီးလွယ်ကတည်းက ယောက်ျားနဲ့ကွဲခဲ့ရတယ်၊ နောက် ငါနည်း မျိုးစုံနဲ့ ဖျက်ဆီးပစ်တာတောင် သင်းက အတော်အသက်ပြင်းတယ်၊ သင်း ကို ကိုယ်ဝန်စလွယ်ရကတည်းက ငါစီးပွားတွေပျက်တာ ... အခု လုံးဝ နာလံမထူတော့ဘူး၊ ဒီကိုယ်ဝန်ဟာ ဂြိုဟ်ဆိုးပဲ ... တောက်"

ဖွန်သက်အောင်သည် မိမိ၏လူမှုရေးဖောက်ပြန်မှု အကျင့်သီလ မစင်ကြယ်မှုအပြင် စီးပွားရေးလုပ်ငန်းများအားကောင်းမွန်စွာ စီမံအုပ်ချုပ် ဦးဆောင်နိုင်ခြင်း အရည်အချင်းမဲ့၍ စီးပွားပျက်ရခြင်းဟု မတွေးဘဲ သူမ လွယ်ပိုးထားရသည့် ဦးနိုင်မင်း၏သွေးကြောင့်ဟု အပြစ်မရှိသည့် မမွေး ဖွားရသေးသော ရင်သွေးအပေါ် အမုန်းပိုအမျက်သိုနေလေသည်။ ရင်းနှီး လွန်းသူများက ဖျောင်းဖျပြောဆိုပါသော်လည်း မရချေ။

သိပ်မကြာမီမှာပင် ဖွန်သက်အောင်သည် ကိုယ်ဝန်အား မွေးဖွား ရလေတော့၏။ သို့သော် ယင်းအချိန်မှာပင် တိုက်ဆိုင်လွန်းလှသော ကံကြမ္မာကိုပဲ အပြစ်တင်ရလေမလား။ မမွေးဖွားရသေးသော ကလေးငယ် ၏ အတိတ်ကသိုလ်ကံပဲ ဆိုးရွားလွန်းလှသည်ဆိုရမလား။ ဖွန်သက်အောင် မမွေးဖွားမီ တစ်ပတ်တိတိအလိုတွင် ပေါင်နှံထားသည့် ခြံဖြင့်အိမ်ကြီးအား အကြွေးရှင်က လာရောက်၍ သိမ်းဆည်းလိုက်လေတော့သည်။

ဖွန်သက်အောင်သည် မျက်ရည်လည်ရွဲဖြင့် ကြီးကျယ်ခမ်းနားစွာ ဘုရင်မတစ်ပါးအလားနေထိုင်သော ခြံနှင့်အိမ်ကြီးအား ကျောခိုင်းကာ တစ်ချိန်က သူမကျေးဖူးရှိခဲ့ဖူးသော မြို့စွန်ရပ်ကွက်ငယ်လေးတစ်ခုရှိ ခေါ်မငယ်အမည်ရှိ အမျိုးသမီးကြီးထံ ခိုကပ်နေထိုင်ခဲ့ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝအလှည့်အပြောင်းသည် ကြောက်မက်ဖွယ် ကောင်းလွန်းလှပေ၏။

ယင်းမြို့စွန်ရပ်ကွက်လေးမှာပင် ဖွန်သက်အောင်သည် ကလေးအား မွေးဖွားခဲ့လေတော့သည်။ ဒေါ်မငယ်သည် များစွာအကူအညီပေးလေသည်။

ဖွန်သက်အောင်မွေးဖွားသည်မှာ ယောက်ျားကလေးဖြစ်၏။

"ဟယ် ဖွန်သက်ရယ် _ ဖွန်သက်ရဲ့သားလေးက တစ်လုံးတစ်ခဲ ဖွေးဖွေးကြီးဟဲ့ _ ထွားကျိုင်းလိုက်တာလဲလွန်ရော နဖူးရေရှုးရေကလဲ ကောင်းပါ့တော်"

"ဒေါ်ငယ် ... "

"အေ ... ဘာတုန်း"

"နောက် _ အဲဒီကလေးနဲ့ပတ်သက်လို့ ကျွန်မရှေ့ ဘာစကားမှ မပြောပါနဲ့၊ ကျွန်မ ဒီကလေးကို သိပ်ချစ်သိပ်မြတ်နိုးလို့ မွေးချင်လွန်းလို့ မွေးတာမဟုတ်ဘူးဆိုတာလည်း ဒေါ်ငယ်သိသားပဲ _ ကျွန်မ သူ့အသံ မကြားချင်သလို သူ့မျက်နှာလည်းမမြင်ချင်ဘူး _ အို ရှင်းရှင်းပြောရရင် ကျွန်မ ဒီဘဝ ဒီအခြေအနေထိ ဆင်းရဲမွဲတေသွားရတာ ဒီကလေးကြောင့်ပဲ"

"အို ... မဟုတ်တာ ဖွန်သက်ရယ် ... လူ့ဘဝဆိုတာ"

"ဒီမှာ ဒေါ်ငယ် ... ကျွန်မကို တရားလာမပြနဲ့ ကျွန်မ ဒီကလေးကြောင့် ဒီဘဝရောက်ရတာပဲ ... သူ့ကို ကျွန်မစိတ်နာတယ်၊ သူဟာ ကျွန်မအတွက် ဂြိုဟ်ဆိုးတစ်ကောင်ပဲ၊ မကောင်းဆိုးဝါးပဲ ... ဟွန်း၊ _ ဒီတော့ ဒီနေ့ကစပြီး သူ့ကိုဒေါ်ငယ်ပဲ မွေးစားလိုက်တော့၊ သူ့ရဲ့ ချေးသေးကလူ့ဒုက္ခလည်း ကျွန်မ မခံနိုင်ဘူး"

ဖွန်သက်အောင်၏စကားတို့သည် မိခင်မဆန်လှစွာပင် ခက်ထန်နေလေသည်။ သူမသည် နဂိုကမှ တလွဲဆံပင်ကောင်း ဂုဏ်မာနခက်ထန်





သူ့ပီပီ ယင်းကလေးအား မွေးဖွားပြီးကတည်းက နို့တိုက်ဖို့နေနေသာ ငဲ့စောင်း၍ပင်မကြည့်တော့ပေ။ ဒေါ်ငယ်သည် ဖွန်သက်အောင်၏အိမ်၌ ဦးနိုင်မင်းရှိစဉ်ကပင် အိမ်ဖော်ထမင်းချက်အဖြစ် လုပ်ကိုင်ခဲ့ဖူးသလို ဖွန်သက်အောင်၏ ကျေးဇူးတရားလည်းရှိနေ၍ ပင့်သက်ကိုသာ အကြိမ်ကြိမ်ချမိလေတော့၏။

ယင်းနေ့မှစတင်ကာ ဒေါ်ငယ်သည် လူ့လောကတွင်းသို့ အပြစ်ကင်းမဲ့စွာရောက်ရှိလာသော ကလေးငယ်လူမမယ်လေးအား စာနာသနားလွန်းစွာဖြင့် နေ့မအိပ်ညမအိပ် ကရိကထခံကာ ပြုစုရလေတော့၏။ ဖွန်သက်အောင်ထုတ်ပေးသော ငွေကြေးလေးများထဲမှပင် နို့မှုန့်ငယ်ကာ တိုက်ကျွေးရသည်။

ဖွန်သက်အောင်ကမူ ကလေးမွေးပြီး သိပ်မကြာခင်မှာပင် သူမ၏ အကျင့်ဆိုးဝသီအတိုင်း အပျိုဖြန်းမလေးတစ်ယောက်အလား ကျော့မော့စွာ ဖီးလိမ်းပြင်ဆင်လျက် နေ့ရှိသမျှ အပေါင်းအဖော် ယောက်ျားတစ်ယောက်မဟုတ် တစ်ယောက်ဖြင့် အပြင်ချည်းထွက်နေတော့၏။

တစ်ခါတရံ ညဦးနက်သန်းခေါင် အချိန်အခါမရှိ ပြန်လာချင်သည့် အချိန်လည်း ပြန်လာတတ်သည်။ မြို့စွန်ရပ်ကွက်လေးပီပီ ဒေါ်ငယ်ဖြင့် ခြံနားနီးချင်းအချို့ကလည်း ဖွန်သက်အောင်၏ ခေတ်ပေါ်လော်လီသည့် ဝတ်စားဆင်ယင်မှုဖြင့် အနေအထိုင်အသွားအလာအားကြည့်ရှုကာ တီးတိုးဝေဖန်စကားဆိုကြ၏။

"ဟဲ့ ... ဟဲ့ ... လုခင် ဟိုမှာ ... ထွက်ပြီ"

"အင်းလေ အချိန်မှန်ပဲပေါ့ ... အဲဒါပေါ့ နေတော့တဲ့ပုတ်ဝတ်တော့ ကနုတ်ဆိုတာ ဝတ်လိုက်ရင် အကောင်းစား အညွန့်စားကြီးပဲ ကလေးအမေသာဆိုတယ် အပျိုရှုံးတယ်အေ့"

"အမလေး _ ကလေးသာမွေးတယ်၊ ဘယ်မှာနို့တစ်စက်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖူးလို့လဲ _ ကျုပ်သတင်းကြားတာကတော့ အထည်ကြီးပျက်တဲ့ ရှုပ်လွန်း ပွေလွန်းလို့ လင်နဲ့ကွဲပြီး ဒီဘဝ ဒီအခြေအနေထိရောက်သွားတာ၊ ခုလည်း တစ်နေရာရာ ချိန်းထားတာရှိလို့နေမှာပေါ့"

"အင်း _ဟုတ်မှာပေါ့ တွဲတဲ့ယောက်ျားတွေကလည်း ကားတစီစီ နဲ့ကြည့်ရတာ အထက်တန်းစား ပိုင်းလုံးနေမှာပေါ့အေ _ ပြန်လာတော့ လည်း အချိန်မရှိ အခါမရှိ အထည်ကြီးပျက်တွေများတယ်အေ့ ... ဒီခေတ်ကြီးထဲ ဒါမျိုးတွေက ... ပေါပါ့ ... "

"ဒါပေမဲ့ လူခင်ရယ် ကျုပ်တို့ရပ်ကွက်နာတာပေါ့အေ ... ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲ _ သူက အိမ်မှာလုပ်စားတာမှ မဟုတ်ဘဲ၊ ဒီတော့ ရပ်ကွက်ကနှင်ဖို့ခက်နေတာပေါ့ ... ဒေါ်ငယ်ကြီးကတော့ သူ့ သူ့ဗွေးမကာ အစကတည်းက အဲသလို အပေါင်းအသင်းများတယ်လို့တော့ ဆိုသား၊ ဒေါ်ငယ်လည်း အလိုတူအလိုပါ နေမှာပါအေ _ "

ထိုစဉ် လူခင်တို့စကားပြောနေရာသို့ တစ်ဘက်ခြံမှ ကလေးငိုသံ ကစူးဝါးဝါး ထွက်ပေါ်လာလေသည်။

"ဟော _ ကလေးငိုသံ"

"အင်းလေ _ အဲဒီ ဖွန်သက်အောင်က အဲဒီကလေးကြောင့် သူ့စီးပွားပျက်ပြီး ဒီအခြေအနေမျိုးရောက်ရတာဆိုပြီး တစ်ချက်လှည့်ကြည့် တာမဟုတ်ဘူး ... ဒေါ်ငယ်ရဲ့သားလို့ပဲ ပြောရမလိုဖြစ်နေပြီ၊ သူ့ခမျာ နေ့မအိပ်ရ ညမအိပ်ရ သနားပါတယ် _ ကလေးလေးကို ကျုပ်သုံးလေး ခါလား မြင်ဖူးပါကယ်၊ ချစ်စရာ ဖြူဖြူဖွေးဖွေးလေးတော့ ... "

"အင်း အဲဒီကလေးကလည်း ကံကိုဆိုးလွန်းပါတယ်အေ ... ခဏနေဦး ကျုပ် _ အဲဒီဘက်ခြံကူးပြီး ဒေါ်ငယ်ကြီးဆီ စနည်းနာလိုက် ဦးမယ်"

"ဒါဆို _ ကျုပ်လည်းလိုက်မယ်"





စပ်စုတတ်သောမိန်းမတို့၏ သဘာဝအတိုင်း မိမိပြောချင်ရာ အတင်းအဖျင်းများ အားမနာပြောဆိုပြီးလျှင် နှစ်ယောက်သား တစ်ဘက် ခြံသို့ ကူးသွားလေတော့၏။ ကလေးငိုသံမှာ ကျယ်လောင်နေဆဲပင်။

သူမတို့နှစ်ယောက် ရောက်သွားသောအခါ ဒေါ်ငယ်၏တဲအိမ် လေးအတွင်း၌ အနီးများဖြင့်အလုပ်ရှုပ်နေသည့် ဒေါ်မငယ်အား မြင်ကြ ရလေသည်။

"ဒေါ်ငယ် _ ကလေးကငိုလှချည်လား ဘာဖြစ်လို့လဲ"

"ဩော် ... လူခင်နဲ့ထွေးရီ လာလေ၊ ဘာဖြစ်ရမလဲအေ၊ ငါ့မြေး ပြည့်စုံအောင်က ရှူးရှူးတွေပေါက်ပြီး တစ်ငိုတည်းငိုနေတာ နို့ဘူး တိုက်လို့လည်း မရဘူး"

"သူ့အမေက ဘယ်သူနဲ့ချိန်းထားလို့လဲ ထွက်သွားတာတော့ ကော့နေတာပဲ ဒေါ်ငယ်ရေ၊ ဒေါ်ငယ်လည်းမကြီးမငယ်နဲ့ အသက်ကြီးမှ ကလေးတစ်ယောက်နဲ့ ဒုက္ခရောက်နေရပြီ _ "

"မိဖွန်ကတော့ ထုံးစံအတိုင်းပေါ့အေ _ အလုပ်ကိစ္စချိန်းထား တာရှိလို့ ထွက်သွားတာပဲ၊ သူက အခုအိမ်ပွဲစား ကားပွဲစားလုပ်နေတယ် လေ၊ မိုးလင်းဆို အိမ်ကထွက်ရတာ မောင်ပြည့်စုံအောင်ရဲ့ချေးသေးကလူ က ငါ့ကိစ္စပေါ့၊ ငါလည်း ဒီလူမမယ်လေးကို သနားပါတယ် _ "

"ကလေးရဲ့ရုပ်က သူ့ဖအေနဲ့ဆင်သလား ဖွန်သက်အောင်နဲ့လည်း သိပ်မဆင်ဘူးနော် ... ဒေါ်ငယ် နှာတံက စင်းစင်းလေး"

လူခင်က မသိမသာစပ်စုလိုက်ပြန်သည်။ သူ့ဖွေးဦးနိုင်မင်းဆိုတာ နာမည်သာကြားဖူးသော်လည်း သူတို့မမြင်မတွေ့ဘူးချေ။ ထို့ကြောင့်လည်း တစ်ချက်ခုတ်သုံးချက်ပြတ် သိချင်၍စပ်စုလိုက်ခြင်း ဖြစ်သည်။

ဒေါ်ငယ်က လူခင်တို့ တမင်တကာ ခြံကူးကာ စပ်စုကြခြင်းဖြစ် မှန်းသိသော်လည်း သက်ပြင်းတစ်ခုချကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကလေးက မောင်နိုင်မင်းရုပ်နဲ့ တစ်ထေရာတည်းပဲအေ့ ... အဲဒါကိုက ငါ့မြေးလေး ကံဆိုးဖို့ဖြစ်လာတာပဲ၊ မအေကလည်း သူ့လင်နဲ့တူလို့စိတ်နာတယ်ဆိုပြီးပစ်ထား၊ ဖအေဖြစ်တဲ့ မောင်နိုင်မင်းကလည်း ကလေးသုံးယောက်နဲ့ မိန်းမနဲ့ပြတ်စဲပြီးကတည်းက ရန်ကုန်မှာလိုလို၊ နိုင်ငံခြားကိုပဲ ထွက်သွားသလိုလို၊ ဘာသတင်းမှုစုံစမ်းမရ၊ အမှန်တော့ ဒီကလေးက သူ့ဖအေရင်းလက်ထဲမှာဆို အိမ်ဖော်နဲ့အစေခံနဲ့ ချမ်းချမ်းသာသာနေရမှာအေ့ ... ဘယ်တတ်နိုင်မလဲလေ ... ကလေးရဲ့အတိတ်ဘဝက ကုသိုလ်ကံပဲပေါ့"

"သူ့ဖအေဆိုတဲ့ သူဌေးဦးနိုင်မင်းက နောက်မိန်းမနဲ့လား ... အင်း မောင်နိုင်မင်းက ဖွန်သက်ထက် အသက်ဆယ်နှစ်လောက်ကြီးတယ်ဆိုပေမဲ့ တည်ငြိမ်ပြီး ယောက်ျားပီသပါတယ် ... စီးပွားရေးကလည်း လုပ်တိုင်းဖြစ်တယ် မိန်းကလေး မိုက်လုံးကြီးတာ"

"ဘယ်လို မိုက်လုံးကြီးတာလဲ ဒေါ်ငယ်ရဲ့ ပြောစမ်းပါဦး ... စီးပွားပျက်လို့သာပြောရတယ်နော်၊ ငွေကိုတော့ ရေလိုသုံးနိုင်သလို ဝတ်စားထားတာကလဲ သစ်ပေ့ ချွတ်ပေ့ကြီးပဲ အဟင်း ... "

"အို ... ဒါတင်ဘယ်ဟုတ်မလဲ သူ့ကို လာကြိုလာပို့တဲ့ကားတွေကလည်း ထည့်လဲပဲဥစ္စာ ဟင်းဟင်း ... "

"အဲဒီကိစ္စကြောင့်ပဲ လင်မယားချင်းစကားများ ကွဲကြတာပေါ့၊ ဖွန်သက်က နဂိုထဲက ခေတ်ဆန်ပြီး အပေါင်းအသင်းများတယ်လေ၊ စီးပွားရေးသမားဆိုတော့ ပိုဆိုးတာပေါ့ ... ကဲ ကဲ ... ကလေးလည်း အငိုတိတ်သွားပြီ ... ငါလည်း ခုမှ ထမင်းချက်ရဦးမှာ"

ဒေါ်ငယ်သည် စကားကိုရှေ့ဆက်မပြောချင်တော့၍ ခြံနီးချင်းလုခင်နှင့်ထွေးရီအား စကားပရိယာယ်ဖြင့် နှင်လွှတ်လိုက်လေသည်။ လုခင်တို့လည်း ပြန်သွားလေသည်။





ဒီတော့မှပဲ ဒေါ်ငယ်သည် ကလေးအားသိပ်၍ သူမလုပ်ကိုင်စရာချက်ပြုတ်စရာရှိသည်များကို ချက်ပြုတ်လုပ်ကိုင်ရလေတော့သည်။ ထွေးရီကိုပြောသလို သူမအသက်ငါးဆယ်ကျော်မှ ကံပေါ်သလို လင်မရှိပါဘဲ ကလေးမအေဘဝသို့ ရောက်ရှိနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## မုန်းတီးခြင်းနဲ့ စွန့်ပစ်ခြင်း

ဖွန့်သက်အောင်သည် မှန်တင်ခုံရှေ့ကနေ သူမကိုယ်သူမ ဖီးလိမ်း အလှပြင်ပြီး၍ ကြည့်ရှုကာ တဲရှေ့သို့ထွက်လာခဲ့၏။ မနက်ခင်း၏နေရောင်ခြည်နုနုတို့က ဒေါ်ငယ်၏တဲဝန်းကျင်သို့ ဖြန့်ယှက်ကျရောက်နေလေပြီ။

တဲကြီး၏ ခေါင်းရင်းခန်း၌ ဒေါ်ငယ်သည် ကလေးဖြင့်အတူ ကလေးအား နို့ဘူးတိုက်နေလေသည်။ ဖွန့်သက်အောင်သည် ဒေါ်ငယ်၏ ရင်ခွင်တွင်းမှ ကလေးအား တစ်ချက်မျှငဲ့စောင်းကြည့်ကာ ...

"ကျွန်မသွားမယ် ဒေါ်ငယ်"

"နေဦး ... ဖွန့်သက် မိဖွန့်ကို ဒေါ်ကြီးပြောစရာရှိတယ်"

ဒေါ်ငယ်၏စကားကြောင့် စောစောစီးစီး ဖွန့်သက်အောင်၏ မျက်နှာပေါ်၌ စိတ်ရှုပ်ထွေးသွားဟန် အထင်းသားပေါ်လွင်သွားပြီး ...

"ကျွန်မ ချိန်းထားတာရှိတယ် ... ဒေါ်ငယ် ဘာပြောမလို့လဲ"

"မိဖွန့်ရယ် ဒီကလေးဟာ မိဖွန့်ရဲ့ကလေးပါ ... တစ်ခါတလေများ မိဖွန့်သားကလေးကို"

"အို ... ဒီဂြိုဟ်ကောင်လေးကို ချီဖို့ထိန်းကျောင်းဖို့မပြောနဲ့





နဂိုထဲက ကျွန်မ သူ့ကိုမချစ်ဘူးလို့ပြောထားတာပဲ၊ ဒီကောင်လေးက ကျွန်မသားမဟုတ်ဘူး ... မကောင်းဆိုးဝါး ဂြိုဟ်ကောင်လေးပဲ"

"အို ... မိဖွန့်ကလည်းကွယ် ကလေးကို ... "

"ကျွန်မ သူ့ကိုမုန်းတယ် ဒေါ်ငယ် ... သူ့မျက်နှာကိုလည်း ကျွန်မ,မမြင်ချင်သလို ဘယ်တော့မှလည်း ကျွန်မ,မတွေ့ချင်ဘူးရော့၊ ဟောဒါ ဒေါ်ငယ်သုံးဖို့ငွေ ကျွန်မသွားမယ် ... "

မိန်းမချောလေး ဖွန့်သက်အောင်သည် ယင်းစကားကို ခက်ထန်တင်းမာစွာပြောပြီး ဒေါ်ငယ်၏ရှေ့သို့ ငွေတစ်ထပ် ပစ်ချပေးလိုက်၏။ ဒေါ်ငယ် အံ့ဩမင်သက်စွာငေးကြောင်ကြည့်နေဆဲ၌ ဖွန့်သက်အောင်သည် အိမ်ပေါ်ကနေ ဆင်းသွားလေတော့၏။

ယင်းအချိန်မှာ ဖွန့်သက်အောင်အား လာရောက်ကြိုဆိုသော ကားလေးသည် အိမ်ရှေ့သို့ရောက်ရှိလာ၏။ ဖွန့်သက်အောင်သည် အသင့်ဖွင့်ထားသည့်ကားတွင်းသို့ ကျော့မော့စွာ တက်သွားလေတော့သည်။

ယင်းကားကို ဒေါ်ငယ်သိသည်။ မိုးကုတ်မှ ကျောက်သူဌေးတစ်ဦးပိုင်သည့်ကားဟု ဖွန့်သက်အောင်က ပြောပြထား၏။

ဒေါ်ငယ်သည် ဖွန့်သက်အောင်အား ယင်းနေ့ကနောက်ဆုံး စကားပြောတွေ့မြင်လိုက်ရခြင်းပင် ဖြစ်လေတော့သည်။ မည်သည့်အတွက်ကြောင့်ဆိုသော် ယင်းနေ့က သူမသည် ပြန်လည်မရောက်လာခဲ့သလို တစ်ပတ်၊ တစ်လခန့်ကြာမြင့်သွားချိန်ထိ ဖွန့်သက်အောင်သည် ဒေါ်ငယ့်ထံသို့ ပြန်လည်ရောက်မလာတော့ပေ။

ဖွန့်သက်အောင်သည် ဒေါ်ငယ်ဖြင့်ကလေးငယ်အား စွန့်ခွာသွားခဲ့ပြီဖြစ်၏။ ရပ်ကွက်ထဲက လူအများစုကမူ သူမသည် မိုးကုတ်က ကျောက်သူဌေးတစ်ဦးဖြင့် ငြိစွန်းကာ အပြီးတိုင်လိုက်ပါသွားသလို နယ်စပ်သို့စီးပွားရှာထွက်ခွာသွားသလို အမျိုးမျိုးပြောဆိုဝေဖန်လျှက် ရှိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငယ်ကမူ ဖွန်သက်အောင်၏အဖြစ်သနစ်အား လာရောက်မေးမြန်းသူ စပ်စုသူဟူသမျှအား မျက်နှာကြီးတင်းမာလျက် ခေါင်းသာရမ်းပြနေလေတော့သည်။ သည့်နောက် နဂိုကမှ ဆင်းရဲနွမ်းပါးသူ ဒေါ်ငယ်သည် အသက်ရွယ်ကြီးပါမှ ပြည့်စုံအောင်လေးနှင့်သူမ၏ စားရေးသောက်ရေးအတွက် ရပ်ကွက်တွင်း၌ ကြုံရာကျပန်းလုပ်ငန်းများကို လုပ်ကိုင်ရှာဖွေကျွေးမွေးလေတော့၏။

ရင်းနှီးခင်မင်သော ရပ်ကွက်သူရပ်ကွက်သားအချို့ကမူ ဒေါ်ငယ်ဖြင့် ပြည့်စုံအောင်လေးအား သနားကရုဏာသက်စွာ ကျွေးမွေးပေးကမ်းကြလေသည်။ ယင်းသို့ဖြင့် ပြည့်စုံအောင်လေးသည် စကားပြောတတ်စပြေးလွှားဆော့ကစားတက်စ အရွယ်သို့ပင်ရောက်ရှိလာသည်။

ဒေါ်ငယ်သည် သူမ မည်သို့သော ကြုံရာကျပန်းလုပ်ငန်းများကိုဝမ်းရေးအတွက်လုပ်ကိုင်ရစေကာမူ ပြည့်စုံအောင်လေးအား သားအရင်းကဲ့သို့ ချစ်ခင်လေသည်။ ယင်းသို့ဖြင့် ပြည့်စုံအောင်လေးသည် လေးနှစ်ကျော် ငါးနှစ်ရွယ်သို့ ရောက်ရှိလာလေသည်။

ဒေါ်ငယ်သည်လည်း အသက်ရွယ်ကြီးရင့်မှုအောက် ပင်ပန်းဆင်းရဲမှုတို့၏ဒဏ်ကြောင့် နဂိုကမှရှိခဲ့သော ချောင်းဆိုးသွေးပါ အဆုတ်နာသည့် ပိုမိုပြင်းထန်လာလေတော့သည်။ ဆေးမီးတိုမျှ သောက်ပါသော်လည်း မပျောက်ကင်းနိုင်ပေ။

''အဟွတ် ... ဟွတ်''

''အ ... အဘွား ... နေမကောင်းဘူးလား''

''ကောင်း ... ကောင်းပါတယ် မြေးလေးရယ် ... မြေးလေးဒီနေ့ ဘုန်းကြီးကျောင်းမသွားတော့ဘူးလား''

''သွားမယ်လေ ... အဘွားရ အပြန်ကျ သား ... အဘွားစားဖို့ ထမင်းနဲ့ ဟင်းယူလာခဲ့မယ် သိလား၊ အဘွား သား ... သွားမယ်နော်''





မောင်ပြည့်စုံအောင်သည် ဒေါ်ငယ်အား ဤသို့ပြောဆိုပြီးနောက် မြို့စွန်မနီးမဝေးရှိ ဘုန်းကြီးကျောင်းသို့ ပြေးသွားလေတော့သည်။ ဒေါ်ငယ်သည် ပြည့်စုံအောင်လေးအား ရပ်ကွက်စွန်ရှိ ဘုန်းတော်ကြီးကျောင်းသို့ သူမ မရှိသည့်နောက် နောင်ရေးစိတ်အေးရအောင် သွားရောက်အပ်နှံထားလေသည်။

ပြည့်စုံအောင်သည် ယင်းဘုန်းတော်ကြီးကျောင်းသို့ မနက်အရုဏ်တက်သည်နှင့် အပြေးသွားကာ ကျောင်း၏ဝေယျာဝစ္စများအား အရွယ်ဖြင့်မလိုက်အောင်ပြုလုပ်ရလေသည်။ ရပ်ရွာထဲသို့ ဆွမ်းခံလိုက်ရသည်။ တံမြက်စည်းလှည်း ကုဋီသန့်ရှင်းရေးလုပ်ရသည်။ ကျောင်းမှ ကပ္ပိယကြီးဦးဖြူသီးဖြင့်လည်း ခင်မင်နေ၏။

နေ့ခင်း ဘုန်းကြီးနှင့်ကိုရင်များ ဆွမ်းစားပြီး၊ ဆွမ်းချိုင့်များဆေးကြောကာ ထမင်းစားသောက်ပြီး ဟင်းကျန်ဆွမ်းကျန်များအား ပိုလျှံသမျှ ဒေါ်ငယ်အတွက် ထုပ်ပိုးယူလာရသည်။ အမှန်ပြောရလျှင် ကျောင်းမှဆွမ်းကျန်ဟင်းကျန်များအား စားသောက်အသက်ရှင်နေရခြင်းဖြစ်သည်။

သိပ်မကြာမီမှာပင် အဆုတ်ရောဂါဖြင့် ဒေါ်ငယ်သည် လူ့လောကအားစွန့်ခွာသွားလေတော့သည်။ သည့်နောက် ပြည့်စုံအောင်သည် အလိုအလျောက် မိမဲ့ဘမဲ့ဖြစ်သွားကာ ရပ်ကွက်အစွန်ရှိ ဘုန်းကြီးကျောင်း၌ ကပ္ပိယကြီးဖြင့်နေထိုင်ရသည့်ဘဝသို့ ရောက်ရှိသွားလေတော့သည်။

ကပ္ပိယကြီးဦးဖြူသီးကလည်း ဖင်ပေါ့ပြီးခိုင်း၍ကောင်းသော ပြည့်စုံအောင်အား သားအဖြစ်ချစ်ခင်လေသည်။ ပြည့်စုံအောင်သည် ဘုန်းကြီးကျောင်းရှိ ကပ္ပိယကြီးဖြင့်အတူ ကပ်ရပ်နေထိုင်ကာ ကျောင်းဝိုင်းဝေယျာဝစ္စများကို မညည်းမညူ လုပ်ကိုင်ဆောင်ရွက်သည်။

နေ့လယ်ခင်း ဘုန်းတော်ကြီး ကျိန်းစက်သွားလျှင် ရွာထဲသို့သွားဘ ရေခဲချောင်းပုံးလေးဖြင့် ရေခဲထုပ်လည်ရောင်းသည်။ ပြည့်စုံအောင်



www.burmeseclassic.com

www.burmeseclassic.com



၏ ချောမောတည်ကြည်သည့်ရုပ်ရည်ဖြင့် မည်သည့်အလုပ်မဆို ဖင်ပေါ့စွာ လုပ်ကိုင်ကူညီပေးမှုကြောင့် အများကလည်း ချစ်ခင်ကြလေသည်။

ပြည့်စုံအောင်ရောင်းသမျှ အားပေးကြလေသည်။ သူသည် ရပ်ကွက်ထဲ ရေခဲထုပ် မုန့်ပဲသားရေစာ လှည့်လည်ရောင်းချပြီး၍ ညနေစောင်းၖ ကျောင်းသို့ပြန်လာ၏။ သူရရှိလာသော ငွေကြေးစလေးများအား အတူနေထိုင်သူ ကပ္ပိယကြီးထံ အပ်နှံသိမ်းဆည်းထားလေသည်။

ကပ္ပိယကြီး ဦးဖြူသီးဖြင့် ပြည့်စုံအောင်သည် ကျောင်းဝိုင်းအစွန်ၖ တဲကလေးတစ်လုံးဖြင့် နေထိုင်ကြသည်။

"အဘ ... ရေ ... အဘ"

"ဟေ ... လူလေးပြည့်စုံ၊ မင်းပြန်လာပြီလား၊ ဘယ်လိုလဲ ဒီနေ့ ရောင်းကောင်းရဲ့လားကွ"

"ဟာ _ ကောင်းတာပေါ့ အဘရ _ ကျွန်တော့်ရေခဲထုပ်တွေ ဒီနေ့ နေပူတာနဲ့ ခဏလေးကုန်သွားတယ်၊ ရပ်ကွက်ထဲက ဒေါ်ဖြူတုတ်ကြီးကို ရေကူထမ်းပေးနေတာနဲ့ ပိုက်ဆံပေးလိုက်သေးတယ်ဗျ _ ရော့ အဘ"

"အေး _ အေး ငါ့မြေး ပိုက်ဆံတွေ အဘ သိမ်းထားပါတယ်၊ အဘ ပိုက်ဆံတွေ အတော်များများရပြီလား ဟင် ... "

"ရပြီလေ ဘာဖြစ်လို့မေးတာလဲ လူလေးရဲ့ ... ပိုက်ဆံတွေ အများကြီးရပြီဆို နောက်နှစ် ကျွန်တော် ကျောင်းတက်လို့ ရပြီပေါ့ အဘရ ကျွန်တော်လည်း ရွာထဲက သူများတွေလို _ ကျောင်းအရမ်းတက်ချင်တာဗျ ... "

ကပ္ပိယကြီးသည် သူ့အားဝမ်းသာအားရပြောနေသော မောင်ပြည့်စုံအောင်အားကြည့်ကာ သက်မချလိုက်မိလေသည်။ ပြည့်စုံအောင်သည် ယခုနှစ်ဆို ခုနစ်နှစ်ခန့်ရှိပေပြီ။ ရွာထဲက ရွယ်တူကောင်လေးတွေနှယ်





ကျောင်းတက်ချင်ပေမည်။

ဒါကြောင့်လည်း၊ ကပ္ပိယကြီးသည် ပြည့်စုံအောင် ရွာထဲမုန့်လည်ရောင်း၍ အပ်နှံထားသည့် ငွေကြေးလေးများအား စုဆောင်းပေးထားသည်။ ရှေ့နှစ်ဆိုလျှင် ပြည့်စုံအောင်လည်း၊ အများနည်းတူ ကျောင်းတက်နိုင်ပေမည်။

ယင်းသို့ဖြင့် ကပ္ပိယကြီး၏ ရှေ့ရေးမျှော်မြင်မှု မောင်ပြည့်စုံအောင်၏ ဖွဲလုံ့လဝီရိယတို့ဖြင့် ငွေကြေးအနည်းငယ်ရလာသောအခါ ရွာကျောင်းၖ ကျောင်းတက်နိုင်ခဲ့သလို၊ ပြည့်စုံအောင်လည်း တစ်စတစ်စ အရွယ်ရောက်ရှိလာလေသည်။

နေ့များကိုရက်စား၍ အချိန်နာရီ မိနစ်တို့သည်လည်း တရွေ့ရွေ့ ကုန်လွန်ပြောင်းလဲလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အရိုင်းမဲ့ပန်းတစ်ပွင့်

"အဘဖြူသီး ..."

"ဟော့ ဘာပြောမလို့လဲ ... လူကလေး ..."

နေ့လယ်ခင်း ဆွမ်းစားပြီးချိန် ပြည့်စုံအောင်ဖြင့် ကပ္ပိယကြီးကို သိမ်းဆည်းစရာများအား သိမ်းဆည်းခဲ့ပြီး တဲကျောင်းလေးသို့ပြန်လာစဉ် ပြည့်စုံအောင် ခေါ်လိုက်ခြင်းဖြစ်သည်။

"လူတွေက ဘာဖြစ်လို့များ နိမ့်ကျတဲ့သူကို နှိမ်ချဆက်ဆံချင်ကြသလဲ မသိဘူးနော်"

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး အဘရာ _ ရွာထဲကလူအချို့က ကျွန်တော့်ကို မခေါ်ချင် မပြောချင်သလိုနဲ့ နောက်နေ့တွေဆို ကျွန်တော် ကိုရင်တွေ ဦးဇင်းတွေနဲ့ ရွာထဲဆွမ်းခံတောင် မလိုက်ချင်တော့ဘူး"

"လူလေးကို ဘာပြောကြလို့လဲ"

"ဟာ ... ပြောတာကတော့ အရေခွံထူနေပါပြီ အဘရာ ... အဓိက,ကတော့ ကျွန်တော်ရဲ့ဘဝအကြောင်းနဲ့ ကျွန်တော့်အမေအကြောင်း





ပေါ့ အဘရာ _ တစ်ခါတလေ မကောင်းတဲ့မိဘကနေ လူလာဖြစ်ရတဲ့ ကျွန်တော့်ဘဝကိုပဲ ကျွန်တော်နမြောတာ နာကြည်းမိတယ် _ "

"ဟာ _ လူလေးရာ မိဘမေတ္တာဆိုတာ တုနှိုင်းရာမရှိပါဘူးကွာ၊ ကိုယ့်မိဘဟာ နူနေရွဲနေပါစေ မိဘဟာမိဘပဲ၊ မိဘကိုသွားပြီးမစော်ကားမပြစ်မှားမိစေနဲ့ သူများတွေဘာပြောပြော ဂရုမစိုက်စမ်းပါနဲ့ကွာ၊ လူဆိုတာ ကိုယ့်လမ်းကိုယ်လျှောက်ရတာချည်းပါပဲ"

ကပ္ပိယကြီးသည် ခံပြင်းနေဟန်ရှိသော ပြည့်စုံအောင်အား ချော့မော့ဖျောင်းဖျလိုက်လေသည်။ ပြည့်စုံအောင်၏ ဘဝဖြစ်စဉ်အား သားသမီးရင်းဖြင့်မခြား မွေးကျွေးဒုက္ခခံခဲ့သူ ဒေါ်ငယ်ပြောပြ၍လည်း ငယ်စဉ်မွေးကတည်းက မိခင်ဖြစ်သူက ငဲ့စောင်းမကြည့်ဘဲ စွန့်ပစ်ခဲ့သူလေးမို့လည်း ပို၍ ကရုဏာသက်မိသည်။

ရွာထဲကလည်း ယင်းအကြောင်းများကလွဲလို့ မည်သည့်အကြောင်းမျှပြောမည်မဟုတ်ပေ။ အချို့ရွာသားများဆိုလျှင် ပြည့်စုံအောင်၏မိခင်ဖြစ်သူ၏အရိပ်ကြောင့် ပြည့်စုံအောင်အား အရောတဝင်မဆက်ဆံချင်မှုန်း ဦးဖြူသီးရိပ်မိသည်။ ဒါကြောင့်လည်း ပြည့်စုံအောင်သည် သူ့ဘဝသူ ခံပြင်းနေမှုန်းသိသည်။

မည်သည့်အတွက်ကြောင့်ဆိုသော် ပြည့်စုံအောင်သည် ယခုအခါ အသက်အရွယ်သည် လူပျိုကြီးဖားဖားဖြစ်လာ၍ ဆယ်တန်းကျောင်းသားကြီးပင်ဖြစ်နေပြီ မဟုတ်ပါလော။ ထိုအခါ ရွာထဲကလူအများ၏ အကြည့်အပြောအဆိုတို့အား လူပျိုပေါက်ပီပီ ရှက်ရွံ့ခံစားတက်လာပေမည်။

"အဘ ..."

"ဟေ _ ဘာတုန်း"

"ဒီနှစ် ကျွန်တော်စာမေးပွဲကြီးဖြေပြီးရင် ရန်ကုန်ကိုသွားမယ်ဗျာ၊ အဘ ဘာဘုန်းကြီးကို ခုတည်းက ကြိုပြီးလျှောက်ထားပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်ကို ဟုတ်လား ... ဝေးကဝေးနဲ့ကွာ၊ ဘာကိစ္စသွားချင်ရတာလဲ အသိအကျွမ်းကမရှိ ..."

"ဘာလို့အသိအကျွမ်းမရှိရမှာလဲ အဘရ ... ဘွားငယ် ကျွန်တော့်ကိုပြောပြထားဖူးတယ်၊ ရန်ကုန်မှာ ကျွန်တော့်အဖေနဲ့အစ်ကိုတွေ၊ အစ်မတွေနေကြတာတဲ့၊ ကျွန်တော် အဲဒါသွားရှာမလို့"

"အဲဒါကိုတော့ ငါတင်မဟုတ်ပါဘူးကွာ၊ ရွာထဲကလူအတော်များများသိနေတာပဲ ... ဒါပေမဲ့ အဲဒါက မင်းမမွေးခင်ထဲက ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေပါကွာ၊ ရန်ကုန်မြို့က အကြီးကြီး မင်းအတွက်ကောက်ရိုးပုံထဲ အပ်ပျောက်ရှာသလို ဖြစ်နေမှာပေါ့ ... စိတ်ကူးမယဉ်စမ်းပါနဲ့ကွာ"

"စိတ်ကူးယဉ်ပြီး ပြောတာမဟုတ်ပါဘူး ... အဘဖြူသီးရာ၊ ကျောင်းပိတ်ရက် ကျွန်တော် ရန်ကုန်တကယ်တက်မယ် ... ကျွန်တော့်မှာ ဘွားငယ်ပေးထားတဲ့ဓာတ်ပုံတွေ ရှိပါတယ်ဗျ ... ကျွန်တော်နဲ့အမေ့ပုံရယ်၊ အဖေနဲ့အမေ တွဲရိုက်ထားတဲ့ပုံ၊ ကျွန်တော့်အမေရဲ့သေတ္တာဟောင်းထဲကရတာလို့ မသေခင်ကပြောသွားတယ်"

"အေးလေ ... မင်း ဒီလောက်ဆန္ဒပြင်းထန်နေရင်လည်း ငါဘဘုန်းကို လျှောက်ပေးပါ့မယ်၊ မင်းအတွက်လည်း အတွေ့အကြုံတစ်ခုရတာပေါ့"

"ဟာ ... ဝမ်းသာလိုက်တာ အဘဖြူသီးရာ"

ပြည့်စုံအောင် အမှန်တကယ်လည်း ဝမ်းသာသွားလေသည်။ သူသည် ကပ္ပိယကြီးအားပြောပြီး သူငယ်စဉ်ထဲက သုံးစွဲခဲ့သည့် သေတ္တာအဟောင်းလေးထဲကနေ အတော်ပင်ဟောင်းနွမ်းနေစပြုသည့် ဓာတ်ပုံလေးသုံးပုံအား ထုတ်ယူကာကြည့်လိုက်၏။ ဓာတ်ပုံထဲမှာ သူ၏မိခင်နှင့်ဖခင် စုံတွဲရိုက်ထားသည့်ပုံ၊ ပြီးတော့ သူ၏အစ်ကိုဖြင့် အစ်မများရိုက်ထားသည့်ပုံများအား မှုန်ဝါးဝါးမြင်တွေ့နေရလေသည်။





သူသည် ဓာတ်ပုံများအား ပြန်လည်၍ သိမ်းဆည်းလိုက်ပြီး ဘွားငယ်၏ ပြောပြချက်အရရော၊ ရွာသားအချို့၏ပြောပြချက်အရရော ပျောက်ဆုံးနေသော သူ၏သွေးဆက်သားဆက်များအား ရှာဖွေရန် သံဓိဋ္ဌာန်ချလိုက်လေ၏။

မကြာမီပင် သူတို့ကျောင်းပိတ်ပေတော့မည်။

အဘဦးဖြူသီးကတော့ ထမင်းဆိပ်တက်ကာ အိပ်စက်ပျော်နေလေပြီ။ ပြည့်စုံအောင်လည်း မနက်ခင်း တုံးမောင်းခေါက်ချိန်ထဲက နိုးထနေခဲ့ရသူမို့ အနည်းငယ်အနားယူရန် တဲကြမ်းခင်းထက် ကျောလှဲလိုက်လေသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အနှိမ်ခံအဖယ်ခံ

၄

''နောင်ဝေဝေ ... ''

''ဆွမ်းတော်ဖျို့ ... ဆွမ်းတော် ... ''

နံနက်ခင်း၏ နေခြည်အလင်းတန်းတို့သည် ရွာလမ်းမတစ်လျှောက်ရှိ သစ်ပင်ကြီးငယ်တို့ အရွက်ကြားကနေ ဖြန့်ယှက်ကျနေလေပြီ။ နံနက်ခင်း၏ ထုံးစံအတိုင်း ရွာလမ်းတစ်လျှောက် ရွာဦးကျောင်းမှ ကြေးစည်သံ တနောင်နောင်က လွန်ချိုသာယာစွာ ပျံ့လွင့်လာလေသည်။

ကြေးစည်သံ တနောင်နောင်ကြောင့် ရွာလမ်းမရှိ အိမ်ခြံဝိုင်းများကနေ ဆွမ်းထွက်လောင်းကြ၏။ ကိုရင်လေးများ၏ နောက်ဆုံးတွင် ဆွမ်းတောင်းအား ထမ်းလျက် ပြည့်စုံအောင် လိုက်ပါလာလေသည်။ ဒါက ပြည့်စုံအောင်၏ နေ့တဓူဝတာဝန်ဖြစ်၏။

''နောင် ... ဝေ ... ဝေ''

ပြည့်စုံအောင်သည် ဆွမ်းဆောင်းထမ်းရင်းမှ ရှေ့ကလှမ်းမြင်နေရသော မွှေးမွှေးတို့ခြံဝိုင်းဆီ လှမ်းကြည့်လိုက်လေသည်။ ခြံဝမှာ မွှေးမွှေး ဆွမ်းထွက်လောင်းနေသည်ကို တွေ့ရ၏။





မွှေးမွှေးသည် ရွာထဲ၌ ပြည့်စုံအောင်၏ဘဝကို စာနာသူ နားလည်သူ ငယ်သူငယ်ချင်းပင်ဖြစ်လေသည်။ ကိုရင်လေးများ လွန်သွားသောအခါ မွှေးမွှေးသည် ခြံတွင်းသို့ပြန်မဝင်ဘဲ ပြည့်စုံအောင်အား စောင့်ဆိုင်းနေလေသည်။ ပြည့်စုံအောင် အနားရောက်တော့ ...

''ပြည့်စုံ ... ''

''ဘာလဲ ... မိမွှေး''

''နင် ... ညနေအားရင် ရွာထိပ် ကန်ဘောင်ကနေ စောင့်နေ ငါ နင်နဲ့စကားပြောစရာရှိလို့''

''ခု ... ပြောလို့မရဘူးလား မိမွှေး၊ ဘာတွေအရေးကြီးလို့လဲ''

''စကားမရှည်နဲ့၊ ငါ စောင့်ဆို စောင့်နေ ... ကဲ ... ဟိုမှာ ကိုရင်ပေါက်စတွေ အဝေးကြီးရောက်သွားပြီ မြန်မြန်လိုက်''

အရှေ့ဆီကနေ အတော်ဝေးဝေးသို့ရောက်သွားသော ကိုရင်လေးများနောက်သို့ပြည့်စုံအောင် အပြေးကလေးလိုက်သွားမိသည်၊ မွှေးမွှေးသည် သူ့အားစကားပြောပြီးသည်နှင့် ခြံတွင်းသို့ပြန်ဝင်သွားလေသည်။

ကိုရင်လေးများဖြင့်အတူ ပြည့်စုံအောင်သည် ရွာဖျားထိ ဆွမ်းခံလိုက်နေရသော်လည်း သူ၏အတွေးထဲတွင် မွှေးမွှေးတစ်ယောက် ဘာကိစ္စအရေးကြီး၍ သူ့အားညနေတွင် ချိန်းဆိုရသနည်းဟု တွေးတောနေမိသည်။ အမှန်တော့ မွှေးမွှေးနှင့်သူသည် သူငယ်တန်းမှစ၍ ယခုဆယ်တန်းထိ အတူတကွ ကျောင်းတက်ဖော်ကစားဖော်များဖြစ်လေသည်။

မွှေးမွှေးသည် သူ့အပေါ် အနွံအတာခံသလို စာနာသူလည်းဖြစ်သည်။ ရွာတွင်းရှိ သူငယ်ချင်းများက ပြည့်စုံအောင်အကြောင်း မကောင်းပြောလျှင်ပင် မွှေးမွှေးသည် ပြည့်စုံအောင်ဘက်ကနေ ကာကွယ်တတ်လေ့ရှိသည်။ ပြီးနောက် ပြည့်စုံအောင်အပေါ် မည်မျှတွယ်တာသံယောဇဉ်ကြီးကြောင်း၊ သူမ၏ မျက်ဝန်းညိုကြီးတွေက ပြသနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ပြည့်စုံအောင်ကလည်း အရွယ်ရောက်သူပီပီ နားလည်သိရှိနေသော်လည်း တွယ်တာသမျှ ကွယ်ရာကပဲဟူသော စကားအတိုင်း သူ၏ဘဝသည် မိမဲ့ဖမဲ့ဆွေမျိုးသားချင်းမဲ့စွာ ဘုန်းကြီးကျောင်းရှိ ကပ္ပိယကြီးထံ မှီခိုကပ်ရပ်နေရသူမဟုတ်ပါလား။ ပြည့်စုံအောင်သည် ကိုယ့်ဘဝကိုယ် နားလည်ပေသည်။

မွေးမွေး၏မိဘများသည် ရွာ၏ကြေးရတက်မျက်နှာဖုံးများဖြစ်သည်။ ရွာဦးဘုန်းကြီး၏ ဒကာရင်းများလည်းဖြစ်သည်မို့ တစ်ခါတရံ မွေးမွေး ကျောင်းသို့လိုက်ပါလာတတ်၏။ ကျောင်းသို့ပြန်ရောက်၍ ဆွမ်းစားပြီးသည့်နောက် ပြည့်စုံအောင်သည် ဝေယျာဝစ္စအလုပ်များအား လုပ်ကိုင်နေရသော်လည်း သူ၏စိတ်ထဲ၌ ညနေစောင်းသို့အမြန်ရောက်ရန်သာ စိတ်စောနေမိလေသည်။

ဒါကို ကပ္ပိယကြီးဦးဖြူသီးကပင် ရိပ်မိဟန်တူလေသည်။

''လူလေး မင်းကိုကြည့်ရတာ ဒီနေ့တစ်နေ့ စိတ်စောနေပုံရတယ်''

''ကျွန်တော် ညနေကျ ရွာထဲသွားမလို့ အဘရ ... ''

''ရွာထဲသွားတာများကွာ မရောက်ဘူးတာကျနေတာပဲ၊ အရင်ကလည်း သွားနေတဲ့ဥစ္စာ၊ မသိပါဘူးကွာ၊ လူလေးက အရွယ်ရောက်လာပြီဆိုတော့ ရည်းစားသနာနဲ့များ ချိန်းထားသလားလို့ ဟဲဟဲ''

''ဟာ ... မဟုတ်ပါဘူး အဘရာ ... ရိုးရိုးပါ''

ကပ္ပိယကြီးက သူ၏ရင်အားထွင်းဖောက်မြင်နေတိအလား ရယ်မောပြောလိုက်၍ ပြည့်စုံအောင်ပြန်ဖြေလိုက်ရသည်။ တကယ်လည်း သူသည် မွေးမွေးဖြင့် ချိန်းဆိုထားရာ ရွာသောက်ရေကန်ဆီသို့သွားဖို့ ခြေလှမ်းပြင်ဆင်နေမိသည်မဟုတ်ပါလား။

သို့သော် ကပ္ပိယကြီးပြောသလိုတော့ မွေးမွေးဖြင့် သူကရည်းစားသနာတော့မဟုတ်ပေ။ ဒါပေမဲ့ ကပ္ပိယကြီး၏ စကားကြောင့် ပြည့်စုံအောင်





၏ ရင်ခုန်သံနုနုလေးများကတော့ စည်းချက်မညီဖြစ်သွားရတာအမှန်ပင်ဖြစ်သည်။

သည့်နောက် နေစွယ်ကျိုးစပြုသောအချိန်ရောက်သည်နှင့် ပြည့်စုံအောင်သည် ရွာထိပ် သောက်ရေကန်ဆီသို့ အပြေးတစ်ပိုင်းလှမ်းလာခဲ့လေသည်။ ရွာထိပ်သောက်ရေကန်ကြီး၏ ကန်ပေါင်ပတ်လည်၌ နှစ်သက်ရင့်ကုက္ကိုပင်၊ ခရေပင်ကြီးများကမူ အစိအရိကြီးမားအုပ်ဆိုင်းစွာ တည်ရှိသဖြင့် ရွာရှိကာလသားများ သမီးရည်းစားချင်း တွေ့ဆုံကြရာနေရာလည်း ဖြစ်သည်။

ပြည့်စုံအောင် ရေကန်သို့ရောက်သောအခါ လူရှင်းရာခရေပင်ရိပ်အောက်၌ တစ်ယောက်တည်းထိုင်နေမိသည်။ ကန်ပေါင်ထက်၌ ရေခပ်ဆင်းလာသူ သိပ်မများကြသေးချေ။ မွေးမွေး၏ အရိပ်အခြည်ကိုတော့ မမြင်ချေ။

ပြည့်စုံအောင်အားမြင်သော ရွာသားတချို့က ...

''ဟေ့ကောင် ပြည့်စုံ _ ဘယ်သူ့လာစောင့်နေတာလဲ''

''ဘာရယ်မဟုတ်ပါဘူးကွာ _ ပျင်းလို့ပါ''

''ဒီကောင်မရိုးဘူးနော် _ ကေန္တ မွေးမွေးကိုများ လာစောင့်နေတာလားမသိဘူး ဟဲဟဲ''

''ဟုတ်ချင်ဟုတ်မှာပေါ့ကွ၊ မွေးမွေးနဲ့ဒီကောင်က ရွာထဲမယ်ဘာလိုလိုရယ် _ ဒီကောင် လျှိုထားတာ''

ရွာသားအချို့က စနောက်ကြပါသော်လည်း ပြည့်စုံအောင် မည်သည့်စကားမျှ ပြန်မပြောပေ။ ရွာသားများပြောပြီး မကြာခင် မွေးမွေးရွာလမ်းမဆီကနေ ခပ်သုတ်သုတ်လျှောက်လာသည်ကို လှမ်းမြင်တွေ့ရ၍ ပြည့်စုံအောင် အရိပ်အခြည်ပြလိုက်ရာ မွေးမွေး သူရှိရာသစ်ပင်ကြီးအောက်သို့ လှမ်းလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် … စောင့်နေတာကြာပြီလား ပြည့်စုံ"

"ကြာပြီပေါ့ဟာ … သူများတွေကတောင် ငါ့ကိုစသွားကြသေးတယ် … ဒါထက် နင် ဘာပြောစရာရှိလို့လဲ မွှေးမွှေး"

"ငါ … နင့်ကိုမေးစရာရှိလို့ နင် စာမေးပွဲပြီးရင် ရန်ကုန်သွားမလို့ဆို"

"အေး … ဟုတ်တယ်"

"နင် တကယ်သွားမှာလား"

မွှေးမွှေးက သက်ပြင်းချရင်းမေးသည်။ ပြည့်စုံအောင်သည် ယခုမွှေးမွှေး မည်သည့်အတွက်ကြောင့် သူ့အားချိန်းဆိုရသနည်းဆိုတာ သဘောပေါက်နားလည်မိလေသည်။ မွှေးမွှေး၏မျက်နှာလေးသည် ညှိုးငယ်နွမ်းဖျော့နေ၏။

"နင် … ရေခပ်ရဦးမယ်မို့လား မွှေးမွှေး၊ ပြီးရင် ရွာထဲငါလိုက်ပို့မယ်လေ … ငါလည်း အရိုးလေး ဒွေးမြတို့အိမ်ဝင်ပြီး ကပွဲယကြီးအတွက်ဖက်ဖြူဆေးလိပ် ဝင်ယူရဦးမယ်"

"အေး … အဲဒါဆို ငါရေခပ်လိုက်ဦးမယ်"

မွှေးမွှေးအား ပြည့်စုံအောင်သည် ရေခပ်ပေးလိုက်သည်။ ပြီးနောက် သောက်ရေကန်ဆီကနေ ရွာလမ်းအတိုင်း နှစ်ယောက်သားလျှောက်လာခဲ့ကြသည်။

"နင် ရန်ကုန်ကို ဘာသွားလုပ်မှာလဲဟင် ပြည့်စုံ … ငါသွားမှာ အခြားမဟုတ်ဘူး မွှေးမွှေး … ရန်ကုန်မှာ ငါ့အဖေနဲ့ငါ့အစ်ကိုအစ်မတွေရှိတယ် … ငါရွာမှာ မိမရှိ ဖမရှိ ကြီးပြင်းလာရပြီး ကပွဲယကြီးနဲ့ဘုန်းကြီးကျောင်းမှာကပ်နေရတာ နင်အသိသားပဲ မွှေးမွှေးရယ်၊ ရွာကလူတွေ ငါ့ကိုဘယ်လောက်နှိမ်ကြ၊ ရက်စက်ကြသလဲဆိုတာလည်း နင်အသိပဲ … ဒါကြောင့် ငါ့မိဘတွေကို သွားရှာမလို့"





"နင်က သွားရှာရအောင် နင့်အဖေနဲ့အစ်ကိုအစ်မတွေ ဘယ်မှာနေတယ်ဆိုတာ နင်သိလို့လား၊ နင် မမွှေးခင်ထဲက ကွဲသွားကြတဲ့ဥစ္စာ နင့်ကိုလည်း ဘယ်လိုလုပ်မှတ်မိမှာလဲ … နင့်ဥစ္စာက စိတ်ကူးယဉ်ဆန်လိုက်တာ ပြည့်စုံရယ်၊ ရန်ကုန်မြို့က အကျယ်ကြီးပဲ ကောက်ရိုးပုံမှာအပ်ရှာသလို ဖြစ်မှာပေါ့"

"ငါကတော့ တွေ့ကိုတွေ့ရမယ်လို့ ယုံကြည်တယ်မွှေးမွှေး၊ လောကမှာ ငါ့ရဲ့တစ်ဦးတည်းသော အဖေနဲ့သွေးရင်းတွေရှိသေးတယ်ဆိုတာ ငါသူတို့ကို မြင်ဖူးတွေ့ဖူးရုံတင်ပါဟာ … ငါ တကယ်ဆုံးဖြတ်ပြီးပြီ"

မွှေးမွှေးသည် ပြည့်စုံအောင်၏မျက်နှာအား သေချာစွာကြည့်လိုက်မိ၏။ ပြည့်စုံအောင်၏မျက်ဝန်းတွေက မာနရောင်များဖြင့် လက်ပနေလေသည်။ မကြာမီ ရွာလမ်းစပ်သို့ရောက်လာကြ၏။

"ကဲ … ငါသွားတော့မယ် မွှေးမွှေး၊ တော်ကြာ နင်နဲ့ငါအတူတွဲလျှောက်လာတာ နင့်အိမ်ကမြင်လို့ နင်အဆူခံထိနေဦးမယ် ငါသွားပြီ"

"ပြည့်စုံရယ် … "

မွှေးမွှေးသည် သူမအား နှုတ်ဆက်လျှက် တစ်ဖက်ရွာလမ်းသို့ ချိုးကွေ့ကျောခိုင်းသွားသည့် ပြည့်စုံအောင်၏ နောက်ကျောအားကြည့်လျှက် ပင့်သက်မှျင်းမှျင်းလေးချမိလေသည်။ သူ၏ရင်တွင်းမှ ခံစားချက်တို့အား ပြည့်စုံအောင် မမြင်မတွေ့လေပါရောလား …



www.burmeseclassic.com

www.burmeseclassic.com

## အတိတ်ဒိုင်ယာရီ

ပြည့်စုံအောင်သည် သူ၏မျက်စိရှေ့မှောက်ရှိ ကြီးမားကျယ်ဝန်းသော ခြံဝန်းကြီးအား ငေးကြည့်နေမိသည်။ ခြံကြီးသည် ကြီးမားကျယ်ဝန်းသလောက် ခြံတံခါးကြီးကိုမူ ခိုင်မာသော သော့ခလောက်ကြီးဖြင့် ပိတ်ထား၏။

ပြည့်စုံအောင်သည် ခြံဝင်းဝ အုတ်ရိုးတိုင်ကြီးမှ ရေးထိုးထားသော ကြေးဝါရောင်ဆိုင်းဘုတ်ကြီးမှ ဒေါက်တာခန့်ဇော်ဟူသောအမည်ကြောင့် ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုအားချလိုက်ကာ ခြံဝရှိလူခေါ်ခေါင်းလောင်းကြိုးအား လှုပ်ရမ်းလိုက်လေတော့၏။

"ကလင် ... ကလင်"

ခေါင်းလောင်းသံချိုချိုလေးဖြင့်အတူ ခြံဝင်းလယ်ရှိ တိုက်အိမ်မြင့်ကြီးမှ လူတစ်ယောက်သည် ပြည့်စုံအောင်ရှိရာခြံဝသို့ လှမ်းလျှောက်လာလေသည်။

ပြည့်စုံအောင်အား မြင်တွေ့သွားသောအခါ ...

"ဘာကိစ္စလဲ သူငယ် _ ဘယ်သူနဲ့တွေ့ချင်လို့လဲ"





"ဒီလိုပါ ခင်ဗျာ _ ဒီခြံက သူဌေးကြီး ဦးနိုင်မင်းရဲ့ခြံမဟုတ်လား ခင်ဗျာ ... "

"ဟုတ်တယ် _ မင်း ဘာကိစ္စရှိလို့လဲ"

ခြံစောင့်ကြီးဖြစ်ဟန်တူတူက ပြည့်စုံအောင်အား ခပ်မာမာတင်းတင်းမေးလေသည်။ ပြည့်စုံအောင်ကမူ ရည်မွန်စွာဖြေ၏။

"သူဌေးကြီး ရှိပါသလားခင်ဗျာ _ ကျွန်တော် ဦးနိုင်မင်းနဲ့တွေ့ချင်လို့ပါ ကိစ္စအရေးကြီးလို့ပါ ဦးကြီး"

ခြံစောင့်လူကြီးက ပြည့်စုံအောင်အား ခြေဆုံးခေါင်းဆုံးကြည့်ပြီး

"သူဌေးက ဒီမှာမနေဘူး စင်္ကာပူက ကုမ္ပဏီမှာနေတာများတယ်"

"ဟင် ... ဒါဆို အခု မ ... မရှိဘူးပေါ့"

"ဟုတ်တယ် မရှိဘူး၊ ဒါပေမဲ့ သူဌေးလေး ဒေါက်တာဦးခန့်ဇော်တော့ရှိတယ်"

"ဟို _ ဟို ကျွန်တော် ဒေါက်တာဦးခန့်ဇော်နဲ့ပဲ တွေ့ပါရစေခင်ဗျာ _ ကျွန် _ ကျွန်တော်က သူ့ညီပါ _ ဒီ _ ဒီ ဓာတ်ပုံလေးကို ပြလိုက်ပါ"

"ဟေ ... "

ခြံစောင့်လူကြီးသည် သူ့အားအံ့အားသင့်သလိုကြည့်ပြီး ပြည့်စုံအောင်ပေးသည့် ဓာတ်ပုံလေးကိုယူကာ ခြံလယ်ရှိအိမ်ကြီးဆီသို့ ပြန်လျှောက်သွားသည်။ ခဏအကြာ ခပ်သွက်သွက်ပြန်လျှောက်လာပြီး ခြံတံခါးကြီးကို ဖွင့်ပေးသည်။

"လာ _ လာ ဒေါက်တာစောင့်နေတယ်"

ပြည့်စုံအောင်သည် ဝမ်းသာပျော်ရွှင်သွားလျက် ခြံတွင်းသို့လိုက်ပါသွားလေသည်။ ကြီးမားခန့်ထည်လှန်းသော အိမ်ကြီး၏ဧည့်ခန်းထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသော အသက်သုံးဆယ့်ငါးနှစ်ရွယ်ခန့် လူရွယ်တစ်ယောက်ကို တွေ့ရ၏။ လူရွယ်၏မျက်ဝန်းတွေက ပြည့်စုံအောင်အား စူးစူးစိုက်စိုက်ကြည့်နေလေသည်။

"သူပါပဲ ဒေါက်တာ"

"ပြည့်စုံအောင်ဆိုတာ မင်းလား ... မင်း ဒက်ဒီကို ဘာကိစ္စတွေ့ချင်ရတာလဲ ငါ့နာမည် ဒေါက်တာခန့်ဇော် ... "

ပြည့်စုံအောင်သည် ဒေါက်တာခန့်ဇော်ဟူသည့်အမည်ကြောင့် သူရှာဖွေနေသည့် သူ၏အစ်ကိုအကြီးဆုံးမှန်းသိလိုက်ရ၍ လှိုက်ခနဲ ဝမ်းသာသွားရပါသော်လည်း မဝံ့မရဲဖြင့် ...

"ကျွန် ကျွန်တော်က ဒေါ်ဖွန့်သက်အောင်ရဲ့သားပါ၊ ကျွန်တော့် အဖေနဲ့အစ်ကိုတွေ အစ်မတွေကို ရန်ကုန်မှာလိုက်ရှာနေတာ တစ်လကျော်ပါပြီ _ နောက်ဆုံးမှ ဒီနေရာကို စုံစမ်းလို့ရတာနဲ့ တွေ့ချင်လို့လာခဲ့တာပါ"

"မင်းက ဒေါ်ဖွန့်သက်အောင်သားဆိုတာ ဘာသက်သေပြနိုင်လဲ၊ ဒက်ဒီက ဒီမှာမရှိဘူး စင်္ကာပူမှာနေတာ"

"ကျွန်တော် အစ်ကိုကြီးခန့်ဇော်ကိုပေးလိုက်တဲ့ ဓာတ်ပုံတွေဟာ ကျွန်တော့်ပေးခဲ့တဲ့ ဓာတ်ပုံတွေပါ _ ပြီးတော့ ကျွန်တော့်ကိုမွေးစားခဲ့တဲ့ ဒေါ်ဖွားငယ်ကလည်း အချို့အကြောင်းတွေ ပြောပြခဲ့ပါတယ်"

"ဒေါ်ဖွန့်သက်အောင်က ဘယ်မှာလဲ"

"ကျွန်တော်မသိဘူး _ ငယ်ငယ်ထဲက ကွဲသွားတာ"

ပြည့်စုံအောင်သည် သူ၏ဘဝဇာတ်ကြောင်းဖြင့်ပတ်သက်၍ သူသိထားသလောက် အဖြစ်အပျက်တွေကို ဒေါက်တာခန့်ဇော်အားပြောပြနေမိလေသည်။ ဒေါက်တာခန့်ဇော်၏မျက်နှာသွင်ပြင်က ပြည့်စုံအောင်ပြောပြနေသည့် အကြောင်းအရာများအားမကောင်းတတ်၍ နားထောင်နေ မျ





သည့်အမူအရာ ပေါ်လွင်နေလေသည်။

ပြည့်စုံအောင်၏ စကားဆုံးသွားသောအခါ _

"မင်းပြောတာတွေကို ငါလည်းတစ္စန်းတစ်စ ဒက်ဒီပြောပြထားလို့ သိပါတယ်၊ ဒေါ်ဖွန့်သက်အောင်က ငါတို့ရဲ့မိခင်ဆိုပေမယ့် မင်းမမွေးခင်ထဲက ဒက်ဒီနဲ့ကွဲကွာခဲ့ကြတာပဲ၊ ဒက်ဒီက ငါတို့မောင်နှမတွေကိုပဲခေါ်ပြီး ဒေါ်ဖွန့်သက်အောင်ကို ပိုင်ဆိုင်သမျှ အကုန်ပေးခဲ့တာပဲလေ _ ဒေါ်ဖွန့်သက်အောင်က ငါတို့ရဲ့မိခင်ဆိုပေမယ့် အကျင့်မှမကောင်းတာ၊ ဒက်ဒီရှိနေစဉ်ထဲက ဖောက်ပြန်နေတာ၊ မင်းဟာလည်း ဒက်ဒီရဲ့သွေးမဟုတ်ဘူးလို့၊ ဒက်ဒီက ပြောခဲ့ဖူးတယ် ... မင်းဒီကိုလာတာ ဘာလိုချင်လို့လဲ ငါတို့ကတော့ မင်းကိုငါတို့ရဲ့သွေးအဖြစ် လက်မခံနိုင်တာအမှန်ပဲ ... တော်ကြာနေ ငါ့ညီမနှစ်ယောက်ရောက်လာကြလိမ့်မယ်"

ဒေါက်တာခန့်ဇော်၏ ပြောလက်စ စကားပင်မဆုံးလိုက်ပါ။ တိုက်ကြီးရှေ့ဆင်ဝင်အောက်သို့ ကားတစ်စီးထိုးဆိုက်လာသံကို ကြားလိုက်ရလေသည်။ ပြည့်စုံအောင်သည် သူ၏အထင်နှင့်အမြင်လွဲချော်သွားခဲ့၍ အလွန်ဝမ်းနည်းသွားမိလေသည်။ သူသည် ငယ်စဉ်ထဲက ကွဲကွာနေခဲ့သည့် ဖခင်ဖြစ်သူအား တွေ့ချင်လွန်း၍သာ ရွာကနေ တစ်ကြိမ်တစ်ခါမျှမရောက်ဘူးသည့် ဤရန်ကုန်မြို့ကြီးသို့တက်ခဲ့ကာ အငတ်အပြတ် ပင်ပန်းဆင်းရဲခံကာ ဖခင်နှင့်အစ်ကိုအစ်မ သွေးသားများအားရှာဖွေခဲ့ခြင်းဖြစ်သည်။

မည်သည့် အမွေပစ္စည်း အခွင့်အရေးလိုချင်၍မဟုတ်ပေ။

သူ၌ လောကတွင် သွေးသားရင်းချာ ဖခင်ကြီးနှင့်ညီအစ်ကိုမောင်နှမများရှိနေသည်ကို တွေ့ရသိရလျှင် သူပျော်ရွှင်ဝမ်းမြောက်ရမည်ဖြစ်ပေသည်။ ယခု ဒေါက်တာခန့်ဇော်ကမူ တစိမ်းပြင်ပြင်စကားစတင်ဆိုလေပြီ။

တိုက်ကြီး၏ ဧည့်ခန်းတွင်းသို့ အသက်သုံးဆယ်ရွယ်ခန့်ရှိ မျှ



www.burmeseclassic.com

www.burmeseclassic.com



မောလုပသောအမျိုးသမီးနှစ်ဦးဝင်ရောက်လာကြ၏။ မည်သည့်အတွက် ကြောင့်မှန်းမသိ သွေးကစကားပြောလေသည်လား၊ ပြည့်စုံအောင်သည် ယင်းမိန်းမချောနှစ်ယောက်အား မြင်မြင်ချင်း ခင်တွယ်သွားမိလေသည်။

သို့သော် ယင်းမိန်းမချောနှစ်ယောက်ကမူ မျက်နှာထားတွေက တည်တင်းလွန်းလှလေသည်။

"ဘယ်မှာလဲ အစ်ကိုကြီးပြောတဲ့ ကောင်လေးက"

"သူလေ ..."

ဒေါက်တာခန့်ဇော်၏စကားကြောင့် မာနမျက်နှာဖြင့် မိန်းမချော က ပြည့်စုံအောင်အား စူးခနဲ လှမ်းကြည့်၏။

"မင်းက ဒေါ်ဖွန့်သက်အောင်သားဆိုတာလား"

ပြည့်စုံအောင် ခေါင်းညိတ်ပြလိုက်လေသည်။ မိန်းမချောကြီး၏ စူးရှသော မျက်ဝန်းတစ်စုံက သူ့ထံ ဝွေ့ခနဲရောက်ရှိလာ၏။

"မင်း ဘာကိစ္စနဲ့ဒီကိုရောက်လာရတာလဲ ကောင်လေး _ ငါ့ နာမည် ထက်ထက်မာ၊ သူက ငါ့ညီမ ထက်ဦး ငါတို့က ဦးနိုင်မင်းရဲ့သမီး တွေ ... အစ်ကိုကြီးခန့်ဇော်က ငါတို့ရဲ့အစ်ကိုကြီး ..."

"ကျွန်တော် ဖေဖေဦးနိုင်မင်းနဲ့တွေ့ချင်လို့ လာခဲ့တာပါ မမ ထက်ထက်မာ"

"မင်း _ ငါ့ကို မမလို့မခေါ်ပါနဲ့၊ မင်းဟာ ငါတို့သွေးမဟုတ်ဘူး"

"ဟုတ်တယ် ငါတို့နဲ့မင်း ဘာမှမပတ်သက်ဘူး ... မင်းမှာ ဘာအကြံအစည်ရှိလဲ ပြောစမ်း _ "

"ကျွန် _ ကျွန်တော့်အမေဟာ မမတို့ရဲ့ မိခင်းအရင်းပါဗျာ"

ပြည့်စုံအောင်သည် ထိုစကားကို ဝမ်းနည်းကြေကွဲဖွယ်ရာ ပြော မိလေသည်။ သူ၏အထင်အမြင်တို့သည် တလွဲတချော်ဖြစ်ခဲ့လေပြီ မဟုတ် ပါလား။ သူသည် ဘဝတစ်လျှောက်လုံး ငယ်စဉ်ကစ၍ မတွေ့မမြင်





ဘူးခဲ့သော ကွဲကွာနေခဲ့သည့် ဖခင် အစ်ကိုအစ်မများဖြင့်တွေ့ဆုံလျှင် နွေးထွေးကြင်နာမှုတို့အား ရမည်ဟုထင်မိခဲ့သည်။

သို့သော် ယခု သူလက်တွေ့ရင်ဆိုင်နေရသည်က ဂုဏ်မနေ မောက်မာလွန်းသောစကားလုံးများဖြင့် မာနခက်ထန်နေသည့် တစိမ်း ပြင်ပြင်များသာ။

ဒေါ်ထက်ထက်မာက _

"ဒီခေတ်ပုံတွေက ငါတို့အဖေဦးနိုင်မင်းရဲ့ပုံတွေကတော့ ဟုတ် တယ်၊ ဒါပေမဲ့ ဒေါ်ဖွန့်သက်အောင်ကို ငါတို့မောင်နှမသုံးယောက်က မိခင် အဖြစ်မသတ်မှတ်တော့ဘူး၊ ပြီးတော့ ဇွန်ဒီက ဒေါ်ဖွန့်သက်အောင်ရဲ့ ဖောက်ပြန်မှုဒဏ်ကြောင့် အဖေ့ကို စိတ်ဆင်းရဲခဲ့ရရှာတာ၊ ဒေါ်ဖွန့်သက် အောင် နောက်ဆုံးကိုယ်ဝန်ကိုတောင် သူ့သွေးမဟုတ်ဘူးလို့ သတ်မှတ် ထားတာ _ ဒီတော့ မင်းဟာ ငါတို့ရဲ့မောင် ဘယ်ဖြစ်နိုင်တော့မလဲ၊ ပြီး တော့ ဒေါ်ဖွန့်သက်အောင်က အခုဘယ်မှာရှိနေလဲ _ "

"ကျွန်တော် မသိဘူး"

"အမေ _ အဲ ဒေါ်ဖွန့်သက်အောင်က သူ့ကိုမွေးမွေးချင်း စွန့် ပစ်ထားပြီး ထွက်သွားခဲ့တယ်လို့ပြောတယ် ... အလကားသက်သက် ဖတ်လာရှုပ်တာပါ မိထက်ရာ _ နင်သနားရင် ဒီကောင်လေးကို မုန့်ဖိုး ပဲဖိုး ခရီးစရိတ်ပေးပြီး ပြန်လွှတ်လိုက် ... ဒက်ဒီနဲ့ ပေးတွေ့လို့တော့ မဖြစ်ဘူး"

ဒေါက်တာခန့်ဇော်က ယတိပြတ်ပြောသည်။ ပြည့်စုံအောင်သည် ထိုင်နေရာကနေ ဆတ်ခနဲ မတ်တတ်ထရပ်လိုက်သည်။

"ဒီမှာ အစ်ကိုကြီးခန့်ဇော်နဲ့ ဒေါ်ထက်ထက်မာ၊ကျုပ်က ဘုန်းကြီး ကျောင်းမှာ မိမဲ့ဖမဲ့ဘဝနဲ့ ကြီးပြင်းခဲ့ရပေမယ့် သူတောင်းစားမဟုတ်ဘူး၊ မာနတော့ရှိပါတယ် _ ခင်ဗျားတို့ကို ကျုပ်ရဲ့တစ်ကြိမ်တစ်ခါမှ မတွေ့



www.burmeseclassic.com

www.burmeseclassic.com



ဆုံဘူးတဲ့ အစ်ကိုအစ်မတွေအဖြစ်မြင်ဖူးအောင် လာတွေ့တာပါ ... ခင်ဗျားတို့ပိုင်တဲ့ တိုက်ကြီးတွေ ကားကြီးတွေကိုလည်း လုံးဝမမက်မောဘူး ဆိုတာတော့သံ့ပါ၊ ကျုပ်ဘာသာကျုပ် ရွာပြန်နိုင်ပါတယ် _ အဲ အဖေ ရောက်လာခဲ့ရင်တော့ ကျုပ်လာသွားတယ်ဆိုတာတော့ ပြောလိုက်ပါ''

''အံမယ် ကြီးကျယ်ပါလိုက်တာ _ ဟွန်း''

''အေးလေ နဂိုထဲက တစ်ခုခုအကြံအစည်ရှိလို့ နေမှာပေါ့''

ပြည့်စုံအောင်သည် စကားဆုံးသည်နှင့် ချာခနဲလှည့်ထွက်လာခဲ့လေသည်။ သူ၏နှုတ်ခမ်းသားတို့သည် တိရိပိပြားနေလျက် လက်သီးအား တင်းတင်းစေ့ပိတ်ထားမိလေသည်။



## သံယောဇဉ်ပန်းနုရောင်

ရွာသို့ပြန်ရောက်သောအခါ ပြည့်စုံအောင်၏ဘဝအား စာနာနားလည်သော မွေးမွေးက _

''ပြည့်စုံရယ် နင့်အဖြစ်ကလည်းဆိုးလိုက်တာ _ အေးပေါ့လေ၊ ငွေကြေးဥစ္စာပြည့်စုံတဲ့သူတွေဆိုတာ အဲသလိုပဲဟာ၊ အလိုလိုနေရင်း မောက်မာနေတာ _ ဒါပေမဲ့ နင်သိပ်တွေ့ချင်နေတဲ့ အစ်ကိုအစ်မတွေကို တွေ့ခဲ့ရတယ်ဆိုတော့ နင်ဖြေသာပါတယ်ဟာ''

''ငါက အဖေ့ကို မမြင်မတွေ့ဘူးလောက်အောင် ကံဆိုးပါတယ်ဟာ၊ ငါ့အမေက ငါ့ကိုမကောင်းတဲ့ ကြိုဟ်ကောင်ဆိုပြီး စွန့်ပစ်သွားပေမယ့် ငါက မိခင်ကို နေ့တိုင်းဘုရားရှိခိုးကန်တော့ပြီးမှ အိပ်တဲ့ကောင်ပါ၊ ဒါပေမဲ့ ငါ့အစ်ကို အစ်မတွေက အမေ့ကိုပြောလိုက်ကြတာ ရက်ရက်စက်စက်ဟာ၊ သူတို့တွေ ငရဲကြီးမှာ မကြောက်ဘူးလားမသိဘူး''

ပြည့်စုံအောင်သည် ဘုန်းကြီးကျောင်း၌ နေထိုင်သူပီပီ သက်ပြင်းချလျက်ပြောမိသည်။ အမှန်တကယ်ပြောရလျှင် သူပိုင်ဆိုင်ချင်သော ပျော်ရွှင်ကြည်နူးဖွယ်ရာ မိသားစုဘဝကလေး မရရှိလိုက်ရ၍ စိတ်မကောင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာခဲ့ခြင်းပင်ဖြစ်လေသည်။ ပြောရလျှင် အရာအားလုံးအား အရှုံးပေးခဲ့ခြင်းဖြစ်၏။

သူ၏ဖခင်ဖြစ်သူ ဦးနိုင်မင်းအားလည်း ဒီတစ်သက် မတွေ့ဆုံတော့ဟုလည်း စိတ်ကိုဆုံးဖြတ်ထားလိုက်မိလေသည်။

သူ့အပေါ် စာနာနားလည်နိုင်သော မွေးမွေးတစ်ယောက် နဘေးမှာအရိပ်သဖွယ်ရှိနေ၍လည်း ပြည့်စုံအောင် စိတ်ဓာတ် ဤမျှမကျခြင်းဖြစ်သည်။ ယခုတစ်ခေါက် ရန်ကုန်မြို့ကြီးကနေ ပြန်ရောက်လာသောအခါ သူ၏နှလုံးသားထဲကနေ မျိုသိပ်ထားရသည့်ခံစားချက်တို့အား ပွင့်အန်မိ၍ သမီးရည်းစားချစ်သူဘဝသို့ ရောက်ရှိနေကြပြီ။

"ကဲပါလေ _ အဲဒါတွေ ထားလိုက်ပါ၊ အခု နင်က ကပ္ပိယကြီးဆီမှာလည်း မနေချင်ဘူးဆိုတော့ ဘယ်လိုစဉ်းစားထားလဲ"

"ငါ ... မြို့ပေါ်မှာ အလုပ်သွားလုပ်မယ် မိမွေး"

"ဟင် ... "

"မဟင်နဲ့ မိမွေး _ ငါရွာမှာ မနေချင်တော့ဘူး၊ အမေထားခဲ့တဲ့ ခြံထဲကအိမ်မှာနေပြီး မြို့ပေါ်မှာအလုပ်သွားလုပ်မယ်၊ အဲဒီကနေ ငွေရအောင်ရှာပြီး နင့်ကိုငါတင်တောင်းမယ် ... "

"ပြည့်စုံရယ် ... နင် နင့်ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးပေါ့နော်၊ နင့်ကို ငါလွမ်းနေရတော့မှာပဲ"

"မိမွေးရယ် _ ငါ့ဘဝမှာ တွယ်တာစရာ သံယောဇဉ်ရှိတဲ့သူဆိုလို့ နင်တစ်ယောက်ထဲပါ၊ ငါ့ဘဝက ဘုန်းကြီးကျောင်းမှာ ယေစဉ့်ထဲက ကပ်ရပ်နေခဲ့ရတာ ငါ့အားငါကိုးပြီး ငါ့ဘဝကို ချမ်းသာအောင်လုပ်မယ်လို့ ငါဆုံးဖြတ်ထားတယ် _ နင့်ကိုတော့ ငါဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး"

"ခုတော့လည်း ပြောသေးတာပေါ့ ပြည့်စုံရယ် _ မြို့ဆိုတာက ခေတ်မီပြီး ငါ့ထက်ချောမောတဲ့အလှတွေ အများကြီး ... ကြာရင် နင်





ငါ့ကိုရိုးသွားမှာပါ ... "

မွေးမွေးသည် ယင်းစကားကို မျက်နှာလေးညှိုးငယ်စွာပြော၏။ ပြည့်စုံအောင် မြို့သို့သွားမည်ဆိုကတည်းက သူမ၏နှလုံးသားသည် တမြေ့မြေ့ နောက်ပြီး မြို့၌ ခေတ်မီဆန်းပြားလှသည့် အချောအလှပကေးလေးများနောက်သို့ ပြည့်စုံအောင် စိတ်ညွှတ်လျှက် သူမအား မေ့လျော့သွားမည်ကိုလည်း စိုးရိမ်မိသည်။

မွေးမွေး၏ သနားစဖွယ် စိတ်အားငယ်နေသည့်စကားလေးများကြောင့် ပြည့်စုံအောင်သည် မချင့်မရဲဖြစ်ကာ မွေးမွေးအားရင်ခွင်တွင်းသို့ လှစ်ခနဲ ဆွဲသွင်းလိုက်ကာ ...

"အို ... "

"မွေးမွေးရယ် _ ငါ မြို့သွားပြီး အလုပ်လုပ်တယ်ဆိုတာ နင်နဲ့အတူနေနိုင်အောင် အမြန်ဆုံးနီးစပ်အောင်ပါ ... ငါ ပိုက်ဆံပြည့်စုံ ချမ်းသာမှ နင့်မိဘတွေက သဘောတူကြမှာလေ _ နင်ဟာ ငါ့ရဲ့အချစ်ဦးပါ _ နင့်ကို ငါဘယ်တော့မှ သံယောဇဉ်မပြတ်ပါဘူး ... မမေ့ဘူးယုံပါ၊ ငါ့ရဲ့ကတိသစ္စာက တည်ပါတယ် မိမွေးရယ်"

"အို ... လွှတ်ပါ"

"မလွှတ်ဘူး ခုမှ နင်နဲ့ငါ တွေ့ရတာ ... ကဲ".

"အို ... "

ပြည့်စုံအောင်၏ အနမ်းရိုင်းကြီးတွေကြောင့် မွေးမွေး၏ ပါးပြင်ဝင်းဝါဝါလေးနှစ်ဖက်စလုံး နွေးခနဲဖြစ်သွားရလေသည်။ သူတို့တွေ့ဆုံနေသောနေရာသည် ရွာဦးသောက်ရေကန်ကြီး၏နဘေး သစ်ပင်ကြီးအရိပ်အောက်၌ ဖြစ်လေသည်။

နေ့လယ်ခင်းအချိန်ဖြစ်၍ ရွာဦးသောက်ရေကန်ကြီး၌ ရေခပ်သူကင်းမဲ့နေသလောက်ဖြစ်လေသည်။ ထိုအပြင် ပြည့်စုံအောင်နှင့်မွေးမွေးတို့



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသည့် ခရေပင်ကြီးမှာလည်း ကြီးမားလွန်းလှ၍ မည်သူမျှ မတွေ့ ရှိနိုင်ပါပေ။

လေပြည်လေညင်းကလေးများကလည်း တသုန်သုန် တိုက်ခတ်နေလေသည်။



## ရွာလည်တဲ့အရွှေးမကြီး

"မုန့်လုံးကို စက္ကူကပ် ... ကြာကလပ်မှာ ဆွမ်းတော်တင်၊ ပလွှင်ပေါ်က မျောက်ကလေး ဆင်းသက်လို့ပြေး ဂျာအေး ... ဟေး ဟေး"

"နောင် ဝေဝေ"

ရွာတွင်းသို့ ကြေးစည်သံ တနောင်နောင်ရိုက်ကာ လွယ်အိတ်ကြီးတစ်လုံးလွယ်လျက် အညိုရောင်ဝတ်စုံကြီးဖြင့် ရသေ့မကြီးလိုလို အရူးမကြီးလိုလို အသက်လေးဆယ်ကျော်ခန့်ရှိ မိန်းမကြီးတစ်ယောက်အား တွေ့ရလေသည်။

ထိုရသေ့မကြီးသည် ရွာတွင်းသို့ လှည့်လည်၍ အလှူခံပြီးလျှင် သူ နေထိုင်ရာ သချိုင်းဇရပ်ပျက်ဆီသို့ ပြန်သွားလေသည်။ ယခုလည်း ရွာတွင်းသို့ လှည့်လည်၍ အလှူခံလာရာ ရွာလမ်းဆုံလယ်ခွတစ်ခု၌ စုဝေးနေကြသည့် လူအုပ်ကြီးအား တွေ့သောအခါ –

"ဟဲ့ ... ဘာဖြစ်နေကြတာလဲ ... "

"ဟိုလေ ရသေ့မကြီး ရွာဖျားက သာဒွန်းပိုးထိပြီးသေလို့ အေါ



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကိုရှာထဲယူသင့် မသင့် ငြင်းခုန်နေကြတာပါ''

ရသေ့မကြီးက နီးစပ်ရာခြံဝိုင်းမှ ရွာသူမိန်းမကြီးတစ်ဦးအား မေးလိုက်ရာ သူမက ပြန်လည်ဖြေလိုက်လေသည်။ ရသေ့မကြီးသည် မျက်လုံးမျက်ဆန်ပြူးသွားပြီး ...

''ဟဲ့ _ ဟဲ့ _ မြွေကိုက်သေတယ်ဆိုတာ အစိမ်းသေပဲ အစိမ်းသေဆို ရွာထဲမယူကောင်းဘူး _ ရွာနိုက် ရွာနာတတ်တယ်ဟဲ့''

''ရသေ့မကြီးပြောတာ ဟုတ်မယ် _ ဒါကြောင့်လည်း ရွာထဲက လူကြီးတွေက သာဒွန်းအလောင်းကို သုသာန်ကုန်းသွားပြီး ချက်ချင်းမြေမြှုပ်ဖို့ ကြိုးစားနေကြတာလေ ... ''

''ကောင်းတယ် ... ကောင်းတယ် ... အဟင်း''

ရသေ့မကြီးသည် လူအုပ်ထဲမှ မြွေဆိပ်ကြောင့် မည်းပြာတောင့်တင်းနေသော သာဒွန်းဆိုသူ၏အ လောင်းအား တစ်ချက်ငုံ့ကြည့်ကာ ကြေးစည်လေး တနောင်နောင်တီးခတ်လျှက် ရွာထိပ်သုသာန်ကုန်းဘက်သို့ ထွက်ခွာသွားလေသည်။

ရသေ့မကြီးထွက်ခွာသွားပြီး သိပ်မကြာခင် ရွာရှိလူကြီးများ ဦးဆောင်လျှက် မြွေကိုက်သေဆုံးသွားသော သာဒွန်း၏အလောင်းအား သုသာန်ကုန်းသို့ပို့ကာ အားချင်းမြေကျင်းတူးကာ မြှုပ်နှံလိုက်ကြလေသည်။

ယင်းနောက် ရွာသားများသည် ရွာသို့ပြန်လာခဲ့ကြလေသည်။

သာဒွန်း၏မိန်းမ မြဝေကမူ ငိုယိုလျှက် ရွာသားများနောက်ကနေ လိုက်ပါလာခဲ့ကြလေသည်၊ သာဒွန်း၏အလောင်းအား မြေမြှုပ်သောအချိန်သည် ညနေစောင်းစပြုလေပြီဖြစ်သည်။ ရွာသားများ ရွာသို့ပြန်ရောက်သောအခါ အမှောင်ရိပ်သန်းစပြုနေပေပြီ။

''ကိုသာဒွန်းရယ် ... ဖြစ်မှဖြစ်ရလေ ... ကျွန် ... ကျွန်မဘယ်သူနဲ့နေရတော့မလဲ အဟင့် ဟီးဟီး''





''မြဝေရယ် _ သာဒွန်းက သေပြီဥစ္စာ _ ညည်းငိုနေလည်း ပင်ပန်းရုံပဲရှိမှာပေါ့ ... ''

သာဒွန်း၏ တဲကလေးတွင်းမှာမူ မယားဖြစ်သူ မြဝေ၏ အော်ဟစ်ငိုယိုသံကမူ မတိတ်ဆိတ်သေးပါချေ။ တဲအေားပတ်ဝန်းကျင်ရှိ ခြံဝိုင်းများကလည်း မြဝေအား ချော့မော့ပြီး မှောင်လာသောအခါ ကိုယ့်ခြံဝိုင်းအသီးသီးသို့ ပြန်သွားကြလေသည်။

အမှောင်က တစ်ပင်တိုင်ရွာလေးတွင်းသို့ တစ်စစပင်ရောက်လာချေပြီ။

တဲတွင်း၏ တဲကလေးမှ အသုဘအိမ်မှာမူ မီးခွက်ကလေး မှိတ်တုတ်မှိတ်တုတ်အလင်းရောင်သာ ရှိနေ၏။ ရွာစွန်ကျသည့်ပြင် ခွေမျိုးရင်းချာလည်း နည်းပါးကာ ဆင်းရဲနွမ်းပါးသူလည်းဖြစ်၍ အသုဘအိမ်သည် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

အသုဘအိမ်တွင်းမှာ မြဝေနှင့် မိဘနှစ်ပါးသာရှိကြလေသည်။ မိခင်နှင့်ဖခင်ဖြစ်သူက အတွင်းခန်းထဲ၌ အိပ်စက်ပျော်သွားသော်လည်း မြဝေကမူ ခင်ပွန်းဖြစ်သူ သာဒွန်းအကြောင်းစဉ်းစားရင်း ငိုရဖန်များလွန်း၍ မျက်စိများက ကျိန်းစပ်ကြောင်စီနေလေ၏။

သူမနှင့် သာဒွန်းမှာ ညားတာပင် နှစ်နှစ်ခန့်သာ ရှိပေသေးသည်။

ယင်းအခိုက် ...

''အု ... ဝူ ... ဝူ''

''ဟင် ... ''

ရုတ်တရက် ခြံဝိုင်းစပ် အမှောင်ရိပ်ကနေ ဆွဲဆွဲငင်ငင် လှမ်းအူလိုက်သော ခွေးတစ်ကောင်ကြောင့် မြဝေ ဖြန်းခနဲ ကြက်သီးမွေးညင်းများထသွားသည်။ ပြောရလျှင် မြဝေသည် ငယ်စဉ်ကပင် သရဲတစ္ဆေ နှင့်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာဝများအား ကြောက်တတ်သူ ဖြစ်လေ၏။ ထိုစဉ် မမျှော်လင့်ဘဲ မြဝေ လှမ်းကြည့်လိုက်ရာ ခြံဝကနေ လှမ်းဝင်လာသော အရိပ်မည်းမည်းသဏ္ဍာန် ကြီးတစ်ခုအား တွေ့မြင်လိုက်ရလေသည်။ မြဝေသည် ကြောက်ကြောက် ဖြင့် ...

''ဘယ် ... ဘယ်သူလဲ''

''အဟင်း ... ဟင်းဟင်း''

မြဝေ လှမ်းမေးလိုက်ရာ အရိပ်မည်းကြီးထဲကနေ လူမမာညည်း သံကဲ့သို့ မပီမသ ညည်းတွားသံကြီးဖြင့်အတူ စုးရှုပုပ်အဲ့သော အနံ့ဆိုး ကြီးတစ်ခုကလည်း မြဝေ၏နှာခေါင်းတွင်းသို့ လှမ်းဝင်လာ၏။ မြဝေ အော်ဂလီဆန်သွားသည်။

''ငါ ... သာဒွန်းပါ ... ငါ နင့်ကိုလာခေါ်တာ မြဝေ''

''ဟင် ... ရှင် ... ရှင် ... ကိုသာဒွန်း ... ကိုသာဒွန်းက နေ့လယ်ကပဲ မြွေကိုက်လို့ သေပြီပဲ ... ''

''ငါ တကယ်မသေပါဘူးမြဝေရာ ... ငါ မြွေဆိပ်တက်ပြီး မှော နေတုန်း ရွာကလူတွေက ငါ့ကိုသေပြီဆိုပြီး မြှုပ်ပစ်လိုက်တာ၊ ငါ အခု ကျင်းထဲကနေ ထလာခဲ့တာ နင့်ကိုလာခေါ်တာပဲ''

''အမလေး ... မ ... မလိုက်ဘူး ... မလိုက်ဘူး ... သွား သွား ... သွားသွား မခေါ်နဲ့ မလာနဲ့''

မြဝေသည် အိမ်ပေါက်ကနေ ရပ်နေလျက် သူ့အား လက်ယပ် လှမ်းခေါ်နေသည့် အရိပ်မည်းကြီးအား စေ့စေ့ကြည့်လျက် စူးစူးရှါးရှါး ထိတ်လန့်တကြား အော်ပစ်လိုက်၏။ ထိုစဉ် ...

''သမီး ... သမီး မြဝေ ဘာဖြစ်လို့လဲ''

''ဟင် ... ကို ... ကိုသာဒွန်း''

ရုတ်တရက် သူမအား ပခုံးကိုင်ကာ လှုပ်နှိုးလိုက်သံကြောင့်





မြဝေ ဆတ်ခနဲ ထထိုင်လိုက်မိသည်။ သူမအား လှုပ်နှိုးသူမှာ မိခင်ဖြစ်သူ ဖြစ်နေ၏။

သည်တော့မှ မြဝေသည် သူမ ပင်ပန်းဆင်းရဲလွန်း၍ တဲရှေ့ ခါးပန်းကိုမှီကာ မှေးခနဲ အိပ်ပျော်သွားသည်မှန်း သိလိုက်ရ၏။ သူမ အိပ်ပျော်သွားစဉ် သာဒွန်းအား စွဲလမ်းပြီး ရောက်လာသည်ဟု အိပ်မက် မြင်မက်ခြင်း ဖြစ်လေသည်။

အမှန်တကယ်ပင် သူမသည် သာဒွန်းအား မြင်တွေ့လိုက်ရသည် လား၊ သူမအား လာခေါ်သည်လား၊ ရေရာကွဲပြားစွာ မသိပေ။ ယခုတွင်မူ တဲရှေ့အမှောင်ပြင်ထဲ၌ မည်သည့်အရိပ်သဏ္ဍာန်မျှ ရှိမနေပါချေ။

''ဘာဖြစ်လို့လဲ မြဝေရယ် ... ညည်းအော်လိုက်တာ ငါတောင် လန့်တယ် ဘာဖြစ်လို့လဲ ... ''

''ကို ... ကိုသာဒွန်း သမီးကိုလာခေါ်လို့ အမေ''

''အိုအေ ... မဖြစ်နိုင်တာ ... သာဒွန်းက သေပြီပဲ ... ညည်း စိတ်စွဲပြီး မြင်မိမြင်ရာ မြင်တာ နေမှာပါအေ ... ကဲ ... ကဲ အိပ်တော့ ညဥ့်နက်နေပြီ ... ''

''ဟင့်အင်း ... သ ... သမီး မအိပ်ရဲဘူး ... ကြောက် ကြောက်တယ် ... အိုအေ ... ခက်တော့တာပါပဲ ... ကဲ ကဲ ညည်း မအိပ်ရဲရင်လည်း ငါပါ အဖော်အိပ်ပေးမယ်၊ အိပ်တော့ တကတည်းမှပဲ''

မြဝေ၏မိခင်ဖြစ်သူ ဒေါ်အုံးမေသည် ညည်းတွားသလို ပြောလိုက် ရင်း တစ်ဆက်တည်း မြဝေ၏ နံဘေးတွင် လျောင်းလိုက်လေတော့သည်။

ညဥ့်က သန်းခေါင်ယံ ကျော်လွန်နေချေပြီတည်း။

ခွေးအူသံတွေကလည်း ဆူညံလွှန်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ထူးဆန်းတဲ့အကြောင်း

မနက်လင်းသောအခါ တပင်တိုင်ရွာလေးထဲ၌ ထူးဆန်းသော သတင်းတစ်ပုဒ်က လှုတိုင်းပြောဆိုနေကြ၏။ ယင်းမှာ ယမန်နေ့ညတုန်းက သာဒွန်း၏မယားဖြစ်သူ မြဝေအား သာဒွန်းသည် မကျွတ်မလွတ်ဘဲ လာရောက်ခေါ်ငင်ကြောင်းနှင့် ရွာပြင်သုသာန်ကုန်းရှိ သာဒွန်း၏အလောင်းအား မြေမြှုပ်ထားရာနေရာမှ အလောင်းပျောက်ဆုံးသွားခြင်းပင် ဖြစ်လေသည်။

ထိုအကြောင်းအား ရွာထဲ၌ လူတိုင်းပြောဆိုနေကြလေသည်။

''ဖိုးပေ မင်းတို့ သတင်းကြားပြီးပြီလား ... ''

''ဘာလဲ _ ညတုန်းက သာဒွန်းသင်္ချိုင်းကုန်းကထပြီး မြဝေကို လက်ယပ်သွားခေါ်တဲ့သတင်းလား _ ''

''အေးကွ _ အဲဒါက ထူးဆန်းနေတယ် _ တို့ရွာမှာ အဲသလို ဘယ်တုန်းကမှ မဖြစ်ဘူးတဲ့ညစ္စာ ... ဒီမနက် နွားကျောင်းသား ငပိန် သုသာန်ကုန်းနွားသွားကျောင်းရင်း သာဒွန်းရဲ့အလောင်းကြီးပျောက်နေတာ တွေ့ရတာပဲ _ ငပိန်ပြောတာတော့ အဲဒီ သာဒွန်းအလောင်းမြှုပ်တဲ့ကျင်းနားမှာ ရသေ့မကြီးကိုလည်း မသက်ာစရာတွေ့ရတယ်တဲ့ _ ''





''အေးကွ _ ငါလည်း ကြားတယ် _ ထူးဆန်းတာက အဲဒီ ရသေ့မကြီးကလည်း ဘယ်ကနေဘယ်လို ရောက်လာမှန်းမသိရတာပဲကွ၊ သူ့ပုံစံက တစ်မျိုးပဲ ... တစ်ခါခါလည်း ရွာကနေ တစ်ပတ်ဆယ်ရက် ပျောက်ပျောက်သွားတတ်တယ်ကွ _ ''

''ဟာကွာ _ အဲဒါက သူ အခြားရွာတွေကို အလှူခံထွက်တာနေမှာပေါ့ကွာ _ အလှူခံမထွက်လို့ သူက သင်္ချိုင်းမှာ ဘာချက်ပြုတ်စားမှာလဲကွ ... ''

''ဒါပေလဲ့ ဒီလောက် နေ့ခင်းကြောင်တောင် ဘယ်သူမှတောင် မသွားမလာရဲတဲ့ သင်္ချိုင်းမှာ တစ်ယောက်တည်း မကြောက်မရွံ့နေရဲတဲ့ သတ္တိကတော့ မခေဘူးမောင်''

''အေးလေ ... ဘာဒင်ဆိုရင် တစ်ညလောက်သွားအိပ်ရင် တစ်လလောက် ကြောက်ချေးပါပြီး လန့်မယ့်ကောင်ကွ ဟားဟား''

ရွာသူရွာသားတွေသည် သာဒွန်း၏အလောင်းပျောက်ရာကနေ သုသာန်ကုန်းကြီးရှိ ဇရပ်ပေါ်၌ နေထိုင်သည့် ရသေ့မကြီးအကြောင်း စကားက ရောက်သွားပြန်လေသည်။ အမှန်တကယ်လည်း ယင်းရသေ့မကြီး၏ အကြောင်းကို တစ်ရွာလုံးက စပ်စုပြီးသိချင်ကြပါသော်လည်း မည်သူမျှ တကူးတက မမေးမြန်းရဲကြပါပေ။

ရသေ့မကြီးသည် အမြဲတစေ နဂါးတစ်ကောင် အမောက်ထောင်နေဟန် ထုလုပ်ထားသည့် တောင်ဝှေးကြီးတစ်ချောင်းအား ကိုင်ဆောင်ထားလေ့ရှိသည်။ ရွာထဲ၌ ကလေးသူငယ်များကို တွေ့လျှင်မူ ပါလာသော မုန့်ပဲသရေစာများအား ဝေခြမ်းကျွေးမွေး၍ ရွာသားများကလည်း မပြောမဆိုရဲကြပါချေ။

ယင်းသို့ စကားပြောနေကြစဉ်မှာပင် တိုက်ဆိုင်လှစွာ ရသေ့မကြီးသည် တောင်ဝှေးဖြင့် ရွာလမ်းအတိုင်း လျှောက်လာနေသည်ကို မြင်လိုက်

ရိရှင်အောင်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကြရလေသည်။

"ဟော ‒ ဟိုမှာ မင်းတို့ပြောတဲ့ ရသေ့မကြီး လာနေပြီဘဒင်၊ အေးကွ ‒ မသိမသာ အကဲခတ်ကြရအောင် ‒ သူ့မှာ ဘာအကြံအစည် ရှိသလဲမရှိဘူး ‒ ဟိုတလောကလည်း ဒေါ်ငယ်မခြံထောင့်က မယ်ဇလီ ပင်ကြီးအောက်မှာ ဘာတွေမန်းမှုတ်နေမှန်းမသိဘူးတဲ့ ... "

"မင်းကလည်းကွာ ‒ သချိုင်းမှာတစ်ယောက်တည်းနေရဲတယ် ဆိုကလည်းက သူ့မှာ သရဲတစ္ဆေတွေကို ကောင်းကောင်းနိုင်တဲ့ ဂါထာမန္တာန် တွေရှိလို့ပေါ့ကွ ... ဟော ... ရောက်လာပြီ ... ရှူး ... "

ရသေ့မကြီးသည် ဘဒင်တို့တတွေစကားပြောနေရာအနားသို့ ရောက်လာပြီး တစ်ချက် ခပ်စူးစူးစိုက်ကြည့်လိုက်လေသည်။ ပြီးလျှင် ဘဒင်တို့လူစုအား ...

"နင်တို့တတွေ ကျုပ်အကြောင်းပြောနေကြတာလား"

"ဟာ ‒ မ ‒ မဟုတ်ရပါဘူး ‒ ဒေါ်ရသေ့မကြီး ကျုပ်တို့ တတွေ သချိုင်းကုန်းက သာဒွန်းရဲ့အလောင်းပျောက်သွားတဲ့အကြောင်း ပြောနေကြတာပါ ... "

"ဟုတ်တယ် ‒ ရသေ့မကြီးက သုသာန်ဇရပ်မှာနေတာဆိုတော့ အလောင်းက ဘယ်လိုဖြစ်ပြီး ပျောက်သွားတာလဲဗျ ‒ သိရင် ပြောစမ်း ပါဦး ... "

သာဦးကပါ လေပြည်ကလေးဖြင့် ဝင်ပြီးပြောလိုက်လေသည်။ ရသေ့မကြီးက ...

"ဘယ်လိုဖြစ်ပြီး ပျောက်သွားရမှာလဲ ... ရွာထဲမှာ ညဘက် ခွေးတွေဘာတွေ မအူကြဘူးလား"

"ဟာ ‒ အူတာပေါ့ ရသေ့မကြီးရယ် ‒ မနေ့ညကဆို တစ်ည လုံးပဲ ... "





"အေး ... အဲဒီလိုဆိုရင် နင်တို့ရွာကလူတွေ ဘုရားရှိခိုး ပုတီးစိပ်၊ ကောင်းမှုကုသိုလ်လုပ်ကြ ... ဒါထက် နင်တို့ကို ငါမေးစရာရှိတယ်"

"ဘာမေးမှာလဲ ... "

ရသေ့မကြီးက မေးစရာရှိသည်ဟူသောကြောင့် ဘဒင်က ပြန် ပြောလိုက်ခြင်း ဖြစ်သည်။

"နင်တို့ရွာမှာ အရူးမကြီးတစ်ယောက်ကိုများ ဟိုတုန်းကတွေ့ ဖူးသလား ... သူ့နာမည်က မစာဥတဲ့ ... "

"မစာဥ ... အရူးမဟုတ်လား ... တစ်ခါမှ မကြားဘူးပေါင် ဗျာ ... ကျုပ်တို့ရွာကိုလည်း တစ်ခါမှ အရူးမလာဖူးပါဘူး။ ဒါထက် ရသေ့မကြီးက အဲဒီအရူးမနဲ့ ဘယ်လိုပတ်သက်နေလို့ ... "

"ငါ တွေ့ချင်လို့ လိုက်ရှာနေတာ ‒ တော်ပြီ ဘာမှဆက်မေး မနေနဲ့တော့ ... နင်တို့ရွာ ငါပြောသလို ဘုရားများများရှိခိုးကြ ဟုတ် လား ... "

ရသေ့မကြီးသည် သူ ပြောချင်ရာပြောပြီး ရွာလမ်းမအတိုင်း ရှေ့ဆက်သွားသဖြင့် သာဦးတို့သုံးယောက် ပခုံးတွန့် ကျန်ရစ်ခဲ့ကြလေ တော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## အနာဂတ်ပြန်ကွဲခြင်း

နံနက်ခင်း၏ လင်းနေသော နေရောင်ခြည်နုနုလေးတွေက ရွာလမ်းမတစ်လျှောက် ဖြန့်ယှက်ဖြာကျနေလေသည်။ လူငယ်တစ်ယောက်သည် ရွာလမ်းမအတိုင်း ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာနေလေ၏။

ရွာထိပ်ခြံဝိုင်းစပ်တစ်ခုကနေ လှမ်းထွက်လာသူက လူငယ်အား မြင်တွေ့သွားသည့်အခါ ...

"ဟာ ... ပြည့်စုံပါလား ... မင်း ရွာကိုလာတယ်"

"ဟ ... မလာလို့ ကျုပ်က ဘယ်သွားရမှာလဲ ကိုကျော်ထွန်းရ ... ရွာမှာ ဘာတွေများဖြစ်နေလို့လဲ ... ခင်ဗျားပုံစံက ကျွန်တော့်ကို တွေ့တာ တစ္ဆေသရဲတွေ့တာကျနေတာပဲ ... မျက်စိပျက်မျက်နှာပျက်နဲ့"

"မင်း ... ဘာမှမသိသေးဘူးလား ပြည့်စုံ ... အေးလေ မင်းက မြို့ကိုအလုပ်သွားလုပ်ဖို့ ရွာကနေ ထွက်သွားတာ တစ်နှစ်နီးပါးလောက်ရှိနေပြီကိုးကွ ... လာ ထိုင်ဦးလေကွာ ... ငါ အေးအေးဆေးဆေး ပြောပြပါမယ်ကွာ ... "

ကျော်ထွန်း၏ အမူအရာနှင့် စကားကြောင့် ပြည့်စုံအောင်သည်





သူ၏ခြေလှမ်းတို့အား ကိုကျော်ထွန်း၏ ခြံတွင်းသို့ ဦးတည်လှမ်းလိုက်လေတော့သည်။ ကိုကျော်ထွန်းသည် ဒီ တပင်တိုင်ရွာလေးတွင် သူနှင့် အရင်းနှီးဆုံး အခင်မင်ဆုံးဖြစ်သည်။

နောက်ပြီး သူနှင့် မွေးမွေးတို့ ရည်ငံမေတ္တာရှိနေကြောင်းကိုလည်း ရိပ်စားမိနေသူဖြစ်လေသည်။ ခြံတွင်းရှိ ကိုကျော်ထွန်း၏ ကွပ်ပျစ်၌ ထိုင်မိသည်နှင့် ...

"ဟင်း ... အခု ရွာကို အပြီးပြန်လာတာလား ပြည့်စုံ"

"အပြီးရယ်လို့တော့ မဟုတ်ပါဘူး ကိုကျော်ထွန်းရာ ... မြို့မှာ အလုပ်ကောင်းတော့ ငွေလေးနည်းနည်းစုမိတာနဲ့ ကျွန်တော့်အိမ်လေးကို ပြန်ပြင်ဖို့ရယ် ... ပြီးတော့ မွေးကိုလည်း သတိရလို့ပေါ့ဗျာ ... "

"အင်း ... ပြောရမှာ ခက်တယ်ကွာ ... ဟူး"

ကိုကျော်ထွန်းသည် ပြည့်စုံအောင်၏မျက်နှာအား စိတ်မကောင်းဝမ်းနည်းဟန်ဖြင့် တစ်ချက်ကြည့်ကာ သက်ပြင်းတစ်ချက်အား ရှိုက်ကာ လေပူကြီး မှုတ်ထုတ်လိုက်လေ၏။

"ခင်ဗျားမျက်နှာက ဘာဖြစ်နေတာလဲဗျ ... ဒါထက် နေပါဦး မွေးရော နေကောင်းရဲ့လား"

"ဟာ ... အဲဒါပြောမလို့ ... ငါ ချင့်ချိန်နေတာပဲ ပြည့်စုံ၊ ခရီးရောက်မဆိုက်ဆိုတော့ ငါ ငါ ပြောရမှာ ... "

"ဟင် ... ဘာ ... ဘာဖြစ်လို့လဲ ကိုကျော်ထွန်း ... "

"မွေးမွေး ဆုံးသွားတာ ခြောက်လလောက်ရှိပြီ ပြည့်စုံ"

"အင်း"

ရုတ်တရက် ကိုကျော်ထွန်း၏ စကားကြောင့် ပြည့်စုံအောင်၏ မျက်နှာသည် ဖျတ်ခနဲ မယုံကြည်နိုင်ဟန် အရောင်ပြောင်းလဲသွားပြီး ကြက်ကြီးလည်လိမ်သလို ဖြစ်သွားလေသည်။ အတန်ကြာမှ အထင်အသိ



www.burmeseclassic.com

www.burmeseclassic.com



အငေါ့ငေါ့ဖြင့် ...

"ကို ... ကိုကျော်ထွန်း ခင် ... ခင်ဗျား ကျုပ်ကိုနောက်တာ မဟုတ်ပါဘူးနော် ... "

"ဟာကွာ ... ဒီစကားက မင်းကို နောက်ပြောင်စရာလား ပြည့်စုံရာ၊ မင်း ရွာထဲသွားလေ မင်းတို့နှစ်ယောက်အကြောင်းသိကြတဲ့သူတွေက မင်းကိုဒီအကြောင်းပဲ ပြောကြမှာပဲ ပြည့်စုံ ... မင်း မြဝေကို သိတယ်မို့လား ရွာဖျားကလေ"

"သိတယ် ကျွန်တော့်သူငယ်ချင်းပဲ"

"အေး ... မြဝေကိုမေးကြည့်၊ သူနဲ့တွေ့ရင် မင်းပိုရှင်းသွားလိမ့်မယ် ... မြဝေက သာဒွန်းနဲ့ညားတာ သိပ်မကြာသေးဘူးကွ၊ သာဒွန်းလည်း မနေ့တစ်နေ့ကတင် မြွေကိုက်ပြီးသေသွားတာ ... ဒီကောင်အလောင်းလည်း သုသာန်ကနေ မြေမြှုပ်ထားရာက ပျောက်သွားလို့ ဒီရက်တွေအတွင်း တစ်ရွာလုံးပွက်လောရိုက်နေတာ ... သာဒွန်းသေတာ ရက်တောင်မှမလည်သေးဘူးကွ"

"မွှေးမွှေးက ဘယ်လိုဖြစ်ပြီး ဆုံးပါးသွားရတာလဲဗျာ ... ဖြစ်မှဖြစ်ရတယ် မွှေးရယ် ... တို့အလာကိုတောင် မစောင့်တော့ဘူးပေါ့နော်၊ ကျွန်တော် သူ့အတွက် လက်ဆောင်တွေတောင်ဝယ်လာသေးတယ် ကိုကျော်ထွန်း ... "

"ဘယ်တတ်နိုင်မလဲကွာ ... မွှေးမွှေးက နှလုံးရောဂါရှိတယ် မဟုတ်လားကွ ... မင်း မြဝေကို အကြောင်းစုံမေးကြည့်၊ သူလည်း လတ်တလောပူပူနွေးနွေး လင်သေလို့ပူဆွေးနေတာ၊ ဒီကြားထဲ သာဒွန်းက မကျွတ်မလွတ်ဘဲ ခြောက်တယ်လို့ နာမည်ကြီးနေတာကွ"

"အဲဒါကရော တကယ်ဟုတ်လို့လားဗျာ ... "

"ရွာထဲမယ်တော့ ပြောနေကြတာပဲလေ ... မြဝေ ကိုယ်တိုင်





တွေ့ရတာလို့ပြောတာပဲ၊ ဟုတ်မဟုတ် မင်း မြဝေနဲ့တွေ့မှမေးကြည့်ပေါ့ကွာ"

"ဒါဆို ... ကျွန်တော် ရွာထဲသွားလိုက်ဦးမယ်"

ပြည့်စုံအောင်သည် ကိုကျော်ထွန်းအားနှုတ်ဆက်လျှက် ရွာတွင်းသို့ခေါင်းငိုက်စိုက်ချလျှက် လှမ်းထွက်လာခဲ့မိသည်။ လျှောက်လာရင်းမှ သူ၏မျက်လုံးထဲတွင် ချစ်ရသူမွှေးမွှေး၏ မျက်နှာလပြည့်ဝန်းလေးအား မြင်ယောင်နေမိလေသည်။

ကိုကျော်ထွန်းပြောသောစကားအရ မွှေးမွှေးဆုံးပါးခြင်းကို မြဝေသိသည်ဟုဆို၍ မြဝေသည် သူနှင့်လည်းခင်မင်ရင်းနှီးသလို မွှေးမွှေး၏အချစ်ဆုံးသူငယ်ချင်းလည်းဖြစ်လေသည်။ မြဝေသည် သာဒွန်းနှင့်ယူလိုက်သည်ဟုသိရ၏။ သာဒွန်းသည် မြဝေနှင့်ဟိုတုန်းထဲက တစောင်းချေးဖြင့်မျက်ချေးဖြစ်သလို ရွာတွင်လည်း သာဒွန်းသည် ဆိုးပေတေရာ၌ နာမည်ကျော်ကြားသူဖြစ်သည်။

မြဝေလို ချောချောလှလှနှင့် မည်သို့ညားသွားမှန်း ပြည့်စုံအောင်နားမလည်။

ပြည့်စုံအောင် အသိလိပ်ပြာ ကင်းမဲ့နေသူတစ်ယောက်ပမာ ရွာထဲ၌ သူ့အားနှုတ်ဆက်သူများအား ပြန်လည်၍နှုတ်ဆက်မိလေသလား မနှုတ်ဆက်မိလေသလားပင်မသိပေ။

မကြာမီ မြဝေတို့၏ ခြံဝိုင်းစပ်သို့ရောက်လာ၏။ မြဝေသည် သူ့အားမမျှော်လင့်ဘဲ ရုတ်တရက် လှမ်းမြင်သွားပုံဖြင့် ...

"ဟင် ... ပြည့်စုံ ... နင် ... နင်ပြန်လာတယ်"

ချက်ချင်းပင် မြဝေသည် တဲပေါ်ကနေ ဝမ်းသာအားရ ကမန်းကတန်းပြေးဆင်းလာပြီးလျှင် ပြည့်စုံအောင်၏ရင်ခွင်တွင်းသို့ ပြေးဝင်လိုက်လေတော့၏။ ရုတ်တရက်မို့ ပြည့်စုံအောင်သည် ဘာလုပ်လို့ရမှန်းကိုင်



www.burmeseclassic.com

www.burmeseclassic.com



ရမှန်းမသိဘဲ မြဝေအား ပြန်တွေးဝင်ကာထားမိလိုက်၏။ နွေးထွေးသော အထိအတွေ့ကြောင့် ပြည့်စုံအောင် စိတ်လှုပ်ရှားသွားရသည်။ ချက်ချင်းပင် အသိဝင်ကာ သူ့ရင်ခွင်တွင်းရှိ မြဝေအား ညင်သာစွာတွန်းဖယ်လိုက်ရင်း ...

"မြဝေ နင့်ယောက်ျားသေလို့ဆို ... "

"ဟုတ် ... ဟုတ်တယ် ပြည့်စုံ အဟင့် ... "

"ကဲ ... လာပါဟာ ငိုမနေပါနဲ့ အိမ်ထဲသွားရအောင်"

"ငါငိုတာ သေသွားတဲ့ ကိုသာဒွန်းကြောင့်လို့ နင်ထင်လို့လား ပြည့်စုံ ... နင် ရွာကိုပြန်လာတာ ဝမ်းသာလို့သိလား နင့်ကို ငါသတိရနေတာ"

"မြဝေရယ်"

မြဝေ၏စကားဖြင့် မျက်ဝန်းအကြည့်တို့သည် မည်သည့်အရိပ်အယောင်တွေ စွန်းထင်းနေမှန်း ပြည့်စုံအောင် ရိပ်စားမိပါသည်။ တစ်ချိန်က မြဝေသည် သူ့အပေါ် မိန်းမသားတန်မဲ့ ရေလာမြောင်းပေး စကားတွေ သွယ်ကာ သံယောဇဉ်တွေပိုခဲ့မှန်း ပြည့်စုံအောင်သာလျှင် သိခဲ့သည်မဟုတ်ပါလားလေ ...

တဲတွင်းသို့ရောက်သော် မြဝေ၏ မိခင်ဖခင်များကို မတွေ့ရ။

"ဦးလေးနဲ့ အဒေါ်ရော မြဝေ"

"ကိုသာဒွန်း ကိစ္စအတွက် ရွာကျောင်းကိုသွားကြတယ် ပြည့်စုံ၊ ဒါထက် နင် ... နင် မွှေးမွှေးကိစ္စကို ရွာထဲကနေ သိလာခဲ့ပြီလားပြည့်စုံ"

မြဝေ၏စကားကြောင့် ပြည့်စုံအောင်၏မျက်နှာပြင်သည် ချက်ချင်းပင် ပူဆွေးဝမ်းနည်းခြင်း အရိပ်အယောင်များ ယှက်သန်းသွားလေသည်။ ခဏကြာမှ လေးလံသော ပင့်သက်တစ်ခုချကာ ...

"ငါ ရွာစပ်က ကိုကြီးကျော်ထွန်းနဲ့တွေ့ပြီးပြီ ... မွှေးမွှေး





အကြောင်း သူပြောမှ ငါသိရတာ ... သူက နင့်ကိုအကြောင်းစုံမေးကြည့်တဲ့"

"ငါပြောပြရင် ... နင်က ယုံမှာလား"

"ဘာကိုလဲ မြဝေ"

"ဟိုလေ ... မိမွှေး ဘာကြောင့်သေသွားရတယ်ဆိုတာကိုပေါ့၊ ဒါပေမဲ့ နင် နားပါဦးပြည့်စုံရယ် ... ပြီးတော့မှ နင့်ကိုငါ အေးအေးဆေးဆေးပြောပြပါ့မယ် ခရီးရောက်မဆိုက်ကြီး ... ငါမပြောပြချင်ဘူး"

"ငါ အရမ်းသိချင်နေတယ် မြဝေ ... ငါ ဒီသတင်းကိုကြားထဲက ရင်ပွင့်မတတ် ရင်တွေကွဲကြေမတတ်ခံစားနေရတယ်"

ပြည့်စုံအောင်သည် အရိုးခံအတိုင်းပင် မြဝေအား ပြောပြလိုက်မိသည်။ အမှန်မှာမူ နှစ်ယောက်စလုံးသည် ကိုယ့်အပူဖြင့်ကိုယ် ပူလောင်နေကြသူတွေချည်းပင်။



www.burmeseclassic.com

www.burmeseclassic.com

## ကံဆိုးမလေး

"မြဝေရေ _ သွားကြမယ်ဟေ့"

"လာပြီ မိမွှေးရေ ... လာပြီ"

အိမ်ရှေ့ခြံဝိုင်းစပ်မှ မွှေးမွှေး၏ခေါ်သံကြောင့် မြဝေ၏ အသင့်ပြင်ဆင်ထားသည့် လွယ်အိတ်ကိုယူကာ ခြံဝိုင်းစပ်သို့ အပြေးလှမ်းလာခဲ့လေသည်။ ခြံဝတွင် မွှေးမွှေးက သူမအားအသင့်စောင့်နေ၏။

ယနေ့ မွှေးမွှေးဖြင့် သူမတို့နှစ်ယောက် ရွာအနောက်ဘက် ရိုးမစပ်တွင် ရှာဦးစေတီအတွက် ဘုရားပန်းသွားခူးကြမည်ဖြစ်သည်။ နောက်တစ်ပတ်တွင် သူမတို့ရွာနှင့် ချောင်းဦးရွာကြားရှိ ရှာဦးဘုရားပွဲတော်သည် နှစ်စဉ်ကျင်းပမြဲဖြစ်သည်။

ယင်းဘုရားပွဲတွင် ရွာရှိ ရွာပျိုဖြူများသည် ဆီမီးတစ်ထောင် ပန်းတစ်ထောင် နှစ်စဉ်ပေးလှူကြမြဲဖြစ်လေသည်။ ယင်းသို့ ပန်းလှူပွဲတွင် ရွာပျိုဖြူများသည် မိမိတို့ကိုယ်တိုင်ခူးသည့် တောပန်းတောင်ပန်း၊ သစ်ခွသဇင်များဖြင့် ဘုရားအားပူဇော်ကြလေ့ရှိမြဲ။ ထို့ကြောင့် မြဝေနှင့်မွှေးမွှေးတို့ ပန်းခူးထွက်ရန် စီစဉ်ကြခြင်းဖြစ်၏။





အရှေ့ဘက်ဆီမှ အလင်းရောင်ပျပျသည် ရွာပေါ်သို့ လွှမ်းခြုံဖြန့်ယှက်စပြုနေလေပြီ။ ရွာတွင်းမှလည်း မွှေးမွှေးတို့ကဲ့သို့ပင် နီးစပ်ခင်မင်ရာ ရွာပျိုဖြူများတစ်ယောက်စ နှစ်ယောက်စ ပလိုင်းကိုယ်စီလွယ်အိတ်ကိုယ်စီဖြင့် ထွက်လာစပြုနေကြပြီ။ ရိုးမတောအစပ်သည် ရွာစည်းရိုးနယ်နိမိတ်ဖြင့် တဆက်တည်းတည်ရှိနေသလို ယယ်စဉ်ထဲကပင် ထင်းခွေ၊ ဝါးခုတ်၊ မှိုရှာ၊ မျှစ်ရှာ ပြုလုပ်ခဲ့ကြသူတွေပီပီ ရိုးမသည် ရွာသူရွာသားများဖြင့် မစိမ်းသက်လှပါချေ။

မြဝေနှင့် မွှေးမွှေးသည် ရွာ၌ အချစ်ဆုံးသူငယ်ချင်းများဖြစ်ကြ၏။

"မိမွှေး"

"ဘာလဲ မြဝေ"

"ပြည့်စုံအောင် မြို့ကိုသွားတာ အတော်ကြာပြီနော် ... ဘာသတင်းမှလည်းမကြားရပါလား _ နင့်ဆီကိုရော ဆက်သွယ်သေးလား"

"ဟေ့အေး မြဝေ ... ငါလည်း သူရွာကထွက်သွားပြီးကတည်းက ဘာသတင်းမှမကြားရလို့ စိတ်ပူနေရတာ ညည်းလည်း အသိပဲဥစ္စာ၊ ခုလည်း ဘုရားမှာ သူ့အတွက်ပါ ပိုဆုတောင်းရမယ်"

"ညည်းကိုတောင်းရမ်းနိုင်ဖို့ ပိုက်ဆံတွေကြိုးစားရှာနေလို့နေမှာပေါ့အေ့ _ ပြည့်စုံအောင်က မာနကြီးတယ်ဟဲ့"

"သူ့မာနက ငါ့ကိုပါမေ့နိုင်တဲ့မာနမျိုးပါဟာ _ ငါကတော့ ပဝါပါးကို ကြက်သားထုပ်မိသူဆိုတော့"

မွှေးမွှေး၏လေသံက နွမ်းဖျော့နေလေသည်။ တကယ်လည်း မွှေးမွှေးသည် ပြည့်စုံအောင်အပေါ် သံယောဇဉ်ကြီးမားလွန်းလှ၏။ ဤမျှ သံယောဇဉ်ကြီးမား၍လည်း၊ တစ်ရွာလုံးက အဖက်မလုပ်ကြဉ်ဖယ်ထားသည့်ပြည့်စုံအောင်၏ဘဝကိုစာနာစွာမဏ္ဍာတန့်ပြန်မလှယ်ခဲ့မိခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာလုံးတွင် ပြည့်စုံအောင်အပေါ် နားလည်သူဟူ၍ သူမနှင့် မြဝေသာဖြစ်၏။ မြဝေသည်လည်း ပြည့်စုံအောင်အပေါ် သူမကဲ့သို့ပင် သံယောဇဉ်ကြီးမားလွန်းသူဖြစ်လေ၏။

မိန်းမသားချင်းမို့ မွှေးမွှေးသည် ပြည့်စုံအောင်အပေါ် တွယ်ငြိတတ်သော မြဝေ၏မျက်ဝန်းညိုပြာတစ်စုံထဲမှ အကြင်နာသံယောဇဉ်အရိပ်အငွေ့များအား တွေ့မြင်ခဲ့ရဖူးသည့် မြဝေသည်လည်း ပြည့်စုံအောင်၏အပေါ် ရေလာရန် မသိမသာမြောင်းငယ်လေးများ ဖောက်ခဲ့၏။ မိန်းမသားချင်းမို့ မွှေးမွှေးရိပ်စားမိလေသည်။

သို့သော် ပြည့်စုံအောင်၏သံယောဇဉ်သည် သူမ၏အပေါ်သာ တိမ်းညွှတ်ခဲ့သည်။ ထိုအခါ မြဝေ၏မျက်ဝန်းညိုကြီးတို့က ရက်ပေါင်းများစွာ ဝမ်းနည်းရိပ်တွေ သန်းနေခဲ့လေသည်။ မြဝေသည် သူ၏ယှဉ်ပြိုင်ဘက်အပေါ် ရှုံးနိမ့်သွားမှန်း သူ့ကိုယ်သူသိ၍ ပြည့်စုံအောင်၏အနီးမှ ရှောင်ကျဉ်ဖယ်သွားသည်။

သို့သော်လည်း မွှေးမွှေးဖြင့်မူ အခင်အမင်မပျက်ချေ။ ရွာတွင် မွှေးမွှေးမှာ မိဘများပြည့်စုံသူဖြစ်ပြီး၊ မြဝေကမူ ဆင်းရဲနွမ်းပါးလေ၏။ ယင်းကြောင့်ပင် ပြည့်စုံအောင်၏အချစ်ကို သူမ မရဟု မြဝေစိတ်ထဲထင်စွဲခဲ့လေသည်။

သည့်နောက် မြဝေသည် မွှေးမွှေးဖြင့် ပြည့်စုံအောင်အား မသိမသာရှောင်ခဲ့၏။ မွှေးမွှေးသည် ယင်းကိုရိပ်စားမိပါသော်လည်း မသိချင်ဟန်ဆောင်ခဲ့လေသည်။

မြဝေကိုလည်း၊ တွယ်တာခင်မင်မှုမပျက်ပေ။

သိပ်မကြာခင် ရိုးမအခြေစပ်သို့ ရောက်ရှိလာကြ၏။

"မြဝေ"

"ဟင် ... ဘာလဲ မိမွှေး"





"နေကလည်း ပူတယ်ဟာ၊ ငါအရမ်းမောလာလို့ ခဏနားဦးမယ်"

"အေး ... နားချင်နားလေ"

မြဝေရော မွှေးမွှေးပါ အရိပ်ကောင်းသည့် သစ်ပင်ကြီးတစ်ပင်အောက်တွင် ခဏထိုင်နားလိုက်ကြ၏။ မွှေးမွှေး၏ ရွှေရင်အစုံသည် နိမ့်တုံမြင့်တုံဖြစ်၍နေသည်။

အမှန်မူ မွှေးမွှေးသည် ဘုရားပွဲအတွက်ရော ပြည့်စုံအောင်အတွက်ပါ ဆုတောင်းပြီးကပ်လှူရန် တောတွင်းသို့ ပန်းခူးထွက်ခဲ့သော်လည်း သူမသည် ဤသို့အပင်ပန်းမခံနိုင်ပေ။ သူမ၌ မွေးရာပါနှလုံးရောဂါသည်ရှိနေ၏။

ဒါကို မြဝေကလည်းသိရှိထားသလို တစ်ရွာလုံးလည်း သိကြ၏။

"နင် ရောဂါပြန်ထနေလို့လား မိမွှေး"

"အင်း ... ဟုတ်တယ် မြဝေ ... ငါဘုရားပွဲမှာ ကိုယ်တိုင်ပန်းလှူချင်လို့သာ နင်နဲ့ပန်းလာခူးတာ ဒီရက်တွေအတွင်း ငါညဘက်တွေ သိပ်အိပ်မပျော်သလို အရမ်းလည်းမောတယ်ဟ"

"နင့်ရောဂါကလည်း နာတာရှည်ကြီးပါလား ... ငါသာဆို နင့်နေရာ မှာဆို သေမှာပဲသိလား"

"ငါ့ဝဋ်ကြွေးပေါ့ မြဝေရယ်"

မွှေးမွှေး၏လေသံက နွမ်းဖျော့တိုးတိမ်နေ၏။ မြဝေသည် မွှေးမွှေး၏ မျက်နှာအား ကရုဏာသက်စွာကြည့်လိုက်ရင်းက —

"နင် သိပ်ပြီးရောဂါပြင်းနေရင်လည်း ပန်းတွေငါပဲခူးလိုက်မယ်လေ၊ နင် — ဒီမှာပဲ နားနေပေါ့၊ အဲ — ဒါပေမဲ့ ဒီသစ်ပင်ကြီးက ဒီတောထဲမှာ တစ္ဆေသရဲအရမ်းခြောက်တယ်လို့ နာမည်ကြီးနော် မိမွှေး အဟင်းဟင်း"



www.burmeseclassic.com

www.burmeseclassic.com



''ဟင် ... အဟုတ် ... တ ... တကယ်''

မြဝေ၏ ရယ်ရွှန်းပတ်ရွှန်း စနောက်ပြောင်သည့်စကားကြောင့် မွေးမွေး၏ မျက်နှာလေးသည် အထိတ်တလန့်ဟန်ဖြစ်သွားလေသည်။ မွေးမွေးသည် ငယ်စဉ်ကပင် တောထဲတောင်ထဲသွားလျှင် တစ္ဆေသရဲဆိုလျှင် နာမည်ကြားရုံဖြင့် ကြောက်တတ်၏။ ရွာထဲ၌လည်း နေဝင်ပျိုးပျချိန်ရောက်လျှင် တစ်ကိုယ်တည်းအပြင်သို့ မထွက်ရဲသူဖြစ်သည်။

သို့သော် ယခုအချိန်သည် နေ့လယ်နေ့ခင်းအချိန်ဖြစ်သည်။ နေ့ခင်းကြောင်တောင်ပင်ဖြစ်သော်လည်း တောထဲတောင်ထဲဆိုတာ ပြော၍မရ။ မမြင်အပ်သော နာနာဘာဝများ တောခြောက်တောမှောက်ခြင်းများလည်း ရံဖန်ကြုံတွေ့ရတတ်၏။

ပြီးတော့ မြဝေသည် တောထဲသို့အမြဲတစေ ထင်းခွေဝါးခုတ်လုပ်နေသူဖြစ်၍ ဤနေရာအကြောင်းသိပေလိမ့်မည်။ သိပ်မကြာခင် မြဝေသည် သူမအား ထားရစ်ခဲ့ကာ တောတွင်းသို့ဝင်သွားလေသည်။

မွေးမွေး၏ရင်တွင်းမှလည်း ပို၍မောပန်းလာသည်။

ထိုစဉ် ...

''ဝေါ ... ဝူး ... ဝူး''

''ဟင်''

ရုတ်တရက် စောစောကငြိမ်သက်နေသည့် တောသည်လေရိုင်းကြီးများ တိုးဝှေ့သံ ဝါးပင်ကိုင်းများ ယိမ်းနွဲ့သံတို့ဖြင့် မြည်ဟီးအော်လာသဖြင့် မွေးမွေး မျက်ဝန်းပြူးသွားမိလေသည်။ သူမ၏ ပတ်ဝန်းကျင်တစ်ခုလုံး အမှတ်မထင် မည်းမှောင်သွားပြီး သစ်ပင်ကြီးငယ်များအားလုံးလည်း တစ္ဆေသရဲနာနာဘာဝ မကောင်းဆိုးဝါးကောင်ကြီးများ၏ လက်တံကဲ့သို့ တရွေ့ရွေ့ ယိမ်းလှုပ်နေကြလေသည်။

တောတွင်းမှ အော်မြည်သံကြီးများကလည်း ကြောက်မက်ဖွယ်





ပျက်ဖွယ်ရာ။ မွေးမွေးသည် သစ်ပင်စည်ကြီးအား ပို၍ကျောမှီလိုက်ကာ ကြောက်လန့်တကြား တိုးဖက်ထားပြီး ပြန်မလာသေးသည့် မြဝေအား လှမ်းမျှော်၍ကြည့်လိုက်မိ၏။ ပတ်ဝန်းကျင်တစ်ခုလုံး လူညည်းသံလိုလို အသံကြီးများလည်း မပီမသ ထွက်ပေါ်လာ၍ မွေးမွေးပိုမိုကြောက်လန့်လာမိ၏။

''အဟင်း ... ဟီးဟီး ... ''

''ဝေါ ... ဝူး ... ဝူး''

''အဟင်း ... ဟီးဟီး ... ''

''ဟင်''

ရုတ်တရက် မွေးမွေးသည် လူမမာညည်းတွားသံကြီးကဲ့သို့ မပီမသ ညည်းတွားသံကြီးထွက်ပေါ်ရာ ချုံကွယ်တစ်ခုဘက်သို့ လှမ်းအကြည့် မြင်တွေ့လိုက်ရသောအရာကြီးတစ်ခုကြောင့် ခန္ဓာကိုယ်တွင်းရှိ သွေးများ ရပ်ဆိုင်းလုခမန်း ထိတ်လန့်တကြား အော်ဟစ်မိလိုက်လေသည်။

''အား ... အမလေး''

''အဟင်း ... ဟီးဟီး ... ''

မွေးမွေးမြင်တွေ့လိုက်ရသည်မှာ ချုံကွယ်တွင်းမှ ဖြန်းခနဲထွက်ပေါ်လာသည့် ကြောက်မယ်ဖွယ်ရာ တစ္ဆေသရဲမျက်နှာကြီး ...

မွေးမွေး ဝုန်းခနဲ လဲပြိုကျသွားလေတော့သည်။

မြဝေသည် သူမ၏ပြောလက်စ စကားကို သက်ပြင်းရှိုက်လျှက် ပြည့်စုံအောင်အားကြည့်ကာ ...

''အဖြစ်က အဲဒါပါပဲ ပြည့်စုံရယ် ... ငါအချိန်မီမရောက်လို့ မွေးမွေး တောထဲမှာအန္တရာယ်တစ်စုံတစ်ခုနဲ့ ကြုံတွေ့ရပြီး နှလုံးသွေးရပ်သေဆုံးခဲ့ရတာပါ ... အဲဒီအချိန်မှာ ရွာကအဖော်တွေ ရောက်လာတာနဲ့ မွေးမွေး အလောင်းကို ရွာပြန်သယ်ခဲ့ရတာပေါ့ ... ငါလည်း အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲရတာပေါ့ ပြည့်စုံရယ်"

"မိမွှေးရယ်"

ပြည့်စုံအောင်၏နှလုံးသားသည် ကြေကွဲနာကျင်လျက်ရှိလေသည်။ ညဥ့်က တစ်စတစ်စနက်လျက်ရှိလေပြီ။ သာဒွန်း၏အသုဘတဲသည် လူသူမရှိ တိတ်ဆိတ်ခြောက်ကပ်လျက် ခြံဝိုင်းစပ်အပြင်ဘက်တွင်မူ ခွေးများက ကျက်သရေကင်းမဲ့စွာ အူနေကြဆဲ ...

"အူ ... ဝူ ... ဝူ"



## သုသာန်ထဲက ရသေ့မကြီး

တပင်တိုင်ရွာလေး၏ သုသာန်ကုန်းကြီးသည် နေ့ခင်းကြောင်တောင်ပင် လူသူကင်းမဲ့လျက် မြေပုံမို့မို့ အုတ်ဂူအပြိုအပျက်များ ချုံနွယ်ပိတ်ပေါင်းများ သစ်ပင်ကြီးငယ်များက အုပ်ဆိုင်းလျက် ခြောက်ချားဖွယ်ရာ ကောင်းလှန်းနေသည်။

ပြည့်စုံအောင်သည် သုသာန်ကုန်းလေးပေါ်သို့ လက်တွင်း၌ စကားဝါပန်းပွင့်လေးများကိုင်လျက် တစ်ဦးတည်းတက်လာခဲ့မိသည်။ မြေပုံမို့မို့များ မှတ်တိုင်အကျိုးအပဲ့များကို ဖြတ်ကျော်လျက် မွှေးမွှေး၏ ရုပ်အလောင်းအုတ်ဂူတည်ရှိသည်ဆိုသော ဇရပ်ပျက်ကြီး၏ အရှေ့ထောင့်ဘက်သို့ လျှောက်လှမ်းလာခဲ့၏။

ချစ်ရသူမွှေးမွှေးအား ဒီဘဝတစ်သက်၌ ပြန်လည်မဆုံမတွေ့နိုင်တော့ပါသော်လည်း သူမလဲလျောင်းအိပ်စက်ရာ အုတ်ဂူလေးကိုတော့ ပြည့်စုံအောင် စကားဝါပန်းပွင့်လေးများကြဲဖြန့်ချင်သေးသည်။

မွှေးမွှေးသည် စကားဝါပန်းပွင့်လေးများကို ချစ်မြတ်နိုးသူဖြစ်လေသည်။ ပြည့်စုံအောင်သည် အုတ်ဂူအပြိုအပျက်များအကြားကနေ ရုပ်



www.burmeseclassic.com

www.burmeseclassic.com



ပျက်ကြီးရှေ့ ဖြတ်လျှောက်လိုက်စဉ် ...

"ဟိတ် ... ကောင်လေး ဘယ်သွားမလို့လဲ"

"ဟင် ... "

ဇရပ်ပျက်ကြီးပေါ်ကနေ လှမ်းပြောလိုက်သံထွက်ပေါ်လာ၍ သူ လှမ်းကြည့်လိုက်ရာ အညိုရောင်ဝတ်စုံဖြင့် ရသေ့မကြီးတစ်ဦးအား မြင်တွေ့လိုက်ရ၏။ ပြည့်စုံအောင်သည် ခြေလှမ်းတုန့်ခနဲဖြစ်သွားစဉ် ...

"လူကောင်းသူကောင်းတွေ တစ်ဦးတစ်ယောက်မှ မလာရဲတဲ့ သုသာန်ထဲကိုလာတာ တစ်ခုခုအကြောင်းရှိရမယ် ... မင်း ဒီရွာကပဲလား မင်းကို ငါတစ်ခါမှ မတွေ့ဖူးဘူး၊ ဒီကိုလာစမ်းပါဦး ... ကောင်လေးရဲ့"

ဇရပ်ပေါ်မှ ရသေ့မကြီး၏လှမ်းခေါ်သံကြောင့် ပြည့်စုံအောင်သည် ဇရပ်ရှေ့သို့လျှောက်သွားလိုက်သည်။ ရသေ့မကြီးသည် သူ့အားစူးစိုက်စွာ မျက်မှောင်ကုတ်လျက်ကြည့်နေရင်းက ...

"မင်းနာမည် ဘယ်သူလဲကွယ့်"

"ပြည့်စုံအောင်လို့ခေါ်ပါတယ်၊ ဒေါ်ဒေါ် ... ဒေါ်ဒေါ်က ဒီဇရပ်ပျက်ကြီးမှာနေတာလား ... "

"အင်း ... ဟုတ်တယ်ပဲဆိုပါတော့၊ သချိုင်းဆိုတာက ဆိတ်ငြိမ်တယ် အေးချမ်းတယ် ... လောဘဒေါသတွေ မရှိတဲ့နေရာ ငါ့ကိုလူသေအလောင်းတွေနဲ့နေလို့ တချို့ အရူးလို့တောင်ပြောနေကြတယ် ဟင်းဟင်း"

"ဘယ်နှယ့်လဲ မင်းရော ငါ့ကိုအရူးလို့မထင်ဘူးလား၊ ဒါထက် မင်းလက်ထဲက ပန်းကိုကြည့်ရတာ တစ်စုံတစ်ယောက်အတွက် ဒီသုသာန်မှာ ပန်းလာလှူတဲ့ပုံပဲ၊ ငါလည်း ငယ်ငယ်က စကားဝါပန်းဆိုရင် သိပ်စွဲလမ်းတာ မင်းပန်းလှူမယ့်အုတ်ဂူက မိန်းကလေးဖြစ်ရမယ် ဟင်းဟင်း"

"ဟုတ်ပါတယ် ဒေါ်ဒေါ် ... ကျွန်တော့်ချစ်သူဆိုပါတော့၊ သူက စကားဝါပန်းပွင့်လေးတွေကို အမြဲနှစ်သက်တယ်၊ ဒါကြောင့် သူ့အုတ်ဂူမှာ





ပန်းလာလှူပေးတာပါ ... "

"နေပါဦး ... ဆုံးပါးသွားတဲ့ မင်းရဲ့ချစ်သူဆိုတာ ဘယ်သူလဲ ဒီရွာကပဲလား"

"ဟုတ်ပါတယ် ဒီရွာကပါ နာမည်က မွှေးမွှေးတဲ့၊ ဒီဇရပ်ထောင့်မှာ သူ့အုတ်ဂူရှိတယ်လို့ပြောတယ် ... "

"ဪ ... ဟိုအုတ်ဂူလေးထင်တယ် သွားသွား၊ တော်ကြာ သေသွားတဲ့ မင်းရဲ့ကောင်မလေးက မကျွတ်မလွတ်ဘဲ ဝိညာဉ်ဘဝကနေ မင်းကို စိတ်ဆိုးနေဦးမယ် ... ခစ်ခစ်"

ရသေ့မကြီးသည် ပြောရင်းအဟင်းဟင်း ရယ်မောနေလေသည်။ ပြည့်စုံအောင်သည် ရသေ့မကြီး၏အမူအရာအားကြည့်ကာ ရူးများရူးနေပြီလားဟု တွေးမိသည်။ သို့သော် ပြီးမှသာ ရသေ့မကြီးနှင့်စကားပြောမည်ဟု တွေး၏။ ပြည့်စုံအောင် ရသေ့မကြီးအား စိတ်ဝင်စားသွားမိလေပြီ။

ရသေ့မကြီး ညွှန်ပြသည့်အတိုင်း ပြည့်စုံအောင် လိုက်လံရှာဖွေရာ မကြာခင် မွှေးမွှေး၏အုတ်ဂူလေးအားတွေ့ရ၏။ အုတ်ဂူအားမြင်တွေ့သည့်အခါမှ ပြည့်စုံအောင်ပို၍ ဝမ်းနည်းကြေကွဲသွားရလေသည်။

"မွှေးရယ် ... တို့အလာကိုတောင် မစောင့်နိုင်တော့ဘူးပေါ့ နော်"

သူ ယူလာသောစကားဝါပန်းပွင့်လေးများကို ပြည့်စုံအောင်သည် အုတ်ဂူလေးထက်သို့ တင်ပေးလိုက်လေသည်။ မွှေးမွှေးအား ရင်တွင်းမှ ပြောချင်သည့်စကားများအား မပြောပြဖြစ်ဘဲ ပြည့်စုံအောင်သက်ပြင်းကိုသာ ကြိတ်ချလိုက်လေ၏။

ထိုစဉ် နောက်ဘက်ဆီကနေ ခြေသံကိုကြားလိုက်ရ၍ ပြည့်စုံအောင် ချာခနဲလှည့်ကြည့်လိုက်မိလေသည်။ သူ့၏နောက်သို့ ရောက်လာသည်က ရသေ့မကြီးပင်ဖြစ်သည်။ ရသေ့မကြီးက ပြည့်စုံအောင်အား



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းရွှန်းစားစားကြည့်ရင်း ...

"ဘယ်နှယ့်လဲကွယ်၊ မင်းရည်းစား တစ္ဆေမလေးနဲ့တွေ့ခဲ့ရဲ့လား"

"အဟင်း _ လူတွေက အတော်ရှုးကြတာပဲ၊ ရှိတဲ့လူကိုတော့ မတမ်းတ၊ မရှိတဲ့လူကိုကျတော့ တမ်းတတယ် _ ဒါနဲ့မင်းက အဲဒီမိန်းကလေးသေတဲ့အချိန်မှာ ဘယ်ကိုသွားနေလို့လဲ"

"ကျွန်တော် မြို့ပေါ် အလုပ်သွားလုပ်နေတာ"

"ဩော် _ အဲဒါကြောင့် မောင်ရင်လေးက မိန်းကလေးဆုံးပါးတာကို ခုမှသိတယ်ဆိုပါတော့ _ ဒီမိန်းကလေးက ရွာထဲကကြေးရတက် သမီးလေးပဲကွယ့်၊ ချောတာမှမှန်ညက်နေတာပဲ _ အင်း လူတွေရဲ့အတွင်း မနောသဘောက ပိုကြောက်ဖို့ကောင်းတယ် _ မိန်းကလေးက ငယ်ငယ်ရွယ်ရွယ်နဲ့ဆုံးပါးရတာ နှမြောစရာပဲကွယ် မင်းခမျာလဲ သူ့ကိုအတော့်ကို ချစ်ရှာမယ်လို့ အဒေါ်ခန့်မှန်းမိပါတယ်"

"ကျွန်တော် မွေးကို အရမ်းချစ်တယ် အဒေါ်၊ သူဆုံးသွားတာ ကျွန်တော့်အဖို့ ကမ္ဘာပျက်သလိုပါပဲ _ "

"အင်း _ မီးတွေ မီးတွေပေါ့ကွယ်၊ အဲဒီ လောဘ ဒေါသမီးတွေထက် ရည်းစားလူလု အူနုကျွဲခတ်ခံရတဲ့မီးက အပူပြင်းဆုံး၊ တငွေ့ငွေ့နဲ့လောင်မြိုက်မဆုံးနိုင်တဲ့ မီးပဲပေါ့ကွယ်၊ အဲဒီမငြိမ်းနိုင်တဲ့မီးကြောင့်ပဲ ဒီမိန်းကလေးဟာ မဆုံးပါးသင့်ဘဲ ဆုံးခဲ့ရတာ"

"ဒေါ်ဒေါ် _ ဘာကိုဆိုလိုတာလဲ"

"ဟင် ... ဒေါ်ဒေါ် ဘာတွေပြောမိလိုက်သလဲ မသိပါဘူးကွယ်၊ ဘာမှမဟုတ်ပါဘူးကွယ် ဒေါ်ဒေါ်က အဲသလိုပဲ တစ်ခါတရံ ရှူးတယ်၊ ဒါထက် မောင်ရင့်အသက်က ဘယ်လောက်ရှိပြီလဲ _ "

"နှစ်ဆယ့်တစ်နှစ်ပါ _ ဒေါ်ဒေါ်"

မြည့်စုံအောင်သည် ရသေ့မကြီးစကားလမ်းကြောင်း ပြောင်းသွား





သည်ကို သတိပြုလိုက်မိလေသည်။ ရသေ့မကြီးသည် သူ၏အသက်ကို သိသွားသောအခါ မျက်ဝန်းအိမ်တွင်းမှ လွမ်းဆွေးဖွယ်အရိပ်တချို့ ဖြတ်သန်းသွားလေသည်။

ပြီးလျှင် လိုဏ်သံပါနေသော ကြေကွဲသံဖြင့် ...

"နှစ်ဆယ့်တစ် နှစ်ဆယ့်တစ် _ အင်း နှစ်တွေဒီလောက်ကြာခဲ့တာတောင် မင်းကိုသာအဒေါ်ပြောရတယ် ... ဒေါ်ဒေါ်ရဲ့ရင်ထဲမှာ လောင်နေတဲ့မီးကို မငြိမ်းနိုင်သေးတာအမှန်ပဲ _ ဒေါ်ဒေါ်သားလေးသာ ခုချိန်ရှိနေသေးရင် မင်းရဲ့အသက်နဲ့တူတူပဲကွယ့်"

"အဒေါ့်မှာ သားရှိတယ် ဟုတ်လား"

"အင်း ... ရှိတာပေါ့ကွယ် _ အခုပြောတာက အငယ်ဆုံးသားလေးအကြောင်းပါ၊ အင်း _ ဒီအဖြစ်တွေကိုပြောမယ်ဆိုရင်တော့ နှစ်ပေါင်းနှစ်ဆယ်ကျော်က အဖြစ်တွေက မျက်စိထဲ ကွက်ကွက်ကွင်းကွင်း မြင်နေရတုန်းပဲ၊ ဒေါ်ဒေါ့်မှာ သားကတစ်ယောက်တင်မဟုတ်ဘူး၊ နောက်ထပ်သုံးယောက်ရှိသေးတယ်ကွယ့်၊ ဒါပေမဲ့ ဒေါ်ဒေါ်နဲ့ကွဲသွားတာ နှစ်ပေါင်းများစွာကြာပြီ"

"ဗျာ"

"အင်း _ ဒီအဖြစ်တွေကပြောရင်တော့ ကြေကွဲစရာ ရင်နင့်စရာဇာတ်လမ်းတစ်ပုဒ်ပေါ့ကွယ် _ မင်းကိုမြင်တော့ ဒေါ်ဒေါ်မွေးကင်းစ အချိန်ထဲက ခုချိန်ထိ တစ်ခါမှပြန်ပြီး မဆုံစည်းရတော့တဲ့ သားလေးကို သတိရမိတာအမှန်ပဲ _ အဖြစ်က ဒီလိုကွယ့် ဒေါ်ဒေါ်ရဲ့အတိုးကျန်ဆန်လွန်းလှတဲ့ ဘဝက ... "

ဖရုပ်မျက်ကြီးဝန်းကျင်တစ်ခုလုံး သစ်ရွက်လှုပ်သံ လေတိုးခတ်သံမှတစ်ပါး မည်သည့်အသံဗလံမှ မကြားရပါချေ။

သုသာန်ဝင်းကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်



www.burmeseclassic.com

www.burmeseclassic.com



ရသေ့မကြီး၏ ညှိုးဖျော့နေသည့် မျက်ဝန်းအစုံသည် တဖျတ်ဖျတ်လက်ပလျှက် ... ။



## အကြိတ်မျက်ရည်များ

ဒေါ်ဖွန့်သက်အောင်သည် လောကကြီးကို စိတ်နာသည်။

ပြီးတော့ အနာဂတကာ နာကြည်းမှုများထဲတွင် သူမ၏အပေါ် အထင်မှားအပြစ်ဖွဲ့ခဲ့သော ခင်ပွန်းသည်ဖြစ်သူ ဦးနိုင်မင်း၏အပေါ်၌လည်း ပို၍စိတ်တွင်းက ခံပြင်းမိလေသည်။ ဖွန့်သက်အောင်ဆိုတာ မာနကြီးလွန်းသည့် မိန်းမတစ်ယောက်ပဲလေ။

ဖွန့်သက်အာင်သည် ယနေ့ထိ သူမ၏ချစ်လင်နှင့်သားသမီးများအပေါ်၌ ကိုယ်ကျင့်တရားမဖောက်ပြားခဲ့သေးပါ။ သို့သော် ဖွန့်သက်အောင်သည် လွတ်လပ်စွာနေထိုင်တတ်သူတစ်ဦးဖြစ်သလို ပွဲလမ်းသဘင်များကိုလည်း နှစ်ခြိုက်သူဖြစ်လေသည်။

သူမနှင့်ဆယ်နှစ်ကျော်ခန့်ကြီးသော ဦးနိုင်မင်းဖြင့်လက်ထပ်ပြီးကတည်းက သူမလွတ်လပ်မှုတွေအားလုံး ချုပ်ငြိမ်းခဲ့ရလေသည်။ ယင်းသို့ဖြင့် ကလေးသုံးယောက်ရချိန်ထိ သူမ၏အပျော်တို့သည် စတေးပစ်ခဲ့ရ၏။

ခင်ပွန်းဖြစ်သူ ဦးနိုင်မင်းသည် ဖွန့်သက်အောင်အပေါ် အလိုမလိုက်ခဲ့မဟုတ်။ အလိုလိုက်မြှတ်နိုးလေသည်။ ဖွန့်သက်အောင် ဝတ်ဖို့သမျှ



www.burmeseclassic.com

www.burmeseclassic.com



လိုသမျှငွေကြေးညွှာကစ၍ အရာအားလုံးပြည့်စုံအောင် ဖန်တီးပေးထားခဲ့လေသည်။

သို့သော် သမီးငယ် မွေးဖွားပြီးချိန်ကစ၍ ဖွန်သက်အောင်သည် သူမအား တုပ်နှောင်ထားသော အတောင်များကို ဖယ်ရှားပစ်နိုင်ရန် ပြင်ပစီးပွားရေးလောကထဲသို့ တိုးဝင်လေတော့၏။ ဒါကို ဦးနိုင်မင်းသည် လုံးဝမနှစ်ခြိုက်ပေ။

ဖွန်သက်အောင်ကလည်း သူမ၏ပတ်ဝန်းကျင်နှင့် ပြန်လည်ပေါင်းစည်းကာ ကုမ္ပဏီလုပ်ငန်းသေးလေးတစ်ခု စတင်လုပ်ကိုင်လေသည်။ ဖွန်သက်အောင်သည် ပတ်ဝန်းကျင်ဖြင့် ထိတွေ့သောအခါမှ သူမ၏ခြောက်သွေ့နေသည့် စိတ်အာရုံဟူသမျှ ပြန်လည်လန်းဆန်းလာရလေသည်။

ဦးနိုင်မင်းသည် အစပထမ၌ တားမြစ်သော်လည်း နောက်ပိုင်း၌ စိတ်ဓာတ်မာကြော၍ ခေါင်းမာလွန်းသော ဖွန်သက်အောင်၏စိတ်ကြောင့် ဘာတစ်ခွန်းမှ ထပ်မံမပြောဆိုတော့ပေ။ ဖွန်သက်အောင်ဖြင့်လည်း သုံးလေးကြိမ်မက စကားများရ၍ နောက်ဆုံးလက်လျှော့လိုက်ရလေတော့၏။

ဖွန်သက်အောင်၏ကုမ္ပဏီမှာ တဖြည်းဖြည်းနာမည်သတင်းမွှေးလာသည်နှင့်အမျှ ဖွန်သက်အောင်သည်လည်း သွားချိန်ပြန်ချိန် သိပ်မမှန်တော့ပေ။ သားကြီးခန့်ဇော်နှင့် သမီးငယ်နှစ်ယောက်အား အိမ်၌အိမ်ဖော်များဖြင့်ထားပြီး စီးပွားရေးလုပ်ငန်းများကိုသာအိမြီး လုပ်ကိုင်လေတော့သည်။

အပေါင်းအသင်းလုပ်ငန်းရှယ်ယာများလည်း များပြားလာလေသည်။

ဒါကို ဦးနိုင်မင်းသည် ဖွန်သက်အောင် ဒီယုန်မြင်၍ ဒီချုံထွင်သည်ဟု စွပ်စွဲလျှက် မကြာခဏ ကတောက်ကဆဖြစ်ရ၏။ ထိုအခါတိုင်း ဖွန်သက်အောင်သည် ဦးနိုင်မင်းအား အရွဲ့တိုက်သည့်အနေဖြင့် ပွဲလမ်းသဘင်များ ညနေခံပွဲများကို ပို၍တက်လေသည်။





နောက်ဆုံးကိုယ်ဝန်ရှိစချိန်တွင် ဖွန်သက်အောင်နှင့်ဦးနိုင်မင်း၏ ပဋိပက္ခ ပို၍ကြီးမားလာလေသည်။ တစ်ညတွင် ဖွန်သက်အောင်သည် မြို့ထဲ၌ ညနေခံပွဲတစ်ခုသွားရောက်၍ အတော်ညဉ့်နက်မှ ပြန်ရောက်လာ၏။

ယင်းညတွင် ဦးနိုင်မင်းနှင့် ဖွန်သက်အောင်တို့ အကြီးအကျယ်စကားများကာ နောက်ဆုံး တရားဝင် ကွာရှင်းပြတ်စဲသည်အထိ ဖြစ်သွားလေတော့သည်။

ဖွန်သက်အောင်ဆိုသော မိန်းမကလည်း သူမ၏အရှက်ဖြင့် မာနအတွက် မည်သည့်စေ့စပ်ခြင်းကိုမှ လက်မခံဘဲ တရားဝင်ကွဲကြလေတော့၏။ ဦးနိုင်မင်းသည် ထိုနေ့မှစ၍ သားသမီးသုံးယောက်အားခေါ်လျှက် ရန်ကုန်သို့ ထွက်သွားလေတော့သည်။

ဖွန်သက်အောင်ကမူ ...

"သင်း _ သင်းကြောင့် သင်းဟာ မကောင်းဆိုးဝါးငြိုဟ်ကောင်လေးပဲ _ သူ့ကိုယ်ဝန်ကို ငါစလွယ်ရကတည်းက"

မည်သည့်အပြစ်မှမရှိသော မမြင်ရသည့်ဝမ်းဗိုက်တွင်းရှိ ကိုယ်ဝန်အား အပြစ်တင်ကာတွေးတိုင်း နာကြည်းမိလေတော့သည်။ ယင်းကိုယ်ဝန်သည် သူမအား ကောင်းကျိုးမပေးရာ သူမ၏စိတ်တွင်း၌ တရားသေစွဲမှတ်ထားလိုက်၏။

မကြာမီမှာပဲ ဖွန်သက်အောင်သည် လင်မရှိသည့်ရထား မတင့်တယ်သကဲ့သို့ လုပ်ငန်းဟူသမျှ လိမ်ညာအကောက်ကြံရလျှက် ရက်ပိုင်းလပိုင်းအတွင်း၌ပင် စီးပွားပျက်ခဲ့ရလေတော့သည်။ ထိုအခါ ဖွန်သက်အောင်၏အငြိုးအတေးသည် မမြင်ရသည့်ဝမ်းဗိုက်ထဲက ကလေးအပေါ် ပို၍နာကြည်းလေတော့၏။

ယင်းနောက် ဖွန်သက်အောင်သည် ခြံကြီးနှင့်အိမ်ကို လက်လွှတ်ရလျှက် မြို့စွန်ရပ်ကွက်လေးတစ်ခု၌ မထင်မရှားဆင်းရဲနွမ်းပါးစွာ ကသေ်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်အား မွေးဖွားခဲ့ရလေတော့၏။

ယင်းစကားများဆုံးသောအခါ ရသေ့မကြီး၏ မျက်ဝန်းထဲ၌မျက်ရည်များသည် ပြည့်အိုင်နေလေတော့သည်။ ရသေ့မကြီး၏စကားများအား နားထောင်ပြီးသောအခါ _ ပြည့်စုံအောင်၏ နှလုံးသားသည် တဖျတ်ဖျတ် လှုပ်ခါလာလျက် လေသံတုန်တုန်ဖြင့် ...

"အ ... အမေ ... "

"ဟင် ... "

ရသေ့မကြီးသည် သူ့အားအမေဟုခေါ်လိုက်သည့် ပြည့်စုံအောင်အား စူးစိုက်၍ကြည့်ပြီး လေသံကတုန်ကရင်ဖြင့် ...

"ဟင် _ မင်း မင်း ငါ့ကိုဘယ်လိုခေါ်လိုက်တယ်"

"အမေရယ် ... ကျွန်တော် အမေ့ကို လိုက်ရှာနေခဲ့တာပါ၊ ရန်ကုန်တက်ပြီး ဦးနိုင်မင်းရဲ့သားအကြီး ဒေါက်တာခန့်ဇော်နဲ့လည်း တွေ့ခဲ့ပါသေးတယ်၊ ဒါ _ ဒါပေမဲ့ သူတို့က ကျွန်တော့်ကို သူတို့ညီမဟုတ်သလို ဒေါ်ဖွန့်သက်အောင်ကလည်း သူတို့မိခင်မဟုတ်ဘူးတဲ့"

"ဒါဆို ... သားက"

"ကျွန်တော်က မွေးစားအမေ ဒေါ်ငယ်နဲ့ပဲကြီးပြင်းလာခဲ့ရတာပါ၊ ဒီရွာလေးကို ကျွန်တော် ကလေးဘဝထဲက ရောက်ခဲ့တာ"

"သား ... သားလေး"

ရသေ့မကြီး၏နှုတ်မှကနေ တစ်ဆို့ဆို့ခေါ်လိုက်သံက ထွက်ပေါ်လာလေသည်။ နှစ်ပေါင်းနှစ်ဆယ်ကျော် ကွဲကွာနေကြသော သားအမိနှစ်ဦးမမျှော်လင့်ဘဲ ပြန်လည်ဆုံစည်းခဲ့ရလေပြီ။

ပြည့်စုံအောင်သည် ဝမ်းသာပီတိမျက်ရည်များဖြင့် ရသေ့မကြီး၏ ရင်ခွင်တွင်းသို့ တိုးဝင်လိုက်မိလေတော့သည်။ ရသေ့မကြီးသည်လည်း ပြည့်စုံအောင်အား ပီတိမျက်ရည်များဖြင့် ဖက်ထားရင်းမှ ...





"သား _ သားရယ် အမေကလည်း သားကိုနှစ်ပေါင်းများစွာ လိုက်ရှာဖွေနေတာပါ _ သားကို ဒီအကြောင်းပြောကတည်းက သားက သိနေတာပေါ့နော်"

"ကျွန်တော့်ကို ဒေါ်ငယ်က ငယ်ငယ်လေးထဲက အမေ့အကြောင်းတွေပြောပြခဲ့လို့ ကျွန်တော်သိနေခဲ့တာပါ _ ကျွန်တော်လည်း အမေ့ကို လိုက်ပြီး ရှာဖွေခဲ့ပါသေးတယ်"

"ဒါထက် ခုသားပန်းလေးလာလှူတဲ့ မိန်းကလေးက သား ချစ်သူနော်"

"ဟုတ်ပါတယ် အမေ _ မွေးအတွက် ကျွန်တော်က မြို့တက်ပြီး အလုပ်သွားလုပ်နေတုန်း မွေးခုလိုဖြစ်သွားခဲ့တာပါ ... "

"အဲဒီမွေးဆိုတဲ့မိန်းကလေး သေဆုံးရတာ သွေးရိုးသားရိုးမဟုတ်ဘူးကွယ့်၊ အမေသိသလောက် ပြောပြရရင် ... "

"ဟင် ... "

ရသေ့မကြီးဒေါ်ဥာဏ တဖြစ်လည်း ဒေါ်ဖွန့်သက်အောင်သည် သူမ မြင်တွေ့ခဲ့သော အဖြစ်အပျက်များအား စတင်ပြောပြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## သုသာန်ကုန်းက မကောင်းဆိုးဝါး

ညသည် ပိန်းပိတ်အောင်တော့ မှောင်မနေပါ။

သုသာန်ကုန်းကြီးတစ်ခုလုံးသည် တိတ်ဆိတ်နေသော်လည်း တစ်ခါတရံ လေပြေတိုက်ခတ်သံများ ဝါးရုံပင်ကြီးများပွတ်တိုက်သံများက တစ်ပြိုင်အား ချောက်ချားစဖွယ်ထွက်ပေါ်နေလေသည်။ ရံဖန်ရံခါ မည်သည့် အရပ်ကမှန်းမသိသည့် ခွေးလေခွေးလွင့်များက သုသာန်ကုန်းကြီးအတွင်း သို့ရောက်လာကာ အမင်္ဂလာအူသံကြီးများဖြင့် အူသံကလွဲလို့ တိတ်ဆိတ် လျက်ရှိသည်။

"အူ ... ဝူ ... ဝူ"

ယင်းအချိန်တွင် သုသာန်ကုန်းပျက်ကြီးအတွင်းသို့ အရိပ်သဏ္ဍာန်သုံးလေးခုသည် တစ္ဆေသရဲ ဝိညာဉ်နာနာဘာဝများအား တရွေ့ရွေ့ တိုးဝင်သွားနေလေသည်။ သုသာန်ဝင်းကြီးအတွင်းရှိ ကြယ်ရောင်လရောင် မှုန်တိမှုန်မွှားအောက်မှ အုတ်ဂူအပျက်အစီးများကလည်း တကယ့်တစ္ဆေ ဝိညာဉ်ကြီးတွေ ငုတ်တုတ်ထိုင်နေကြသည့်အလား ...

ယင်းအချိန်တွင် မည်းမည်းရိပ်သဏ္ဍာန်ကြီးတစ်ခုကလည်း





သုသာန်ဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များကြားတွင် တရွေ့ရွေ့လှုပ်ရှား သွားလာနေကြလေသည်။

"အူ ... ဝူ ... ဝူ"

"အဟောင်း ... ဟီးဟီး ... "

"ရှူး ... ဟိုမှာ"

အုတ်ဂူအပြိုအပျက်ကြီးများကြားမှ ဘွားခနဲထိုးထွက်လာသည့် ဆံပင်ဖားလျားနှင့်အရိပ်သဏ္ဍာန်ကြောင့် အခြားအရိပ်သုံးလေးခုသည် ချောင်းမြောင်းရှုကြည့်ရှုနေကြ၏။ ဆံပင်ဖားလျားကြီးကျနေသော အရိပ် မည်းမည်းကြီးကမူ တကယ့်ဝိညာဉ်တစ္ဆေကောင်ကြီးပမာကဲ့သို့ သုသာန် ကုန်းကြီးအတွင်း ပေါ်လာလိုက် ပျောက်သွားလိုက် လှည့်ပတ်သွားလာ နေလေသည်။

အခြားအရိပ်သဏ္ဍာန်များမှာ ရွာတွင်းမှ အမူးအပေများဖြစ်ကြ၏။

သူတို့သုံးယောက်သည် ယနေ့ညတွင် တပင်တိုင်ရွာတွင်း၌ ညဉ့် နက်သန်းခေါင် ခွေးများအူနေခြင်း၊ ရွာသူရွာသားများ အဖျားအနာထူပြော ခြင်းများကြောင့် ရွာပြင်သုသာန်ရှိ တစ်ဦးတည်းနေထိုင်သည့် ရသေ့မ ကြီးအား လာရောက်ချောင်းမြောင်းကြည့်ရှုခြင်းဖြစ်၏။

မူးလည်းမူးနေကြသောကြောင့် သူတို့၏အမြင်၌ ဆံပင်ဖားလျား သရဲမကြီးအပြင် အခြားသော အရိပ်အယောင်များကိုလည်း ပိုးတိုးဝါးတား မြင်တွေ့နေရလေသည်။

"အဲ ... အဲဒါ သုသာန်ကုန်းစောင့် သ ... သရဲမကြီးကွ"

"ဟို ... ဟို ဇရပ်ပျက်ကြီးမှာ နေတဲ့အရူးရသေ့မကြီးပဲဖြစ်မယ်၊ သူက မကောင်းတဲ့ပညာတွေတတ်တယ်လို့ ရွာထဲပြောနေကြတယ်ကွ၊ တစ္ဆေဖြစ်ဖြစ် သရဲဖြစ်ဖြစ် ရှင်းပစ်မယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... ဟီးဟီး ... "

ထိုစဉ် အရက်သမားဖိုးပေက ကျယ်လောင်သောဝင်းခေါင်းသံကြီးဖြင့် ...

"ဟေ့ ... မပြေးနဲ့ သေပေတော့"

အနား၌ အရံသင့်တွေ့ရသော သံစူးဝါးချွန်ကြီးတစ်ခုကိုင်ကာ ဖိုးပေသည် ယင်းသရဲမကြီးထံသို့ အတင်းပြေးသွားလေသည်။ ရုတ်တရက် သရဲမကြီးသည် တဟီးဟီး ညည်းသံကြီးပြုကာ အုတ်ဂူအပျက်များကြား လှစ်ခနဲ ပျောက်သွားလေသည်။

"ဟေ့ ... ဟေ့ကောင်တွေ ရှာကြစမ်း။ တွေ့ရင်တစ်ခါထဲ ရှင်းပစ်ကွာ"

"အေး ... ဒီနားမှာ ပျောက်သွားတာကွ"

နဂိုကမှ ရှာထဲ၌ ပေတေဆိုးမိုက်နေသူများဖြစ်ကာ မိုက်ရူးရဲ တဖောက်ကန်းများပီပီ သံစူးဝါးများ တုတ်များကိုင်လျှက် သုသာန်တွင်း စောစောက လှစ်ခနဲပျောက်သွားသည့် ဆံပင်ဖားလျားသရဲမကြီးအား လိုက်လံရှာဖွေနေကြ၏။

ယင်းအချိန်တွင် သုသာန်ဝင်းအစပ်မှာ လူသံများဖြင့်အတူ မီးရောင်အချို့ကိုပါ လှမ်းမြင်လိုက်ကြရသည်။ ထိုစဉ် ...

"အဟင်း ... ဟီးဟီး"

"ဟာ ... ဟို ... ဟိုမှာကွ"

လှစ်ခနဲ ရိပ်ခနဲမြင်လိုက်ရသည့် သရဲမကြီးနောက် အားလုံး အတင်းပြေးလိုက်ရာ သရဲမကြီးမှာလည်း အုတ်ဂူတွင်းပျက်ကြီးတစ်ခု အတွင်း မမျှော်လင့်ဘဲ ပြုတ်ကျသွားလေတော့၏။

"ဟိုမှာ တွင်းကြီးထဲ ကျသွားပြီကွ"

"ဟာ ... ဟေ့လူတွေ မလုပ်နဲ့ ... မလုပ်နဲ့"





ဖိုးပေတို့လူစု တွင်းကြီးအနားအရောက် မီးတုတ်တစ်ခုဖြင့်အတူ အသံတစ်ခုကိုပါ အားလုံးကြားလိုက်ကြပါသော်လည်း နောက်ကျသွားလေပြီ။

ဖိုးပေ၏ လက်တွင်းမှ သံစူးဝါးကြီးသည် တွင်းကြီးထဲသို့ ကျနေသည့် ဆံပင်ဖားလျားနှင့် တစ္ဆေသရဲမကြီးထံသို့ ထိုးဖောက်သွားပေပြီ။

"မလုပ်နဲ့"

အသံရှင်သည် စကားမဆုံးခင် သူ၏ခန္ဓာကိုယ်ကြီးအား တွင်းကြီးထဲရှိ ဆံပင်ဖားလျားဖြင့် ရသေ့မကြီးပေါ်သို့ ကာကွယ်လိုက်၏။ သို့သော် တွင်းပေါ်ရှိ ဖိုးပေတို့လူသိုက်မှာ လူမှန်းသူမှန်းမသိအောင် မူးရူးနေကြသည်မို့ သူတို့၏လက်တွင်းရှိ လူသေအလောင်းထိုးဆွရာ သံစူးဝါးချွန်များမှာ မကောင်းဆိုးဝါး ပူးကပ်နေသည့်အလား ...

"ဒုတ် ... ဒုတ်"

"အား ... "

အုတ်ဂူပျက်တွင်းကြီးထဲမှ ပြည့်စုံအောင်၏နာကြည်လွန်းလှစွာ အော်လိုက်သည့်အသံကြီးသည် သချိုင်းကုန်းမြေတပိုက် ပဲ့တင်ထပ်သွားလေတော့သတည်း။ ဖိုးပေတို့ ငရမန်းကန်းတို့လူသိုက် ထိုအခါမှပင် သူတို့ထံ အသိတရားများဝင်လာကြလေတော့သည်။

မီးတုတ်အချို့ဖြင့် ရွာသားများသည် သူတို့ထံပါးသို့ရောက်ရှိလာကြ၏။ ယင်းအထဲတွင် သုသာန်တွင်မြေကိုက်၍ သေဆုံးသွားသည်ဟူသော သာဒွန်းလည်းပါလာ၍ ဖိုးပေတို့လူသိုက် အံ့ဩသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## သံသယအမှားရဲ့အိမ်

တပင်တိုင်ရွာ၏ ရွာလူကြီးအိမ်ခြံဝိုင်းတွင်းမှာ အောက်လင်းဓာတ်မီးရောင်များ လင်းထိန်နေ၏။ ရွာလူကြီးဦးဘိုးလှသည် သူ၏ခြံတွင်းရှိ ရှုန်းစု ရှုန်းစုဖြစ်နေကြသော ရွာသားများအား အကြည့်တစ်ချက်ဝေ့ရမ်းလိုက်၏။

ပြီးလျှင် မျက်မှောင်ကြီးကုတ်လျှက် သူ၏ရှေ့ရှိ ကြိုးတုတ်နှောင်ထားသည့် ဖိုးပေတို့ အရက်သမားတစ်သိုက်အား စူးရဲစွာကြည့်လိုက်ရင်း

"ကဲ ‒ ဟိုကောင် ကဖော်သမားငပေ ‒ မင်းတို့က ဘယ်လိုဖြစ်ပြီး ဒီအမှုကို ကျူးလွန်ခဲ့ကြသလဲ ပြောစမ်း ‒ မိုက်လုံးကြီးတဲ့ကောင်တွေ ... "

"ဟို ‒ ဟို ကျုပ် ‒ ကျုပ်တို့က သချိုင်းထဲမှာ နာမည်ကြီးနေတဲ့ သ ... သရဲတစ္ဆေကို သွား ... သွားချောင်းတာ သူကြီး"

"ဟုတ် ... ဟုတ်ပါတယ် သူကြီး ... ကျုပ် ကျုပ်တို့ တစ္ဆေဖမ်းတာဗျ ‒ အဲ ‒ အဲဒီမှာ တ ‒ တစ္ဆေမကြီး မတွေ့ဘူးလား ဆံပင်ဖားလျားကြီးနဲ့"





"ခွေးသား ‒ လူမိုက်တွေ ဒါ ‒ တစ္ဆေလား လူလား သေချာကြည့်စမ်း မင်းတို့တတွေ အရက်မူးပြီး မြင်မိမြင်ရာ ထင်မိထင်ရာတွေလျှောက်လုပ်တာကွ ‒ အေး ထောင်ထဲသွားနေကြရမယ့်ကောင်တွေ"

ရွာလူကြီးဦးဘိုးလှသည် ဖိုးပေ ရေမန်ကန်းနှင့် တင်ထွေးတို့အား ဒေါသတကြီး ဟိန်းဟောက်နေ၏။

ရွာသူရွာသားများကလည်း ...

"ဖိုးပေတို့ သချိုင်းထဲမှာ သရဲမကြီးမှတ်ပြီး မူးမူးနဲ့သံစူးဝါးချွန်နဲ့ထိုးသတ်လိုက်တာ သချိုင်းဇရပ်ပျက်ကြီးထဲမှာနေတဲ့ ရသေ့မကြီးတဲ့"

"ဘယ်လောက်မူးနေသလဲမှ မသိဘဲတော် ‒ သချိုင်းထဲညကြီးအချိန်မတော် မူးမူးရူးရူးနဲ့သွားတော့ မကောင်းဆိုးဝါးတွေ အပမှီပြီး အမြင်မှောက်အောင်လုပ်တာဟဲ့ ... "

"အမြင်မှောက်တာ မမှောက်တာမလုပ်နဲ့ ခုတော့ ထောင်ထမင်းထောင်ဟင်းစားရတော့မယ် ဆန်ကုန်မြေလေးတွေ ... "

"ဒါ ‒ ဒါထက် သာ ‒ သာဒွန်းကလည်း မသေဘူးဆို ဘယ်ဘယ်နှယ့်လုပ်ပြီး ပြန်ရှင်လာတာလဲ သူ ‒ သူလည်း အပမှီတာပဲလား မသိဘူး"

ထိုစဉ် လူအုပ်ကြားထဲကနေ သာဒွန်းသည် ရှေ့သို့တိုးရဲ၍ လှမ်းထွက်လာလေသည်။

သာဒွန်းအား မမျှော်လင့်ဘဲ သချိုင်းကုန်းထဲမှာ အရှင်လတ်လတ်တွေ့မြင်ကြရသူများလည်း လန့်သွားကြသည်။

သာဒွန်း၏မျက်နှာကြီးသည် ဒေါသကြောင့် နီရဲခက်ထန်နေလေသည်။

မြဝေကမူ ပြည့်စုံအောင်၏ရှပ်အင်္ကျီလောင်းနှင့်သော်၌ မျက်ရည်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြိုင်ဖြိုင်စီးကျလျှက် ခေါင်းငုံ့ငိုကြွေးနေလေသည်။

"ဟဲ့ _ မြဝေက ဘယ်လိုလုပ် သူက သချိုင်းထဲရောက်သွားရတာလဲ"

"မသိဘူးလေ _ အေး၊ ညည်းမေးကြည့်ပါလား"

သာဒွန်းသည် ပြည့်စုံအောင်၏အလောင်းအား ပွေ့ဖက်လျှက်ငိုကြွေးနေသည့် မြဝေအား မုန်းတီးနာကြည်းစွာကြည့်ရင်းက ...

"ဒီအကြောင်းတွေ ကျုပ်ရှင်းပြမယ် သူကြီး"

"သာ ... သာဒွန်း မင်း လူအစစ်ပါနော်"

"ဟာဗျာ ... လူအစစ်မို့ ကျုပ်စကားပြောနေနိုင်တာပေါ့ဗျ။ မကောင်းဆိုးဝါးနာနာဘာဝဆို ခုလိုစကားပြောနိုင်ပါ့မလားဗျ _ အမှန်တော့ ကျုပ်မသေပါဘူးဗျ"

"ဟင် ... "

"ဟာ _ သာ _ သာဒွန်းက မသေဘူးဆိုပါလား။ အံ့သြစရာပဲဟာ _ ဟုတ်ပ ဒီကောင့်အလောင်း မြေမြှုပ်တုန်းက ကျုပ်ကိုယ်တိုင်ပါတာပဲ၊ ကျုပ်တောင် မြေခဲထည့်ခဲ့သေးတာဗျ _ ဒါ _ ဒါဆို ဒီကောင်က သေရွာပြန်ပေါ့"

"အဟင့် ... ဟင့်ဟင့် ... "

မြဝေကမူ တဟင့်ဟင့်ဖြင့် ရှိုက်ငင်ငိုကြွေးနေဆဲ။

သာဒွန်းသည် မြဝေကိုသာမက ရွာသားများကိုပါ ကြည့်လိုက်ပြီးလျှင် ...

"အ _ အမှန်က ခင်ဗျားတို့ပြောသလို ကျုပ်က သေရွာပြန်ဆိုတာ ဟုတ်ပါတယ်ဗျာ၊ ဒါကလည်း ကျုပ်အပေါ် နာကြည်းမုန်းတီးနေတဲ့ ကျုပ်မိန်းမ မြဝေကြောင့်ဆိုလည်း မမှားဘူး။ ကျုပ် ဒီမိန်းမကို အရမ်းနာကြည်းတယ်၊ နောက်ပြီး _ မွေးမွေး တောထဲမှာသေရတာလည်း မြဝေ





သတ်လို့သေရတာပဲ _ ကျုပ်ကိုလည်း သူ့ပဲမြွေကိုက်သေအောင် လုပ်ကြတာ"

သာဒွန်း၏ အံ့ကြိတ်ဒေါသထွက်နေသည့်စကားကြောင့် ရွာသူရွာသားများ တအံ့တသြမျက်လုံးများ ပြူးကျယ်ဝိုင်းသွားရလေသည်။ သာဒွန်းကိုလည်း သေရွာကပြန်လာသူမို့ ရှူးနေပြီဟူသည့်အကြည့်ဖြင့်လည်း ကြည့်သူက ကြည့်လျှက် ...

"ဟာ _ သာဒွန်း ဘာတွေလျှောက်ပြောနေတာလဲ ရူးနေပြီလား မသိဘူး"

"အေးလေ _ သူ့ကို မြဝေကလုပ်ကြံတာတဲ့၊ မွေးမွေးကိုလည်း မြဝေသတ်တာဆိုပဲ ဘာတွေလဲဟ _ "

"အဟင့်ဟင့် ပြည့်စုံရယ်၊ နင် ငါ့ကို မကယ်နိုင်တော့ဘူးလား၊ အဟင့် _ ဟီးဟီး ဟုတ် ဟုတ်ပါတယ်ရှင်၊ ကို _ ကိုသာဒွန်းကို ကျွန်ကျွန်မ သတ်တာပါရှင် ... "

မြဝေ၏ ဝမ်းပမ်းတနည်းငိုကြွေးသံက ပို၍သည်းထန်လာလေသည်။ မြဝေ၏ အငိုအရှိုက်တစ်ဝက် ဝန်ခံချက်ကြောင့် သူကြီးအပါအဝင် လူအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေသည်။ ဖိုးပေတို့အရက်သမားတသိုက် သုသာန်ထဲသွား၍ တစ္ဆေသရဲဖမ်းမည်ဟူသောသတင်းကြောင့် သချိုင်းထဲလိုက်လှုံ့စုပြီး လိုက်သွားရာမှ မမျှော်လင့်ဘဲ တစ်ရွာလုံးမည်သူမျှ မသိကြသည့်အဖြစ်အပျက်ကြီး ဘွားခနဲပေါ်ပေါက်လာခြင်းဖြစ်လေသည်။

လျှို့ဝှက်ချက်ကြီးတစ်ခုပါပဲလား ...

"တကယ်တော့ မြဝေက ကျုပ်ကို တကယ်ချစ်တာ မဟုတ်ပါဘူး ... ကျုပ်က သူ့ကိုအနိုင်ကျင့်ပြီး မတရားသိမ်းပိုက်ထားတယ်လို့ သူက တစ်ဘက်သတ်နာကြည်းပြီး ကျုပ်ကိုဘယ်သူမှ မရိပ်မိအောင် လက်စတုံးလုပ်ကြံခဲ့တာပါ _ သူ တကယ်ချစ်တာက ပြည့် _ ပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



အောင် မိမွှေးကိုလည်း။ အဲဒါကြောင့် ဘယ်သူမှ မရိပ်မိအောင် သူလုပ်ကြံခဲ့တာပါပဲ၊ ဒါတွေအားလုံးကိုလည်း ကျုပ်ကို မြဝေဖွင့်ပြောလို့ ကျုပ်သိခဲ့ရတာပါ''



## နားကြည့်ခြင်းအဆိပ်

သာဒွန်းသည် ရွာထဲကနေ ကသောကမျောဖြင့် ခြံဝိုင်းတွင်းသို့ အပြေးဝင်လာလေသည်။ သာဒွန်း၏ရင်သည် စိုးရိမ်မှုအပြည့်။ ခြံဝိုင်းထဲရောက်သော် မယားဖြစ်သူ မြဝေအား ကမန်းကတန်းရှာဖွေကြည့်သောအခါ တဲခေါင်းရင်းထောင့်၌ ထိုင်နေသည့်မြဝေအား လှမ်းတွေ့လိုက်ရလေသည်။

မြဝေ၏အသွင်က မည်သည့်အရာမှမထူးခြားသလို အေးတိအေးစက် ...

''မြ ... မြဝေ နင် သိပြီးပြီလား''

''ကျွန်မက ဘာသိရမှာလဲ''

''ဟို ... ဟို မိမွှေးလေ နင့်သူငယ်ချင်းမွှေးမွှေး တောထဲမှာ ဘုရားပွဲအတွက် ပန်းသွားခူးရင်း တောထဲမှာ မကောင်းဆိုးဝါးခြောက်လှန့်လို့ သွေးလန့်ပြီးသေပြီ ... နင်နဲ့သွားကြတာဆို''

''အင်းလေ ... အဲဒါဘာဖြစ်လဲ တောဆိုတာ မမြင်အပ်တဲ့ မကောင်းဆိုးဝါး နာနာဘာဝတွေလည်းရှိတဲ့ဥစ္စာ ... ပြီးတော့ မွှေးမွှေးက



www.burmeseclassic.com

www.burmeseclassic.com



နှလုံးရောဂါရှိမှန်း တစ်ရွာလုံးအသိ၊ သူက ခွေးပေါင်ရင်တောင် ကြောက်နေတာ''

''နင် _ နင့်ကြောင့်သေရတာတော့ မဟုတ်ပါဘူးနော်''

သာဒွန်း၏နှုတ်များမှ အမှတ်မထင်စကားကြောင့် မြဝေ၏မျက်နှာ ကွက်ခနဲပျက်ယွင်းသွားလေသည်။ သာဒွန်းထံသို့ ဆောင့်ခနဲ ဒေါသမွှက်ဟန် လှမ်းကြည့်လိုက်ပြီး _

''ရှင် _ ဒါ ဘာစကားပြောတာလဲ ကိုသာဒွန်း။ မိမွှေးသေရတာ ကျွန်မသတ်တယ်လို့ ရှင်က ထင်လို့လား''

''မ _ မဟုတ်ပါဘူးမြဝေရယ် ဒါပေမဲ့ ရွာထဲက တချို့တွေက မိမွှေးက နင်နဲ့အတူပန်းခူးသွားရင် ဖြစ်ရတာမို့ နင့်အပေါ်တစ်မျိုးတစ်မည် ထင်မြင်နေမှာစိုးလို့ပါဟာ _ နင့်ပယောဂမကင်းဘူးဖြစ်နေမှာစိုးလို့ပါ''

''မဆိုင်ပါဘူးတော် _ သူ့ဘာသာသူ တစ္ဆေသရဲတွေ့လို့သေတာ၊ ပြီးတော့ အဲဒီအချိန် တောမှောက်သလိုတောင်ဖြစ်သွားသေးတာ သူက ဘာအမှားတွေသွားလုပ်မိသလဲမှမသိဘဲ _ ကျုပ်လည်းသိတာနဲ့ ချက်ချင်း ရွာကလူတွေပြေးခေါ်တာပဲ ရှင်သာ ထန်းတောထဲမှူးရှူးနေလို့ မသိတာ ဟွန်း ... ''

''အေးပါဟာ ငါက နင့်အတွက် စိုးရိမ်လို့ပါ''

မြဝေပြောတာလည်း မှန်ပါသည်။ မနေ့ညနေကတည်းက မြဝေ ရှိမထဲသွား၍ ဘုရားပန်းခူးမည်ဟု သာဒွန်းသိသည်။ သို့သော် ရွာထဲမှ မည်သူတွေနှင့် သွားခူးမည်မှန်းတော့မသိပေ။

သူကလည်း တစ်နေ့ခင်းလုံးရွာထိပ် ထန်းတောရှိ ကြက်ဝိုင်းသို့ ရောက်နေပြီး ယခုညနေထန်းတောက အပြန်မှ ရွာထဲကနေ ကြားရခြင်း ဖြစ်သည်။ မွှေးမွှေး တစ်စုံတစ်ခုအား အကြောက်လွန်ကာ နှလုံးသွေးလန့် ပြီး သေဆုံးခြင်းမှာ တောထဲပန်းသွားခူးခြင်းကြောင့်ဟု ကြားရ၍ မြဝေ





အတွက် စိုးရိမ်ပူပန်ပြီး အပြေးတစ်ပိုင်းပြန်လာခြင်းဖြစ်သည်။

တစ်ခုတော့ ထူးခြားသည်။ မွှေးမွှေးသည် ရွာထဲ၌ မြဝေ၏အချစ်ဆုံးသူငယ်ချင်း။ မြဝေသည် မွှေးမွှေးသေဆုံးသွားသော်လည်း ငိုကြွေးခြင်း မရှိဘဲ အေးတိအေးစက်ပုံသဏ္ဍာန်ရှိနေခြင်းပင်ဖြစ်သည်။ တစ်ခါတုန်းက မြဝေသည် ရွာပြင်တွင် မွှေးမွှေးနှင့်ဘုန်းကြီးကျောင်းရှိ ကပ္ပိယကြီးထံ၌ ကပ်ရပ်နေသည့် ပြည့်စုံအောင်တို့ကိုတွဲလျှက်မြင်စဉ်က မျက်ဝန်းစိမ်းကြီး တွေဖြင့် ...

''ဒီကောင်မ ... သေရင်ကောင်းမယ်''

ဟု နှုတ်က လွှတ်ခနဲထွက်ဖူးသည်။ ပြည့်စုံအောင်ဆိုသော ကောင်ကလည်း မွှေးမွှေး၊ မြဝေတို့နှင့် သူငယ်ချင်းဖြစ်နေ၏။ မြဝေသည် သူနှင့်မရခင်က ယင်းပြည့်စုံအောင်ဆိုသည့်ကောင်လေးအပေါ် တရင်းတနှီး အရောတဝင်ရှိလွန်းသည်ဟု သာဒွန်းထင်သည်။

အမှန်က သာဒွန်း၏အပေါ် မြဝေသည် လုံးဝသံယောဇဉ်မရှိမှန်း သာဒွန်းသိနေသည်။ သူ့ကိုလည်း မချစ်မှန်းရိပ်စားမိသည်။ သို့သော် သူကမူ မြဝေအား စွဲလမ်းကာလိုချင်လွန်း၍ မြဝေအား သူ၏အရှိန်အဝါဖြင့် အနိုင်ကျင့်ကာ ရယူလိုက်ခြင်းဖြစ်သည်။ ဒီအတွက် မြဝေသည် ယနေ့ချိန်ထိ သူ့အပေါ် အခဲမကြေမှန်း သာဒွန်းရိပ်စားမိလေသည်။

သို့သော် သူကမူ သူ့ထက်ဆယ်နှစ်ခန့်ငယ်ရွယ်သော မြဝေအပေါ် တကယ်စွဲလမ်းစွာချစ်သည်မှာ သစ္စာဆိုပြရဲလေသည်။ မြဝေ၏မိဘများ မှာလည်း သာဒွန်း၏အပေးအကမ်းမကင်းပေ။ ထို့ကြောင့်လည်း သာဒွန်း ဖြင့် မြဝေအား သဘောကျကြည်ဖြူခြင်းဖြစ်သည်။

ထမင်းစားသောက်ပြီးသောအခါ မြဝေက _

''ကိုသာဒွန်း''

''ဘာလဲ မြဝေ _ ပြောလေ''



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မ ပြောပြစရာရှိတယ်၊ ဒီအကြောင်းတွေ ရှင် ဘယ်သူ့ကိုမှ မပြောပြရဘူးနော် ... ကျွန်မကို ကတိပေး"

သာဒွန်းသည် မှန်အိမ်မီးလှဲ့လှဲ့အောက်၌ မလင်းတလင်းမြဝေ၏ မျက်နှာလေးအားကြည့်ရင်း ခေါင်းညိတ်ပြလိုက်၏။ မြဝေ ဘာပြောမှာပါလိမ့် ...

"ရှင် _ မိမွေး တောထဲမှာ ဘာကြောင့်သေရတာလဲ ရှင်သိလား"

"ငါ _ ဘယ်သိပါ့မလဲ မြဝေရယ် _ ဒါထက် မင်းပဲ ညနေက တောခြောက်ခံရပြီး နလုံးသွေးလန့်ပြီးသေတာဆို ရွာထဲမှာလဲ အဲဒီလို ပြောနေကြတာပဲ"

"တောခြောက်တာတော့အမှန်ပဲ ... ဒါပေမဲ့ သူ့ကိုလန့်ပြီး နလုံးသွေးရပ်အောင် ကျွန်မ တမင်ကြံစည်ပြီးသတ်လိုက်တာ ဒီမှာတွေ့လား"

"ဟင် ... "

သာဒွန်းသည် မြဝေ သူ့အားနောက်ပြောင်နေတာလားဟုတွေးနေဆဲမှာပင် အိပ်ခန်းထဲထောင့်မှ မြဝေထုတ်ယူပြသည့် အရာတစ်ခုကြောင့် သူ့ပင်ကြက်သီးမွေးညင်းထကာ လန့်သွားမိသည်။ မြဝေပြသည့်အရာမှာ ကြောက်မက်ဖွယ်ရာ တစ္ဆေသရဲမျက်နှာဖုံးတစ်ခုဖြစ်သည်။

မြဝေအား သာဒွန် တအံ့တသြကြည့်ကာ ...

"ဒါ ... ဒါကြီးက ဘာလဲမြဝေ၊ ကြောက် ... ကြောက်စရာကောင်းလိုက်တာ"

"အဟင်းဟင်း _ ကျွန်မ အဲဒီမွေးဆိုတဲ့ကောင်မကို အဲဒါကြီး မျက်နှာမှာစွပ်ပြီး ခြောက်လိုက်တာပေါ့ရှင်၊ ကျွန်မ သူနဲ့ခေါ်ပြောနေပေမဲ့ သူ့ကိုသတ်ပစ်ချင်လောက်အောင် မုန်းတယ်သိလား အဟင်းဟင်း"





အမှောင်ထဲ၌ မြဝေ၏လှပချောမောသည့်မျက်နှာသည် တစ္ဆေသရဲမကောင်းဆိုးဝါး ဝိညာဉ်တစ်ခုခုဝင်ရောက်ပူးကပ်နေသလို အရောင်တွေ တဖျတ်ဖျတ်လက်နေလေသည်။ သာဒွန်းသည် မထင်မှတ်သောစကားနှင့်မထင်မှတ်သောအရာကိုမြင်လိုက်ရပြီး သူ့မိန်းမမြဝေအား သူ့ကိုယ်တိုင် ပင်ပြန်လည်ကြောက်ရွံ့နေသလို ခံစားလိုက်ရလေသည်။

အမှောင်လှဲ့လှဲ့အောက်မှာ မြဝေ၏ရယ်သံက တဟင်းဟင်းအေးစက်လျှက် ...

"အဟင်းဟင်း ... သင်းသေမှအေးမယ် သင်းကို ငါအရမ်းမုန်းတယ် အဟင်းဟင်း ... "

သာဒွန်း၏စကားဆုံးသောအခါ မြဝေသည် မျက်နှာအားလက်ဝါးဖြင့်အုပ်ကာ ရှိုက်ကြီးတငင်ငိုကြွေးလိုက်ပြီး ...

"ဟုတ် _ ဟုတ်ပါတယ်ရှင်၊ မွေးမွေးသေဆုံးရတာ နလုံးသွေးလန့်ပြီးသေရတာဆိုပေမယ့် မွေးမွေးနဲ့ကျွန်မ တောထဲပန်းခူးထွက်ရင်း ကျွန်မက တင်ကြိုကြံစည်ပြီး ယူဆောင်ခဲ့တဲ့ သရဲတစ္ဆေမျက်နှာဖုံးကြီးစွပ်ပြီး ခြောက်လှန့်လို့ မွေးမွေးက တကယ့်သရဲခြောက်တယ်ထင်ပြီး သေရတာပါ ...

ဒါပေမဲ့ တကယ်တော့ ကျွန်မရဲ့ ပိရိတဲ့လုပ်ရပ်ကို ဘယ်သူတွေကမှ မရိပ်မိ မသိဘူးထင်နေခဲ့ပေမယ့် မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိတာအမှန်ပါပဲရှင် _ တောထဲဟင်းစားခူးထွက်လာတဲ့ ဟောဒီရသေ့မကြီးက မြင်တွေ့ခဲ့တယ်၊ ဒီအကြောင်းတွေကို ပြည့်စုံအောင်က ညနေကမှ ကျွန်မကိုပြောပြခဲ့တာပါ _ ဒီ _ ဒီရသေ့မကြီးက သူ့ရဲ့ပျောက်ဆုံးနေတဲ့ မိခင်ပါ ...

ဒီည သူကလည်း သချိုင်းထဲက ရသေ့မကြီးဆီအလာ ကျွန်မကလည်း အဲဒီအဖြစ်အပျက်တွေကိုတောင်းပန်ဖို့လိုက်အလာ ခုလိုမျိုး အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုကြီး အမှတ်မထင်ဖြစ်ပွားခဲ့ကြတာပါပဲရှင် ... အဟင့်ဟင့် ... ပြည့်စုံရယ် နင် ငါ့ကိုရောက်ရာဘဝကနေ ခွင့် _ ခွင့်လွှတ်ပါ အဟီး''

''ဒါထက် နေစမ်းပါဦးမြဝေ၊ နင်က မွှေးမွှေးကို ဘာအငြိုးတွေရှိလို့ ခုလိုမျိုးကြံစည်ရတာလဲ _ ပြီးတော့ နင်တို့နှစ်ယောက်က သိပ်ချစ်တဲ့သူငယ်ချင်းတွေလို့ တစ်ရွာလုံးကသိထားကြတာ''

ရွာသားအချို့က ယူကြုံးမရသံ ဒေါသသံများဖြင့်မေးသည်။

''ဒါ _ ဒါပေမဲ့ ကျွန်မရဲ့စိတ်ထဲမှာ ပြည့်စုံအောင်ရဲ့မေတ္တာကို ကျွန်မ မရခဲ့တာ မွှေးမွှေးကြောင့်လို့ ကျွန်မနာကြည်းခဲ့တာ၊ မွှေးမွှေးက ကျွန်မထက် အဆင်းရောအချင်းပါ သာတယ်လေ _ ''

''ကျွန်မတစ်ခါတည်း ဝန်ခံပါ့မယ် _ ကို ကိုသာဒွန်းကိုလည်း ကျွန်မ နာကြည်းမုန်းတီးတဲ့စိတ်နဲ့ သေအောင်တမင်ကြံစည်ပြီး လုပ်ကြံခဲ့တာပါ _ ဒါပေမဲ့ သူ သူမသေလို့ ဒီကိစ္စတွေပေါ်သွားရတာပါ''

''ကျွန်မရဲ့နှလုံးသားထဲမှာ တကယ်စွဲမြဲစွာချစ်နေခဲ့တာက ပြည့်စုံအောင်ပါ _ ပြည့်စုံအောင်နဲ့မွှေးမွှေးတို့ ချစ်သူတွေဖြစ်သွားပြီးနောက် တစ်ရက်မှာ ကိုသာဒွန်းက အိမ်လည်လာရင်း ကျွန်မကို အရက်မူးမူးနဲ့ အနိုင်ကျင့်စော်ကားခဲ့လို့ ကျွန်မ သူ့ကိုယူခဲ့ရတာပါ၊ လုံးဝမချစ်ပါဘူး၊ အခွင့်သာတဲ့တစ်နေ့ ကျွန်မအပေါ် ယုတ်မာခဲ့တဲ့ ကိုသာဒွန်းကို လက်တုံ့ပြန်ဖို့ အမြဲကြံစည်ခဲ့တယ်''

''ဒါနဲ့ သူမူးရူးပြီး တောထဲသွားမယ်ဆိုလို့ ကျွန်မက သူ့လွယ်အိတ်ထဲ မြွေဟောက်တစ်ကောင် နိုးထည့်ပြီး ဘယ်သူမှမရိပ်မိအောင် သတ်ခဲ့တာပါ _ ဒါ _ ဒါပေမဲ့''

ဤတွင် သာဒွန်းက ဝင်ပြောသည်။

''ကျုပ်ကို မြွေက တကယ်ပေါက်ခဲ့ပေမယ့် ကျုပ်လည်းသေကံမရောက်သက်မပျောက်ဘူးဆိုပါတော့ဗျာ _ ကျုပ်မျောသွားတုန်း သေပြီ





ဆိုပြီး သချိုင်းမှာမြှုပ်တဲ့ညနေမှာပဲ ကျုပ်ပြန်သတိရလာတယ်၊ ဒါပေမဲ့ အခေါင်းထဲက ထွက်လို့မရဘူး _ ကျုပ်အခေါင်းထဲကနေ လွတ်အောင်ကြိုးစားနေစဉ်မှာပဲ အခုသေဆုံးသွားတဲ့ ရသေ့မကြီးက ကျုပ်ရဲ့ညည်းသံကြောင့် မြေတွေဖယ်ပြီး အခေါင်းထဲကနေ ကျုပ်ကိုကယ်တင်ခဲ့တာပါ၊ သူက ကျုပ်ရဲ့ကျေးဇူးရှင်ပါ _ သူကပဲ အကျိုးအကြောင်းမေးရင်း မြဝေကိုလည်းသိနေတဲ့အတွက် ကျုပ်ကိုဝေးလံတဲ့ တခြားရွာမှာ ခြေရာဖျောက်သွားပုန်းရှောင်နိုင်းတာပါ _ ကျုပ်လည်းမသွားခင် ကျုပ်ကိုသေတဲ့တိုင်အောင်လုပ်ကြံတဲ့ မြဝေကိုဒေါသဖြစ်လို့ သတ်ချင်လို့လာတာ မြဝေကမြင်ပြီး ကျုပ်မကျွတ်မလွတ်ဘဲ တစ္ဆေသရဲဘဝရောက်နေပြီလို့ ထင်ခဲ့တာပါပဲ''

''ဒီညလည်း ကျုပ်ရဲ့ကျေးဇူးရှင် အသက်သခင် ဒီရသေ့မကြီးကို အရမ်းတွေ့ချင်လို့အလာ ခုလိုကြေကွဲစရာအဖြစ်ဆိုးတွေနဲ့ တွေ့ဆုံရတာပါပဲဗျာ _ တကယ်တော့ သူတို့သားအမိဘဝဟာ ကံဇာတာက မျက်နှာသာမပေး ရက်စက်လွန်းလှပါတယ်ဗျာ _ တစ်ယောက်နဲ့တစ်ယောက် ရှာတော့လည်းမတွေ့ တွေ့ကြတော့လည်း _ ''

သာဒွန်း၏အသံက တိုးတိမ်ဖျော့သွားလေသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

အပိုင်း(၃)

## မပိုးတာဝါး ဥပါဒါန်

တစ်ပင်တိုင်ရွာလေး၏ အနောက်ဘက်ရှိ သုသာန်ကုန်းကြီးသည် ညနေခင်း၏ ပုစွန်ဆီရောင်နေခြည်အကြွင်းအကျန်တို့ဖြင့် လက်ပနေလေသည်။ လူသူကင်းမဲ့လျက် တိတ်ဆိတ်ခြင်းများမင်းမူလျက် သစ်ပင်ကြီးများက အရိပ်မိုးအုပ်ဆိုင်းလျက်ရှိပေ၏။

သုသာန်တစပြင်ဟူသည့်အတိုင်း ကြီးမားသော ဝါးရုံပင်ကြီးများ ချုံနွယ်ပိတ်ပေါင်းများအကြား၌ မြေပုံမို့မို့များ အုတ်ဂူအပျက်အစီးများဖြင့် ကျက်သရေမင်္ဂလာကင်းမဲ့စွာရှိလေသည်။ ယင်းသုသာန်ကြီးအစပ်ရှိ ဇရပ်ပျက်ကြီးသည်လည်း အမိုးအကာများ ပေါက်ပြဲဖွာလန်လျက် တည်ရှိနေဆဲ။

သို့သော် ယင်းဇရပ်ပျက်ကြီးဖြင့် မနီးမဝေးချုံနွယ်ပိတ်ပေါင်းများကင်းဝေးရာ မြေရှင်းသန့်လေး၌ သစ်လွင်သည့်ဆေးရောင်လေးများဖြင့် တစပြင်ဖြင့်မလိုက်ဘက်စွာ အုတ်ဂူသုံးခုသည်တည်ရှိနေ၏။ စိတ်နေသည့် အုတ်ဂူသုံးလုံးအား လုပသည့် စည်းရိုးခြံဝင်းလေး ခတ်ထားလေသည်။





ထိုခြံဝင်းလေး၏အစပ်၌ အသက်ငါးဆယ်ရွယ်ခန့်ရှိ ရည်မွန်ခန့်ညားသောလူကြီးတစ်ယောက် ရပ်တန့်ငေးမောလျက်ရှိ၏။ မည်သည့်အချိန်ကာလထဲက ထိုလူကြီးသည် ယင်းနေရာသို့ရောက်ရှိနေမှန်း မည်သူမျှမသိရှိနိုင်ပေ။

သို့သော် ယင်းလူကြီးသည် တစ်ပင်တိုင်ရွာသားတစ်ဦးမဟုတ်မှန်း မြို့ပေါ်မှာနေထိုင်သည့် ဂုဏ်သရေရှိကြေးရတက် ကြွယ်ဝချမ်းသာပြည့်စုံသူတစ်ဦးမှန်း ဝတ်စားဆင်ယင်မှုဖြင့် အသွင်သဏ္ဌာန်ကိုကြည့်ရုံဖြင့် ရိပ်စားမိနိုင်သည်။

လူကြီး၏မျက်ဝန်းအစုံက မှုန်မှိုင်းဆွေးရိပ်သန်း၍နေလေသည်။ အမှန်တကယ်ဆို မျက်ရည်စလေးများပင် ရစ်ဝဲနေသည့်ပမာအလား။

အနီးကပ်ကြည့်ရှုပါမူ ဆွေးရိပ်ရိပ်သန်းနေသည့် မျက်ဝန်းအိမ်ထဲမှ နင့်ဆို့လှိုက်လှဲတုန်ခါနေသည့် စကားသံများကို သင်ကြားနိုင်ဖြစ်သည်။

''ဖွန်နဲ့သားလေးပြည့်စုံအောင်တို့ ကိုယ့်ကိုခွင့်လွှတ်ပါ။ ကိုယ်ရဲ့အမှောင်ဖုံးနေတဲ့ သံသယမြူတိမ်တွေကြောင့် ကိုယ်မြတ်နိုးရတဲ့ဇနီးနဲ့သားတို့ တစ်သက်တာလုံးစွန့်လွှတ်ခဲ့ရသလို ကိုယ်နဲ့ဇီဘဝမှာလည်း ပြန်မဆုံနိုင်တော့ပါဘူး _ ကိုယ် နိုင်ငံခြားကနေပြန်ရောက်လို့ ဒီအကြောင်းတွေသိရချင်း နေရာအနှံ့လိုက်လံရှာဖွေခဲ့ပေမယ့် မတွေ့ဆုံခဲ့ရတာ၊ ကိုယ်ရဲ့အပြစ်အတွက် လောကကြီးက ဆိုးဝါးတဲ့ဒဏ်ခတ်မှုပါပဲ''

''ကိုယ် မင်းတို့ကိုတစ်နေ့မှ မမေ့ခဲ့တာ ယုံ _ ယုံကြည်ကြစမ်းပါကွယ် ... ကိုယ် ... ကိုယ့်ကို ခွင့်လွှတ်နိုင်ကြပါစေ''

သုသာန်ကုန်းလေးတဝိုက် တိုးရှူအက်ကွဲသောကြေကွဲဖွယ်စကားသံတွေက လွင့်နေသည်။ လေပြေလေညင်းလေးများက နွေးမြစွာတိုက်ခတ်လာ၏။ နေရောင်သည် အရုဏ်ဦးတစ်ခု၏နွေးသစ်အား အစွမ်းကုန်ဖူးပွင့်လာစေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးသည် အတန်ကြာမှ သုသာန်ကုန်းပေါ်ကနေ ဆင်းသက်သွားလေတော့သည်။

ယင်းရည်မှန်ခန့်ညားသော လူကြီးသည် ရန်ကုန်မြို့ရှိ ဂုဏ်သရေရှိအသိုင်းအဝိုင်း၌ အချမ်းသာအကြွယ်ဝဆုံးဟု ထင်ရှားသူ သူဌေးကြီး ဦးနိုင်မင်းပင်ဖြစ်လေတော့သတည်း။ ဦးနိုင်မင်းသည် ဘဝတစ်သက် ပျောက်ဆုံးနေခဲ့သည့် ဇနီးဖြင့် သားအား အမှုအတန်းပေးဝေပြီး သုသာန်ကုန်းစပ်သို့အရောက် ...

"အု ... ဂူ ... ဂူ"

"ဟင် ... "

သံယောဇဉ်သမင်လည်ပြန်အကြည့်ဖြင့် သုသာန်ကုန်းကြီးပေါ်သို့ အမှတ်မထင် လှည့်ကြည့်မိလိုက်စဉ် ဇရပ်ပျက်ကြီးနဘေး၌ ရပ်နေသည့် အရိပ်သဏ္ဌာန်သုံးခု။ သူဌေးဦးနိုင်မင်း ဘာရယ်မဟုတ် ကြက်သီးတစ်ချက် ဖြန်းခနဲ ညင်သာစွာထသွား၏။

အရိပ်သဏ္ဌာန်လေးသုံးခုသည် ဝေဝေဝါးဝါး ...

သူ မြင်မိမြင်ရာမြင်ရသလား၊ ထင်ယောင်ဝိုးတဝါးအမြင်လေလား။

ပြီး။

ဂျူးကေ့ဓိ

ရှိုင်းအောင်စာစဉ်

www.burmeseclassic.com